www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၂၈၂၀၃၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၉၈၀၄၁၁

ထုတ်ဝေသူ ♦ ...ဆန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊ ချွန်း(၁)လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ ♦ ဦးကျင်ရင် (ရွှေခြင်္သေ့ပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်ခြင်း ♦ ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ။

အုပ်ရေ ♦ ၅၀၀ အုပ်

တန်ဖိုး ♦ ၁၀၀ ကျပ်

ဖြန့်ချိရေး ♦ ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
-095163764

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

ကိုကိုး
တည်ကြက် / ကိုကိုး။
- ရန်ကုန် ၊
ရဲအောင်စာပေ၊ ၂၀၁၁။
၁၇၀ စာ၊ ၁၃ × ၂၀.၇ စင်တီ။
(၁) တည်ကြက်


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

လေယာဉ်အင်ဂျင်သံနဲ့အတူ ဆိုးဆိုးဝါးဝါးထွက်လာတဲ့ အချက်ပေးသံကြားရလို့ သတိနဲ့ထိုင်နေတဲ့အဖွဲ့သားတွေ အိပ်ငိုက်နေရင်းက လန့်နိုးကုန်တယ်။

တကယ်လည်း အကုန်ငုတ်တုတ်ထိုင်နေကြတာရယ်၊ ဒါပေမဲ့ သိတယ်မလား။ ကြက်အိပ်ကြက်ကျိုး၊ အဲလေ… ကြက်နိုး။ ဒါကြောင့် အသင့်ထရပ်ကြတယ်။

BURMESE CLASSIC

ပေတိုးကတော့ ချော့သိပ်နေလားမှတ်ရတာ အိပ်ကောင်းတုန်းပဲ။ အောင်သင်းက ဆောင့်ဆောင့် ဆောင့်ဆောင့်နဲ့သွား မေးစေ့ကိုကိုင်ပြီး သေချာအောင်လို့ မျက်နှာကိုတည်တယ်။ အဲ… လိုသလောက်အနေအထားရမှ ပထွေး ပြုံးပြုံးပြီး…

'ဖောင်း…'

'အု…'

မယားပါသားလို သဘောထားပြီး ပါးဖြတ်ရိုက်လိုက်တာ ခွေးကျကျပြီး အူချာချာနဲ့ မော့ကြည့်တယ်။ ဒါပေမဲ့ မြင်နေရတာက ကြယ်သုံးလုံးရယ်၊ လခြမ်းကွေးကွေး ပိစိလေးနှစ်စင်းရယ် မြင်တယ်။ နောက်တော့မှ အောင်သင်းအခွက်မည်းမည်းကြီးကိုတွေ့တော့ ပထွေးမြင်တဲ့ မယားပါသားလို သွားဖြပြတယ်။

'အပေါ်း… ငိုး…'



www.burmeseclassic.com

www.burmeseclassic.com



'ငါ ဆောင့်ပါကန်လိုက်ရ မကောင်းရှိရောမယ်'

ပထွေးကြိမ်းကြိမ်းတုန်း ခုန်ချဖို့ အချက်ပြမီးလင်းလာတယ်။

ဒါနဲ့ အပေါက်နဲ့အနီးဆုံး လက်ဖ်တင်နင်ရော့ဝဲက ဦးဆောင်ပြီး ခုန်ချသွားတယ်။ နောက်ထပ် ခုနစ်ယောက်ကလည်း အမှားအယွင်းမရှိဘူး။ သူ့ဟာသူ ခုန်ချသွားတော့တာ။

ပြဿနာက ဒီကစပြီ။ ကြာဖြူက ဆောင့်ကြွားကြွားသွားပြီး အောက်ကိုငုံ့ကြည့်လိုက်တယ်။ ပြီးမှ...

'ဟာ...'

မှောင်မည်းပြီး ဘာမှမမြင်ရလို့ မျက်နှာကြီးမဲ့ကြောက်သွားတာ ပြောပါတယ်။ ခဏရပ်ပြီး ခုန်ရကောင်းမလား စဉ်းစားနေတာရယ်၊ အကြောင်းသိတဲ့ အောင်သင်းက နောက်ကနေ လှမ်းကန်ချလိုက်တော့မှ...

'ဟာ... အင်းဟာ...'

'အမငြီးဗျ'

အမေမပီအောင် တပြီး ကျသွားတယ်။ အဲ... နောက်ပြီးမှ တစ်ယောက်ပြီးတစ်ယောက် ကျသွားတယ်။ သူတို့ဘာသာ ခုန်ချတာတော့ ဟုတ်ဘူးရယ်။ အောင်သင်းက လိုက်ကန်ချနေတာလေ။ တစ်ဆက်တည်း ချီးမွမ်းနေသေးတာ။ ဘာတဲ့။

'ဂန်းနာမသားတွေ... သတ္တိကောင်းလိုက်တာများ တောက်တောက်လပဲ၊ ဟွန်း...'

ဒါနဲ့ နောက်ဆုံးက ပေတိုးကို စွေကြည့်လိုက်တော့ ဖောချွေးတွေပျံ မျက်လုံးအပြူးသားနဲ့။ ဒါတင်လားဆိုတော့ ဒူးနှစ်ဖက်ပါ ကလွှပ်ကလွှပ်နဲ့ ရိုက်နေသေးတာ သတ္တိကောင်းပုံများ။

အောင်သင်းက ရပ်တည်နဲ့ ခါးထောက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



'မင်းဘာသာဆင်းမလား၊ ငါ ကန်ချရမလား'

ပေတိုးလည်း တင်းသွားတယ်။ ဟုတ်တယ်လေ။ ယောက်ျား မာနတော့အထိမခံဘူးရယ်။ အပေါက်ကိုသွားကာ အောက်ကိုငုံ့ကြည့် တယ်။ တုန်တက်သွားတယ်။

တံတွေးကို အတင်းမျိုချပြီး နောက်လှည့်ကြည့်တော့ အောင်သင်းက ဘယ့်နှယ်လဲဆိုတဲ့ အကြည့်နဲ့ကြည့်တော့ ရှေ့ပြန် လှည့် ကျောပိုးအိတ်ပြင်တယ်။ ဦးထုပ်ပြင်ဆောင်းတယ်။ မခုန်ဘဲ နောက်ကိုလှည့်အော်တယ်။

'ဆရာ ထုံးစံအတိုင်း'

'ဟာ... ဆင်းဟ'

စကားတောင်မဆုံးသေးဘူး အောင်သင်း ကန်ချလိုက်တာ အသံတောင်မထွက်နိုင်ဘဲ လဲကျသွားတော့တာ။ ဒီတစ်ခါ အောင် သင်းအလှည့် နောက်ကို ဝေ့ကြည့်တယ်။ သူ့ကို ကန်ချမယ့်သူလည်း မရှိတော့။ ဘာပြောကောင်းမလဲ။ မျက်လုံးကိုစုံမှိတ်ကာ...

'ကျား... အား...'

အသံနက်ကြီးနဲ့ ခုန်ချသွားတော့တာ တစ်ဖွဲ့တည်းဆိုတော့ ဒီလောက်တော့ သတ္တိရှိမှာပေါ့နော။ အောင်သင်းတို့ သတ္တိကောင်း တာက အဲသလို။

* * *

အချိန်က ဂျပန်တွေ မြန်မာ့မြေပေါ်မှာ အရေးနိမ့်စပြုနေတဲ့ အချိန်။ ကမ္ဘာ့အရှေ့ပိုင်းမှာရှိတဲ့ ဂျပန်တွေ အခြေမလှတော့တဲ့အချိန်မှာ အခွင့်ကောင်းကိုစောင့်နေတဲ့ အင်္ဂလိပ်တွေဟာ မြန်မာနိုင်ငံထဲကို ပြန်စိမ့်ဝင်လာကြတော့တာ။



www.burmeseclassic.com

www.burmeseclassic.com



ကွန်မန်ဒိုလို တပ်စိတ်တပ်ခွဲလေးတွေကို အကြိမ်ကြိမ်လွှတ်ပြီး စမ်းသပ်သွေးတိုးစမ်းတဲ့သဘောနဲ့ ခဏခဏတိုက်တယ်။ ဖက်ဆစ်ဝါဒအရိုးစွဲ ဂျပန်ဆိုတာ ခေတ်မှတ်လို့။ ဘယ်လောက်တော်၊ စစ်ရေးဘယ်လောက်ကျွမ်းကျင်သလဲလို့။ သူတို့လက်ထဲရောက်လို့ကတော့ သေပြီမှတ်။

လွှတ်လိုက်တဲ့သူတွေလည်း အစအနပျောက်ကုန်တော့တာ။ ကြာတော့လည်း လက်လျှော့ရမလိုဖြစ်လာတယ်။ ဒါပေမဲ့ စိတ်ဓာတ်ကတော့ ကျဘူးရယ်။ ဒီတစ်ကြိမ်လည်းလွှတ်ပြီး စမ်းသပ်စတေးခံဖို့အတွက် လူဆယ့်ငါးယောက်ကို အိန္ဒိယအခြေစိုက်မြို့လေးတစ်မြို့မှာ တိတ်တဆိတ်လျှို့ဝှက်လေ့ကျင့်ပေးထားတယ်။ အင်္ဂလိပ်လူမျိုးတော့ မပါ။ အင်္ဂလိပ် အိန္ဒိယကပြား ဗိုလ်လေးရှော့ဝဲလ်၊ ကုလားစစ်သားခုနစ်ယောက်နဲ့ မြန်မာတိုင်းရင်းသား ခုနစ်ယောက်။

ရှော့ဝဲလ်။ သူက အင်္ဂလိပ်ကပြားဆိုပေမယ့် တကယ့်အင်္ဂလိပ်တစ်ယောက်လို မျက်လုံးပြာပြာ၊ အရပ်အမောင်း၊ ကိုယ်လုံးကိုယ်ထည် အချိုးကျတယ်။ လုပ်ရည်ကိုင်ရည်ကအစ ပြောစရာမရှိအောင် တော်တယ်။

သတ္တိကတော့ ပြောစရာမရှိအောင် ကောင်းတာရယ်၊ အခုလည်း ပြန်လမ်းမရှိတဲ့လမ်းကို ဦးဆောင်ရမှာ အဓိကအုပ်ချုပ်ရမှာက ကုလားစစ်သားတွေကိုပဲ။

နောက် အောင်သင်းက ဆားဗစ်ရင့်တယ်။ အသက်ကလေးဆယ်လောက်ရှိပြီ။ တိုက်ပွဲပေါင်းမြောက်မြားစွာကို ပြေးပြီးတော့တစ်မျိုး ပုန်းပြီးတော့တစ်သွယ် တိုက်လာတာ။ သူကတော့ ဘာအဆင့်ရယ် မည်မည်ရရရှိတာတော့ မဟုတ်။ ဒါပေမဲ့ နောက်ထပ်ရောက်လာတဲ့ လူခြောက်ယောက်ကို ဦးဆောင်ရမှာဆိုတော့ တပ်ကြပ်ကလေးရာထူး ပေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အံမာ… ပြောမယ့်သာ ပြောတာ။ အင်္ဂလိပ်စကား၊ ကုလားစကားကတော့ မှတ်နေတာရယ်။ ဒါကြောင့်မို့ လူရာဝင်တယ်။ နေရာတကာ ဦးစီးဦးဆောင်ပြုနိုင်တာရယ်။

ဒီခရီးကိုသွားသာ သွားတယ်။ ဘာရယ် ညာရယ် သိတာမဟုတ်ဘူး။ သိလို့ကတော့ လိုက်မယ်ထင်လား။ ကဲ… ထားတော့။ အခု လေ့ကျင့်မှုတွေပြီးလို့ ညဆို သွားရတော့မယ်။

ရွာဝဲဦးဆောင်ထားတဲ့ လူ ၁၅ ယောက်က ခန်းမထဲစီတန်းပြီး သတိအနေအထားနဲ့ ရပ်နေကြတယ်။ ဗိုလ်ကြီးစတင်း(စ်) က လက်နှစ်ဖက်နောက်ပစ်ပြီး ဟန်ပါပါ တစ်လှမ်းချင်းလမ်းသလားနေတာရယ်။ တစ်ခန်းလုံး တိတ်ဆိတ်နေပြီး လမ်းလျှောက်သံ တဒေါက်ဒေါက်ကြားနေရတော့တာ။

'ဒေါက်… ဒေါက်…'

'ကလွပ်… ကလွပ်…'

စတင်းစ်က ဗိုလ်ကြီးမက္ကင်ဇီရဲ့ လက်အောက်က အဲ… ဘယ်အဆင့်လဲဆိုတာတော့ သူ့ဘာသာသူပဲ သိတာရယ်။ ကဲ… ထားတော့။ လမ်းသလားနေတာ ကြာပေါ့။ အမြန်လျှောက်လိုက်၊ အနှေးလျှောက်လိုက်နဲ့။ ကြည့်နေတဲ့သူတွေပါ ဘယ်စောင်း ညာစောင်းနဲ့ မသောက်ရဘဲ တစ်လုံးစာလောက် မူးလာတာ။

'အဟမ်း…'

အခေါက်တစ်ရာကျော် လျှောက်ပြီးမှ ရပ်ပြီး ဟန်ပါပါ အဟမ်းလိုက်တယ်။ ပြီးမှ ရပ်တည်နဲ့…

'ခင်ဗျားတို့အားလုံး သိထားရမှာက ဒီကိစ္စက အရေးကြီးတယ်ဆိုတာကိုပဲ'

'သူပြောလိုက်ရင် မကြီးတာကို မရှိဘူး၊ ဟွန့်…' လို့ စိတ်ထဲကနေ ပြန်ခွပ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ရန်သူတွေရဲ့ အမိကနေရာတစ်ခုကို ရှောင်တခင်ဝင်စီးရမယ်၊ တွေ့သမျှ လက်နက်ခဲယမ်းတွေကိုပါ ဖျက်ဆီးပစ်ရမယ်'

ပြောပြီး တစ်ယောက်ချင်းစီ မျက်နှာကို လိုက်ကြည့်တယ်။ ပြီးတော့ ရှူ့မဲ့သွားပြီး ဒေါက်ဒက်ဒေါက်ဒက်နဲ့ စားပွဲဆီပြန်သွားကာ ရေတာကောင်းထဲကရေကို ဖန်ခွက်ထဲ ကလွပ်ကလွပ်နဲ့ထည့်ပြီး မော့သောက်တယ်။ ဒေါက်ဆိုချပြီး ပြန်လာတယ်။ စကားပြန်ဆက်တယ်။

'အခုဆို ဒီနေရာတွေ ပြေးစရာမြေမရှိတော့ဘူး၊ မြန်မာနယ်စပ် အဲ... နယ်စွန်နယ်ဖျားလေးမှာပဲ အခိုင်အမာတပ်စွဲထားတယ်၊ သူတို့ရဲ့ အမိကအသက်ကတော့ တိုက်လေယာဉ်တွေပဲ'

ပြောပြီး လမ်းပြန်သလားနေတာ၊ ပြီးမှ ရပ်ပြီး လျှို့ဝှက်ပြုံးပြုံးတယ်။ ပြီးမှ ဆက်ပြောတယ်။

'အဲဒီနေရာက တကယ့်အရေးကြီးတဲ့နေရာဆိုတော့ မလွယ်ဘူး၊ ဒါပေမဲ့ မင်းတို့ အရည်အချင်းနဲ့ဖြစ်မယ်ထင်လို့ လွှတ်တာ'

အပြောကတော့ တကယ်ကောင်း။ ဟိုလူတွေကလည်း မြှောက်ခိုင်းလို့ ခိုင်းမှန်း မသိအောင် မြောက်သွားကြတာ အဟုတ်။ အံမယ်... ရုပ်တည်ကြီးတွေနဲ့။

ဒီလိုမြှောက်ပေးပြီး အရင်လွှတ်လိုက်တဲ့သူတွေ တစ်ယောက်မှ ပြန်မလာတာသာသိရင် ထိုင်ငိုကြမှာရယ်။ ဘာမှတော့ စောဒကမတက်ကြဘူး။

မြေပုံကားချပ်ကြီး ထောင်ထားတဲ့ရှေ့ရပ်ပြီး တုတ်နဲ့ ဟန်ပါပါထောက်လို့မကြည့်ဘဲ...

'ဒီနေရာပဲ'

သေသေချာချာမကြည့်ဘဲ တရုတ်နဲ့ မြန်မာနယ်ကြားကို ထောက်ပြနေတာ။ တလွဲ။ ဒါနဲ့ ရှေ့ဝဲလ်က...

'ဟာ... ဗိုလ်ကြီး၊ မှားနေတယ်'

www.burmeseclassic.com

www.burmeseclassic.com



'သြော်… အေး… မမှားပါဘူးကွ၊ ခင်ဗျားတို့ အဲဒီနေရာက ပြန်လာရင် ဒီဘက်နယ်စပ်ကို ထပ်သွားခိုင်းမလို့ပါ၊ အဟီး…'

အကုန်ပြုံးဖြဲဖြဲဖြစ်ကုန်တယ်။ သူကတော့ မျက်နှာကြီးနီပြီး ရှက်သွားတယ်။ သိတယ်မလား။ လူကြီးဆိုတာ တအားလည်တာ။ ဖြောင်ငြင်းပြီးတော့ ရုပ်တည်နဲ့…

'ဒီကိစ္စသာ အောင်မြင်ရင် ငါတို့ ကျိန်းသေနိုင်ပြီ၊ ဒါဆို ဘုရင်မကြီးရဲ့ အင်ပါယာကြီးဟာ ကျယ်ပြန့်လာမှာ အမှန်ပဲ၊ ဒါဆိုရင် ခင်ဗျားတို့ရဲ့နောင်ရေးက အရမ်းကောင်းပြီ'

'ဟွန့်… အခုကတည်းက နောက်တစ်နေရာသွားခိုင်းချင်နေတာများ ကောင်းဦးမှာ၊ နောင်ရေး'

ကြာဖြူက စိတ်ထဲကနေ ပြောနေတာရယ်။ စတင်း(စ်)က ဆက်ပြောတယ်။

'အောင်မြင်ရမယ်လို့ ယုံကြည်တယ်'

ပြောလည်းပြော၊ တစ်ယောက်ချင်းမျက်နှာကို စေ့စေ့ကြည့်ပြီး ဘာဖြစ်တယ်ရယ် မသိဘူး။ ရေသွားသောက်ပြန်တယ်။ တစ်ခါပြန်လာ သက်မကြီးကို…

'ဟင်း…'

ချပြီး ပခုံးတွန့်ကာ ရုပ်တည်နဲ့…

'အဓိကပြောချင်တာကတော့ မအောင်မြင်ရင် တစ်ယောက်မှ ပြန်မလာကြနဲ့၊ ဒါပဲ'

ဒါပဲဆို အခန်းထဲကနေ ကားကား ကားကားနဲ့ ထွက်သွားတယ်။ နည်းနည်းဝေးတဲ့နေရာရောက်မှ တုံ့ခနဲရပ်၊ ဘာကျန်ခဲ့တယ်ရယ်တော့ မသိ။ တစ်ခါပြန်လှည့်လာတယ်။ ရုပ်တည်နဲ့…

'အောင်မြင်ရမယ်လို့ ယုံကြည်တယ်'

လို့ပြောပြီး ထောင်ထောင် ထောင်ထောင်နဲ့ ပြန်သွားပြန်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အဲ… စောစောကထက် နည်းနည်းဝေးတဲ့နေရာရောက်မှ တစ်ခါ ပြန်လှည့်လာပြန်တယ်။

'ဟင်…'

'ဟင်… ဘာလဲဟ'

ကြည့်နေတဲ့လူတွေလည်း မျက်စိကို နောက်နေတော့တာ။ ရှယ်တည်နဲ့ပြန်လှည့်လာတာ တစ်ခုခုကိုပြောတော့မလို ပြောဟန်ပြင်တယ်။ အဲ… ဘာမှမပြောတော့ဘဲ ဒေါက်ဒက်ဒေါက်ဒက်နဲ့ ပြန်သွားတော့တာ ဒီတစ်ခါတော့ တကယ်ပြန်မလာတော့။

ကြာဖြူတို့တစ်တွေလည်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး အူရှားရှားနဲ့ ကျန်ခဲ့ပါရောလား။

* * *

ကြာဖြူက နိုးလာပြီး မထချင်သေးတာနဲ့ မျက်လုံးမှိတ်ကာ ကျန်ခဲ့တဲ့အကြောင်းတွေကို တွေးနေမိတာ။ အသံလိုလိုကြားလို့ ဖျတ်ခနဲ မျက်လုံးဖွင့်ပြီး မော့ကြည့်လိုက်တာနဲ့…

'ဟင့်… အား… ဟား…'

မျက်နှာမည်းမည်းကြီး လေး၊ ငါးခုကို တွေ့တာနဲ့ ထအော်လိုက်တော့တာ သတ္တိကောင်းတာလေ။

ဝိုင်းကြည့်နေတဲ့ မျက်နှာမည်းကြီးတွေလည်း…

'အား…'

ခို တညီတညွတ်တည်းအော်ပြီး ပြေးလိုက်တာများ မှုန်လို့။ အဲ… အတော်ဝေးဝေးရောက်မှ ပြန်လှည့်လာကြပြီး အသံပြဲကြီးနဲ့ အသားကုန်အော်နေတဲ့ ကြာဖြူကို…

'ဖုန်း…'



www.burmeseclassic.com

www.burmeseclassic.com



'ခွပ်…'

ဝိုင်းသမလိုက်တာ အသံတောင်မထွက်နိုင်ဘဲ ငြိမ်သွားတော့တာ မျက်နှာမည်းတစ်ယောက်က…

'ခွေးမသား… အချင်းချင်းတောင် လန့်အော်ရသလား၊ ကျိုးကန်းမြေးရဲ့'

အလကားနေရင်း ကျိုးကန်းကို အဘိုးတော်ရပြီး ခွေးကို အမေခေါ်ရတော့တာ အသံကြားမှ အောင်သင်းမှန်းသိတော့ ပထွေးမြင်ရတဲ့ မယားပါသားလို သွားဖြဲ မချိပြုံးပြုံးပြီး…

'အဟဲ… အခွက်ကြီးတွေကို ဆေးမည်းကြီးတွေသုတ်ထားတော့တာကိုး၊ ရုတ်တရက်ဆိုတော့ ဘယ်မှတ်မိမလဲနော့၊ အဟဲ…'

အခြားမျက်နှာမည်းပေတိုးက မျက်စောင်းထိုးပြီး ယောက်ျားကြီးတန်မဲ့ ကက်ကက်လန် ရန်ပြန်တွေ့လိုက်တာမှ…

'သူများတွေကို မပြောနဲ့၊ ကိုယ့်မျက်နှာကို ပြန်မြင်မှ တက်သေသွားမယ်၊ ရုပ်ကိုက မယ်ကဝဏ် ဖဲ့ရှုံးပြီး စားစရာမရှိ သံပရာသီးအလုံးလိုက်စားနေတုန်း ကြွေးလိုက်တောင်းလို့ ထွက်ပြေးရင်း မြွေဖြတ်အကိုက်ခံရပြီး မြွေဆိပ်တက်နေတဲ့ရုပ်နဲ့'

'အန်…'

သူပြောမှ ကိုယ့်ကိုယ်ကိုယ်တောင် ပြန်သနားသွားတယ်။ အကျော်ကလည်း အမြင်ကတ်ကတ်နဲ့ ထပ်ပင့်လိုက်တယ်။

'ငါတို့က သေပြီမှတ်လို့ ဝိုင်းကြည့်နေတာ၊ တကတည်း အမှတ်ကိုမရှိဘူး၊ စိတ်ချလက်ချ ပထွေးအိမ်အမှတ်နဲ့ အိပ်နေတာ ထင်ရတယ်၊ ဒီလိုမှန်းသိရင် မရှာဘဲထားခဲ့ပါတယ် ဝက်မသားရယ်'

ဟော… ကြည့်။ သူပြောကာမှ ဝက်ကို အမေခေါ်ရပြန်ပါတော့။ ဒါနဲ့ ဘေးဘီကိုဝေ့ကြည့်လိုက်တော့ သူတို့ ကိုယ့်လူ



www.burmeseclassic.com

www.burmeseclassic.com



ခုနစ်ယောက်ပဲ တွေ့ရတယ်။ ကုလားရှစ်ယောက် ပျောက်နေတယ်။

'ဟင်… ဟိုကုလားနှစ်ကောင်ရော'

'ဟွန်း… အဲဒါပြောတာပေါ့'

အောင်သင်းက မဲ့ရွဲ့ကာ ဇွေကြည့်ပြီး စကားကိုဖြတ်ထား တယ်။ ဟုတ်တယ်လေ။ သင်းမကောင်းလို့။

'မင်း မဆင်းချင်သလို ဆင်းချင်သလို ကြာသွားလို့ ငါတို့ နေရာလွဲပြီး အဖွဲ့ကွဲကုန်ပြီလေ'

'ဟာ… ဒါဆို ဘယ်လိုလုပ်မလဲ'

'ဟွန်း… အခုမှ'

ကျန်တဲ့လူတွေက အကုန်ဝိုင်းဆဲကြတော့တာ။ ဒါနဲ့ မျက်နှာ လေးတ ဆီးရွက်လောက်ရှိတော့တာ။ အခုရောက်နေတာက တောင်တန်းတွေနဲ့ထူထပ်တဲ့ တောအုပ်တွေထဲမှာ။ ဒီတော့ တစ်ချက် မှားတာနဲ့ အဖတ်ဆယ်လို့မရတော့ဘူးရယ်။

အောင်သင်းက ချောက်ကြီးခြားထားတဲ့ တစ်ဖက်တောင် ကြောကို လက်ညှိုးထိုးပြပြီး…

'ငါ့အထင်ပြောရရင် သူတို့ ဟိုဘက်ကြောပေါ်မှာ ထင် တယ်၊ ကဲ… အချိန်ရှိတုန်း အမီလိုက်ရအောင် သွားကြည့်ကြမယ်၊ မမီတော့လည်း ခြေစလက်စကောက်ပြီး လိုက်ကြတာပေါ့'

ဝေမိုးက အထွန့်တက်လိုက်သေးတာ ရုပ်တည်နဲ့…

'ကိုကြီးအောင်သင်း… မတွေ့ရင် ဘယ်လိုလုပ်မလဲ'

'အင်း… ဟာ…'

'ဖျောင်ဟောင်'

'ငါက မင်းတို့ထက် ဆားဗစ်ရင့်တယ်၊ ငါပြောသလိုလုပ်၊ ဟွန့်…'

နွားအုပ်မထဲ နွားကုပ်ဗိုလ်လုပ်တာလေ။ ဘာမှမသိတဲ့လူ



www.burmeseclassic.com

www.burmeseclassic.com



တွေကို မတတ်တဲ့သူက ဆရာလုပ်တာရယ်။ ဒါနဲ့ ဘာမှမပြောတော့ဘဲ လှျိုထဲဆင်းသွားကြတော့တာ ဝေမိုးလည်း ဇက်ပိုးပွတ်ပြီး လိုက်သွားတယ်။

အောင်သင်းတို့က အဲဒီလို လက်ကာယဉ်ပြီးသား။ သွက်ပြီးသား။ အဲ… အနားမှာလည်း ဘယ်သူမှမရှိတော့မှ ပခန်းကိုကြီးကျော်ပြုံးတောင် ပီအောင်မပြုံးနိုင်တော့ဘူးရယ်။ အတင်းပြေးလိုက်သွားတော့တာ။ အဲဒီလို ခြေထောက်ကလည်း သွက်ပြီးသား။ ပြေးဆင်းသွားတာများ မှုန်လို့ရယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

မနက်ခင်းဟာ ကျေးငှက်ကလေးတွေရဲ့ တကျီကျီတချာတချာ အသံလေးတွေနဲ့ ပန်းရနေတာ ဒီထက် ပန်းရနေတာကတော့ အဲ… ရှေ့မှာ လက်ဖက်သုပ်ပန်းကန်၊ ရေနွေးကြမ်းအိုးနဲ့ ကွပ်ပျစ်ပေါ် အတည့်အနေထိုင်နေတဲ့သူကြီးလေ။

တစ်ယောက်တည်း ဘာတွေများတွေးပြီး သဘောခွေ့နေတယ် မသိဘူးရယ်။ နှုတ်ခမ်းမွေးကားကားကြီးနှစ်ဖက် ဝိုင်းနေအောင် ပြုံးနေတော့တာ ပီတိစိတ်နဲ့ အဖန်ရည်ကောက်မော့လိုက်တဲ့အချိန်မှာမှ တိုက်တိုက်ဆိုင်ဆိုင်…

'အု… ဟု….ဟု… ဖွီး…'

'အမင့်း…'

'အဟဲ… ဟဲ…'

ခြံထဲကို စပ်ဖြဲဖြဲဝင်လာတဲ့ လူတစ်ယောက်ကို တွေ့လိုက်လို့ ရေနွေးပါသီးပြီး နင်သွားတော့တာ။ သီးမယ်ဆိုလည်း သီးချင်စရာ။ ဘာလို့လဲ။ အကြောင်းက ဒီလို။ အခုဝင်လာတာက ကောင်းပြန်အောင်သောင်းလေ။ ဒီရွာနဲ့ သူနဲ့က မကင်းဘူးရယ်။ ကောင်းဆိုဂျပန်တွေအတွက် ရိက္ခာရှာရတာကိုး။

အောင်သောင်းက စပ်ဖြဲဖြဲနဲ့ သူကြီးရှေ့ကွပ်ပျစ်ပေါ် ဝင်

www.burmeseclassic.com

www.burmeseclassic.com



ထိုင်တယ်။ သူကြီးက စွေကြည့်တယ်။ ဟုတ်တယ်လေ။ ဒီကောင်က ငယ်နိုင်။ ငယ်ငယ်ကတည်းက ထိပ်တုံးနဲ့ ခဏခဏညာနေတာ။

အဲ… ဒါပေမဲ့ အခုတော့ သူကြီးက အောက်ပြန်ရောက်သွားပြီ။ သူက စကားပြန်ပေကိုး။

'မာစတာကြီးတွေက ရိက္ခာတောင်းခိုင်းလိုက်တယ်၊ သူကြီးတစ်ပတ်အတွင်း ဖြစ်အောင်လုပ်'

'ဘာ…'

ကြည့်… လေသံကိုက ဂျပန်ထက်ဆိုးနေတာ သူကြီးကဆင်းသွားပြီး ထအော်လိုက်တယ်။ ဟုတ်တယ်လေ။ အရင်တစ်ခါပေးထားတာ မကြာတတ်သေး။

'တစ်ပတ်အတွင်း ဟုတ်လား၊ ဟင်း… ငါထတီးလိုက်ရမကောင်းရှိရှေ့မယ်၊ အရင်ပေးထားတာတောင် မကြာသေးဘူး၊ ငါ့ကို မင်းပထွေးများ မှတ်နေသလားကွ၊ ဟင်…'

ပြောလည်းပြော၊ တင်းပြီး လက်သီးပါ ဆုပ်ထားတယ်။ စောစောက ပျော်တာလေးတောင် ဘယ်ရောက်သွားတာရယ် မသိတော့။

ဒါကိုတောင် အောင်သောင်းက ဒေဝဒတ်ကို ခွင့်လွှတ်တဲ့ ဗာရ်နတ်အကြည့်နဲ့ ကြည့်ပြီး…

'ဒါကတော့ သူကြီးအပိုင်းပဲ၊ ဟိုဘက်နစ်ရွာကိုလည်း ရောက်ပြီးပြီ၊ ကျုပ်က မာစတာကြီးတွေ ခိုင်းသလို လုပ်ရတာ၊ အဟွင်း…'

'အဲဒါကြောင့် ပြောတာ၊ ဒီရွာမှာ မွေး၊ ဒီရွာမှာကြီးလာတာ၊ ပြီးတော့ ဒီခွေးစကားကိုလည်း မင်းပဲ တတ်တာလေ၊ ရွာ့အခြေအနေကို သိနေတာပဲ၊ မရှိတာ မရှိဘူးပြောလိုက် ပြီးပြီ'

အစက ဒီရွာလေးဟာ အေးချမ်းနေခဲ့တယ်။ ရွာတောင်ဘက်



www.burmeseclassic.com

www.burmeseclassic.com



မှာ ချောင်းရှိတယ်။ ကျန်တဲ့သုံးဘက်မှာ ဟောင်တန်းတွေဝိုင်းထား တာ ရှိတယ်။

မလှမ်းမကမ်းမှာလည်း ရွာနှစ်ရွာရှိသေးတယ်။ သူကြီးက တွေးနေတာရယ်။ သူ့အဘိုးသူကြီး၊ သူ့အဖေသူကြီး။ သူတို့ သူကြီး မျိုးရိုးကြီးမှာ သူ့အလှည့်ကျမှ ဆိုးရွားလာခဲ့တယ်။ အိမ်အောက်ထရံမှာ ချိတ်ထားတဲ့ နှစ်လုံးပြူးကို ငွေကြည့်မိတယ်။ ဟုတ်တယ်လေ။ သူကြီး အဆက်ဆက်ရွေ့စလွယ်ရလာတာ။ အခု သူ့အလှည့်ရောက်မှ…

'တောက်…'

'ဟင်း… ငါနော်'

သူကြီးရဲ့ ကြိတ်မနိုင် ဘာမနိုင် အသံကြားတော့ အောင် သောင်း နည်းနည်းတော့တွန့်သွားတယ်။ ငယ်ကြောက်လေ။ အရင် စိတ်နဲ့ဆို အခုလို စကားပြောရဲဖို့နေနေသာသာ အရိပ်တွေ့တာနဲ့ မှုန်နေအောင်ပြေးတာ။

အဲ… အခုတော့ ကြောက်ပေမယ့် ဟန်ဆောင်ပန်ဆောင် ပြုံးတယ်။ အဲဒီလို ဖိန့်ကောင်းတာ။ ဒါကြောင့်မို့လည်း စကားပြန် ဖြစ်နေတာ။ ပါတိတ်ပေးတဲ့ကျောင်းသားကို ခွင့်လွှတ်တဲ့ ဆရာမ အကြည့်နဲ့ ကြည့်ပြီး…

'ဒါကြောင့်မလို့ ပြောရတာပေါ့ သူကြီးရဲ့'

ပြောလည်းပြော… ရုပ်တည်နဲ့ လက်ဖက်ခွက်ထဲက လက်ဖက်တွေကို ဇွန်းနဲ့ လေး၊ ငါးဇွန်းလောက် အပြည့်ခပ်ပြီး…

'အင်းဟာ… အင်းဟာ'

'ပလပ်… ပလပ်'

ပါးစပ်ထဲ အတင်းပစ်ထည့် ပလပ်ပလပ်နဲ့ဝါးပြီး မျက်လုံး လေးမှေးလို့ သူကြီးထည့်ထားတဲ့ အဖန်ရည်ကို ကောက်သောက် လိုက်ပြီး ပြောသေးတာ။



www.burmeseclassic.com

www.burmeseclassic.com



'အား… အီစိမ့်သွားတာပဲ၊ အဟဲ…'

'ဟွန်း…'

သူကြီးက လက်ဖက်ခွက်စွေကြည့်ပြီး နှမြောနေတော့တာ။ ဟုတ်တယ်လေ။ သိပ်တောင် မကျန်တော့ဘူးရယ်။ အောင်သောင်းက ဗိုလ်အောင်ဒင်စတိုင်လ်နဲ့ ရယ်ကာ…

'ဟင်း… ဟင်း… မမြလေး၊ အဲလေ… ယောင်လို့၊ မပေးနိုင်ဘူးလို့ ပြောလိုက်တာနဲ့ အဟွင်း… ဟွင်း… ဒီနေ့ပြော နောက်နေ့ ရွာဘဝကနေ ပြာဘဝရောက်သွားမယ်၊ ဘာမှတ်လဲ'

'ဟိုက်… ကရော'

သူကြီးလည်း ပြူးသွားတယ်။ မျက်လုံးပြောပါတယ်။ အတော်လန့်သွားတာ။ ဒါကိုကြည့်ပြီး အောင်သောင်းက ဆက်နှိပ်ကွပ်တယ်။

'အေးလေ… သူကြီးက ဘယ်သိပ့်ါမလဲ၊ မသိဆို ခေါင်းမှမရှိတာ'

'ဘာကွ'

သူကြီးလည်း စွေ့စွေ့တင်းပြီး နှုတ်ခမ်းမွေးကြီးပါထောင်လာတော့တာ။ ဒါကိုပဲ အောင်သောင်းက ကြာကူလီပြုံးမဆင်တဆင်ပြုံးကာ…

'အဟွင်း… ဟွင်း…'

'ဟွန်း…'

ဗိုလ်အောင်ဒင်စတိုင်လ်နဲ့ ရယ်ကာ လက်ဖက်ပန်းကန်ဆီလက်လှမ်းတော့ မြွေမြွေချင်း ခြေမြင်တဲ့ သူကြီးက သူ့ထက်အရင်ဆွဲယူလိုက်ပြီး ပန်းကန်ကို ပါးစပ်နဲ့တေ့စောင်းပြီး ဇွန်းနဲ့ အကုန်အတင်း ခြစ်ချတော့တာ။

ဒါတောင် လင်ငယ်ချောင်း လှမ်းချောင်းသေးတာ။ ပန်းကန်



www.burmeseclassic.com

www.burmeseclassic.com



ပြောင်သွားတော့မှ နှစ်ဂိုးတစ်ဂိုးနဲ့ကပ်ရှုံးတဲ့ နည်းပြလို ထိုင်ကျသွားပြီး…

'မာစတာကြီးတွေက သူတို့အတွက် အသုံးမဝင်တော့ရင် ဘာမဆို မီးရှို့တော့တာ၊ ဒါတွေက ကျုပ်ကိုယ်တွေ့ပဲလေ'

ဟဲ… ဘာပြောကောင်းမလဲ။ သူကြီးပဲ။

'ဟင်… အု… ဟု… အု…'

ပလုပ်ပလောင်းနဲ့ ဆက်မဝါးနိုင်တော့ဘဲ တအုအုနဲ့ နင်နေသို့ ရေနွေးနဲ့ အတင်းမျိုချရတော့တာ။ ကဲ… ကောင်းရော။ ပေးပြန်ရင်လည်း ထပ်ဆောင်းတယ်။ မပေးပြန်ရင်လည်း…

* * *

အခုရောက်နေတဲ့ တောအုပ်က အတော်ထူတာရယ်၊ မှောင်ကလည်း မှောင်ကာနီးဆိုတော့ နေရောင်တောင် သိပ်မမြင်ရတော့။ တစ်နေသာ ကုန်တယ်။ ရှေ့ဝဲလ်တို့ရဲ့ အရိပ်အယောင်တောင် မမြင်ရဘူးရယ်။ အောင်သင်းပဲ အတွက်မှားသလား သူတို့ပဲ မစောင့်နိုင်လို့ပဲ ဆက်သွားသလား။

ဒါမှမဟုတ် တစ်ဖွဲ့နဲ့ တစ်ဖွဲ့ ပတ်ရှာနေတာလားတော့ မသိဘူးရယ်။ ရှေ့ဆုံးကသွားနေတဲ့ ပေတိုးက ခြေလှမ်းကို ရုတ်တရက်ကြီးရပ်လိုက်ကာ လက်တစ်ဖက် နောက်ကိုမြှောက်ပြီး အချက်ပြတော့ အကုန်ခေါင်းနပန်းကြီးပြီး အလျှိုလျှိုဝပ်နေကြတယ်။ ဒါပေမဲ့ အချက်မပြခင်ကတည်းက ပုန်းပြီးသား။ လျင်တာပြောပါတယ်။

ပေတိုးက သစ်ပင်ကိုမှီပြီး ဝပ်တယ်။ ပြီးမှ ရှေ့ကို အသာ ခေါင်းထောင်ကြည့်ပြီး နောက်ပြန်လှည့်လာတယ်။ ဘာကိုတွေ့သလဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ အားလုံးစိတ်ဝင်စားနေကြတယ်။ သူက တိတ်ဆိတ်နေဖို့ အချက်ပြပြီး ဦးထုပ်ကိုငိုက်၊ သစ်ပင်ကိုမှီ၊ သေနတ်ကြီးဖက်ပြီး ငြိမ်နေတော့တာ။

တော်တော်ကြာကြာပဲ ငြိမ်ကုပ်နေကြတာ။ နားရွက်တောင် မခတ်ကြ။ တစ်နေကုန် ပတ်သွားနေရတာလည်း ခြေထောက်တောင် မမချင်။ အခုမှ အနားရသလို...

'ဘာလဲဟ'

'ဘာပါလိမ့်'

သို့လော သို့လောနဲ့ ငြိမ်ကုပ်နေကြတာ။ မိုးပါ တဖြည်းဖြည်းချုပ်လာတော့တယ်။ ဒါနဲ့ ကြာဖြူက စိတ်မရှည်တော့ဘူး။ ပေတိုးနဲ့ ရှေ့ဆင့်နောက်ဆင့်ဆိုတော့ သိပ်မဝေးဘူးလေ။ မိကျောင်းတွားသွားတယ်။ အနားရောက်တော့...

'ခွီး... ဟီး...'

'ဟော...'

အသံတစ်သံကြားတာနဲ့ နောက်ကို အချက်ပြတော့ ဟိုး နောက်ဆုံးက အောင်သင်းက ကိုယ်တိုင်မသွားချင်။ တစ်ယောက်ကို လွှတ်ချင်တာ။ ဒါနဲ့ ဆီးရွက်လောက်ရှိတဲ့ မျက်နှာလေးနဲ့ ရှေ့နားက ဝေမိုးကို အားကိုးတကြီးကြည့်လိုက်တော့...

'ဟွန့်...'

ဆို မဲ့ရွဲ့ပြီး မမြင်ဟန်ဆောင်နေတာ၊ အံမယ်... ဟိုဘက် ပါ လှည့်သွားသေးတာ။ ဒါလည်း အမှတ်ကမရှိဘူးလေ။ မင်းမောင်ကို လင်သေပြီးစ မုဆိုးမလေးလို မျက်စိလေးလှန် အားကိုးတကြီး ကြည့်ပြီး...

'အဟီး... ဟီး... အစ်...'

ရယ်တာလား၊ ငိုတာလားမသိအောင် သွားဖြဲပြတယ်။



www.burmeseclassic.com

www.burmeseclassic.com



မင်းမောင်ကလည်း လူကောင်သာကြီးတာ သတ္တိကတော့ ရှိဘူး ရှင်း။ ယောက္ခမရဲ့ အရက်ဆိုင်မှာဆုံတဲ့ သမက်လို လှည့်သွားတာ များ ရှားခဲ့။

'ဟင်း… တောက်… နေဦးပေါ့'

တင်းသွားတော့တာ ဟုတ်တယ်လေ။ နေရာတကာ ဆရာ သည်း လုပ်၊ လက်ကလည်းပါဆိုတော့ အမြင်ကတ်နေကြတာရယ်။ နောက်ဆုံး ဖြစ်ချင်ရာဖြစ်သဘောထားပြီး လေးဖက်ထောက်သွား တယ်။ မိကျောင်းတွားသွားရင် တံတောင်ပွန်းမှာစိုးလို့ လေးဖက် ထောက်သွားတာ ဘာမှမထူးဘူး။ ဒူးပွန်းပြီးသကာလ အတော်လည်း လှမ်းတော့ ဝပ်ပြီးတစ်မျိုး ကုန်းပြီးတော့တစ်ခါ လှိမ့်ပြီးတော့တစ်ဖုံ အမျိုးမျိုးလုပ်ပြီး သွားနေတာ။ ကြည့်နေတဲ့သူတွေပါ မျက်စိနောက် လာတော့တာ။

နောက်ဆုံးတော့ ကြာဖြူနားရောက်သွားတယ်။ ဒါနဲ့ အသံ တုန်လေးနဲ့…

'ဘာလဲဟ… ဘာတွေ့လို့လဲ'

'အသံတစ်သံကြားတယ်'

ကြာဖြူက ပြောတယ်။ နှစ်ယောက်သား တိုးတိုး တိုးတို နဲ့ပြောနေတော့ ကြည့်နေတဲ့လူတွေလည်း ခေါင်းနပန်းလည်းကြီး၊ ပြေးဖို့လည်း ပြင်နေကြပြီ။

အောင်သင်းကို ကြည့်ရတာ တကယ်ပဲ အရေးကြီးနေသလို ဒီစဉ်မှာပဲ အောင်းသင်းရဲ့ အသံစူးစူးရှားရှား ဆောင့်ဆောင့်အောင့် အောင့်ကြီး ပေါ်လာလေရဲ့။

'ဘာ…'

* * *



www.burmeseclassic.com

www.burmeseclassic.com



'ဘာ…'

'အမယ်လေး… ဖြည်းဖြည်းပြောပါ၊ တကတည်းတော်… လန့်လိုက်တာ၊ ကလူလူ'

ကြယ်ရောင်မှိတ်တစ်ဝက်နဲ့ ညထဲမှာ နောက်ဖေးကောက်ရိုးပုံဘေး မိန္နင်းအေးနဲ့ ယောင်စိန်ကွန်းတို့ဆီက ထွက်လာတဲ့အသံတွေ…

ဒါကို သူကြီးအိမ်အောက်က အင်းခွေးကြီး နက်ကျော်က ခေါင်းထောင်ကြည့်တယ်။ နက်ကျော်ရဲ့မျိုးရိုးက မခေပါ။ တော်ရုံလူလောက်တော့ ဖျားသွားတယ်။ အဟုတ်။ တခြားမတွေးကြပါနဲ့။ ပျင်းတာကို ပြောတာရယ်။ အကောင်ကြီးသလောက် အပျင်းကြီးတာ။ ဘယ်လောက်ထိပျင်းသလဲဆို တခြားခွေးတွေများ ကြွက်လိုက်တဲ့နေရာ တော်ပ။ အဲ… သူက မတော်ဘူးမဟုတ်ဘူး။ စိတ်ပါရင် လူမပါဘဲ သူ့ကိုပဲလွှတ်လိုက် အနည်းဆုံး နှစ်ကောင်လောက်တော့ ချီလာပြီးသား။

ပျင်းတဲ့အခါဆိုရင်တော့ သူ့နှုတ်သီးပေါ် ကြွက်ကတက်ပြီး နှုတ်ခမ်းမှာပေနေတဲ့ ထမင်းစေ့တို့ အရိုးကပ်နေတာလေးတွေ လာထပ်ပြီးစားရင်တောင် ကိုက်ဘူးရယ်။ အဲသလောက်ပျင်းတာ။ ကဲ… အားတော့။

အခုပဲကြည့်။ အသံကြားပြီး မည်းမည်း မည်းမည်းနဲ့မြင်တာတောင် ဟောင်ရကောင်းမလား နားရွက်ထောင်ပြီး စဉ်းစားနေတာရယ်။

ထပ်ဟောင်တော့မလို ဆက်ပဲအိပ်ရတော့မလို ဗျာများနေပြီးနောက် သခင်မအသံကို မှတ်မိလည်းသွားရော ဘာပြောကောင်းတော့။ ဖျတ်ခနဲပစ်လှဲပြီး အိပ်လိုက်တာများ ကွေးလို့။ အားကျစရာကောင်းပါတယ်။ အဲ… ကောက်ရိုးပုံနားမလည်း ပွဲကကောင်းနေပြီ။ ငဘုတ်လေး လက်နဲ့ဖိ မျက်လုံးလေးလည်တယ်တယ်နဲ့။



www.burmeseclassic.com

www.burmeseclassic.com



'တိုးတိုးပြောပါတော်… အဘကြားမှ နှစ်လုံးပြူးစာမိနေမယ်'

မရဘူးရယ်။ ကြိတ်မနိုင် ခဲမရအသံနဲ့ အံကြိတ်ကာ…

'ရာရာစစ အောင်သောင်းက နင့်ကို လူပျိုစကားပြောတယ်ဟုတ်လား'

လို့ ဟောက်လိုက်တော့ မိနှင်းအေးက ကျုံ့ဝင်သွားတယ်။ ပြီးမှ ကနွဲ့ကလျလေသံနဲ့ ငကွန်းကို တွယ်တော့တာ။

'ဟုတ်တယ်၊ တော်ကြီးလို ဆေးဆရာယောင်ယောင် သူဌေးယောင်ယောင်၊ ဟိုယောင်ယောင်၊ ဒီယောင်ယောင်၊ အို… ယောင်ပေါင်းကိုစုံလို့'

ပြောလည်းပြော၊ ခဏရပ်ပြီး ငကွန်းမျက်နှာ သေကာနီးသောအသက်ညှစ်သလို ဖုတ်လိုက်လိုက်နဲ့နေမှ…

'အဲသလို ယောင်တစ်ရာ့တစ်ဆယ်ကို ယူမယ့်အလား သူလိုစကားပြန်သူတော်ကောင်းလေးကို ယူကြည့်ပါတဲ့၊ အင်းတဲ့'

မျက်နှာကြီး ခွေးသေကောင် လင်းတဆွဲသလို စုပ်ပြတ်ပုတ်ပတ်နေမှ ဆက်နှိမ်လိုက်တာ ငကွန်းတို့ ဆတ်ဆတ်ခါထိသွားတော့တာ။

'တစ်ပတ်ပဲ ပေါင်းကြည့်ပါတဲ့၊ အင်းတဲ့… ဒူးနဲ့ မျက်ရည်မသုတ်ရဘဲ ထဘီနဲ့၊ အဲလေ… ထပ်အင်းတယ်၊ ရွှေတွဲလဲ ငွေတွဲလဲ ဆိုလားပဲတဲ့၊ အဲ…'

'တော်… ဟော်… ဟော်… တိတ်… ဟိတ်… ဟိတ်…'

ငကွန်း ဟောက်သံအကျယ်ကြီးထွက်လာတယ်။ တော်သေးတာ။ သူကြီး မကြားလို့။ မဟုတ်ရင်…

'နင်ကပါ နင့်လင်ဘက်က ပါတယ်ပေါ့လေ'



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ နွဲ့နေတဲ့ မိနှင်းအေးလည်း ခါးလက်ထောက်ကာ အမေဂျမ်းအသံနဲ့ (သိပ်တော့မကျယ်)

'ဩော်ဟော်… တော်ကြီးကရော အသုံးကျလို့လား၊ ဘာများအဖြစ်ရှိတာလိုက်လို့၊ တောတက်ပါဆိုတော့လည်း အင်းတဲ့၊ ဟိုဟာ အဟဲတဲ့၊ အမြင့်ကြောက်လို့တဲ့'

'တောင်ယာလုပ်ပါလားဆိုတော့လည်း အဟဲတဲ့၊ ဟိုဟာလေ… ဖွတ်ကြောက်လို့ပါတဲ့၊ ဒါလည်း မပြောသေးဘူး၊ ချစ်တာတိုး၊ အဟင့်…'

'ရှိုး…'

'ဖျစ်…'

'ဟင်…'

ပြောလည်းပြော ငကွန်း လုံချည်အောက်နားစကိုယူပြီး နှာခေါင်းနဲ့တေ့၊ ဖျစ်ဆိုညှစ်လိုက်တယ်။ ဟိုကလည်း ပေကြောင်ကြောင်လေးကြည့်လို့။

'အမယ်လေး… ကိုကွန်းရယ်၊ အလကားနေ အလကားဘာငါလေ့လေးနဲ့ ချောင်းထဲဆင်းကြည့်ပါလားဆိုတော့ အင်းလေတဲ့၊ ခုံတာတဲ့၊ ရေကြောက်လို့တဲ့'

ငကွန်း မျက်နှာကြီးက မည်းရုံတင်မဟုတ်။ ဖြူနီပြာဘာလာအမျိုးမျိုးချိန်းနေတာရယ်။

'အလုပ်တွေလည်း ကုန်သလောက်ပဲ၊ နောက်ဆုံး မုဆိုးထိုက်ပါလားဆိုတော့ အဟင့်…ကျားကြောက်လို့ပါတဲ့၊ ယောင်ဝါးဝါး ဒီလိုလူမျိုးကို ရွေးကြိုက်မိတဲ့ ဒီဟာမအပြစ်၊ အခုလည်းကြည့်ပါဦး တင်ကြီး သူများသားသမီးကို ခွေးဝဲစားနဲ့ပေးစားတယ်တော့၊ ငြ…'

ဆို ရင်ဘတ်ထုပြီး မင်းသမီးရှုံ့ငိုတော့တာ။ ဒီတော့မှ ငကွန်းလည်း ပျော့သွားပြီး ကြာကူလီသံလေပျော့နဲ့

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တော့ ဟုတ်ပါတယ်ဟာ၊ ငါကိုက နည်းနည်းလေး ညံ့နေတာ'

တဲ့။ မှတ်ပြီလား။ ဒီလောက် ရစရာမရှိအောင် စေ့စေ့ငုငု ပြောတာတောင် ရုပ်တည်နဲ့ ကိုယ့်ဘက်ကိုယ်ယက်သေးတာ။ ဟုတ်တော့လည်း ဟုတ်တယ်။ မိနှင်းအေးပြောတာလည်း မလွန်ပါ။ ရွာထဲ ဘယ်နေရာမှ သုံးမရအောင်ကို သူက အသုံးကျတာလေ။

ဟိုအောင်သောင်းဆိုတာကလည်း တစ်ရွာတည်းသားချင်းတွေ။ မိမရှိ ဖမရှိ တစ်ကောင်ကြွက်။ ဟိုအိမ်တက်ခိုး ဒီအိမ်တက်စားနဲ့ သူကြီးထိပ်တုံးနဲ့ ညအိပ်ရတာလည်း မနည်းမနောရယ်။

ကံဇာတာက ကောင်းချင်တော့ ဂျပန်စကားပြန်ကြီး တစ်ယောက်က လက်သပ်မွေးထားရာက၊ အခုဆို အတော်အရာ ရောက်နေတာ။ ထားပါတော့။ ဒါတွေပြောနေရင် ရှည်ပါတယ်။

'ဟာ...'

မိနှင်းအေးကို ကြည့်တော့ ငိုကောင်းကောင်းနဲ့ ငိုနေတာများ နားရင်းထတီးချင်စရာ။ နှပ်တွေကိုလည်း ကွမ်းလုံချည်နဲ့ယူယူ သုတ်နေတာများ။

'ဟိုက်... သေလိုက်စမ်း'

ပျော်စရာကောင်းမယ်ထင်တဲ့ညဟာ နှပ်ညှစ်သံတဖျစ်ဖျစ် နဲ့ပေါ့။

* * *

'ဘာ...'

အောင်သင်းခများ ဒေါသထွက်ရုံတင်မဟုတ်ဘူး ဆွေ့ဆွေ့ ပါ ခုန်နေတော့တာ။ ကြာဖြူက...



www.burmeseclassic.com

www.burmeseclassic.com



'ဟောက်သံကြားတယ်'

'ဟာန်…'

နည်းနည်းတော့ ဖြုံသွားတယ်။ တောကြီးမျက်မည်းထဲဆို တော့ အကောင်ဗလောင်တွေက ပေါတာရယ်။ ဒါနဲ့ ခေါင်းနပမ်း ပါကြီးပြီး…

'ဘယ်… နားမှာလဲ'

'ဟိုမှာလေ'

'ဟင်…'

'ဘာ…'

ဆို အကျယ်ကြီးထအော်လိုက်တော့တာ ဟုတ်တယ်လေ။ ကျားသံ၊ ခြင်္သေ့သံတော့ မထင်ပါနဲ့။ ပေတိုးက ဘာပဲတွေ့သလို ညာပဲတွေ့သလိုနဲ့ အရှူးကွက်နင်းပြီး အိပ်နေတာ။ 'အံမယ်… ဟောက် သံက တခွီးခွီးပါ ထနေတာရယ်။

'တောက်… သင်းတော့လား'

ဘာပြောကောင်းမလဲ။ ရန်သူလိုလို ဘာလိုလို ထင်လိုက် ရတာ။ အခုတော့ ဒါနဲ့ ခြေလှမ်းကျဲကြီးတွေနဲ့ ပေတိုးနားအရောက် သွားပြီး ဖနောင့်နဲ့…

'အင်းဟာ…'

'အဲ… နေဦး'

ပေါက်လိုက်တယ်။ အဲ… ဒါပေမဲ့ မျက်နှာနဲ့ လက်တစ်လုံး လောက်အလိုမှာ တန့်ခနဲရပ်သွားတယ်။ ပြန်ရုပ်တယ်။ ခြေထောက် ကို တစ်ခါ ပထွေးမျက်နှာနဲ့ မေးစေ့ကနေကိုင် မျက်နှာကိုမော့ပြီး ဘယ်ညာ ပယ်ပယ်နယ်နယ်ကြီး ဗျင်းလိုက်တာများ။

'ဒါက ပိုသေချာတယ်၊ အင်းဟာ'

'ဗျောင်း… ဟောင်း… ဟောင်း…'



www.burmeseclassic.com

www.burmeseclassic.com



လိုက်သံပါ ထသွားတယ်။ အဲ··· မျက်စိပေကလယ် ပေကလယ်နဲ့။ ဖွင့်ကြည့်တော့ ကြယ်လ ဝိစိကွေးသေးသေးလေးတွေကို အစုံလိုက်တွဲပြီး လည်နေတာနဲ့ ခေါင်းကိုအတင်းခါပြီး မျက်စိကိုမှိတ်၊ ကြယ်တွေလတွေ ပျောက်သွားလို့ ပြန်ကြည့်တော့···

'ဟင်··'

'ဟွန်း···'

နှုတ်ခမ်းမွေးထောင်နေတဲ့ အောင်သင်းကိုတွေ့တော့ မျက်နှာလေးကို အို··· နောက်ပြီးမှ မယားငယ်တုံးပိတာကို လင်ငယ်ကုန်းမလို့ အားကုန်တဲ့အသံနဲ့···

'တစ်နေကုန်သွားနေရတော့ပေါ့နော်၊ အင်း··· အဲဒါ ပင်ပန်းတာပေါ့၊ အဟဲ··· ဒါနဲ့ နားရင်း အိပ်ပျော်သွား··· သွား···'

'တော်··· ဟိတ်··· ငါထလုပ်လိုက်ရ မကောင်းရှိရော့မယ်၊ မင်းတစ်ယောက်တည်း ပင်ပန်းတာလားဟ၊ အကုန်အတူတူပဲ'

ပါတိတ်မရတဲ့ ဆရာမလို ကက်ကက်လန်ရန်တွေ့နေတာ။ ဘာပဲဖြစ်ဖြစ် သူ့ကိုတော့ အကြီးဆိုတော့ ကြောက်ကြတာရယ်။

ကြာဖြူပြောလိုက်တော့မှ ဟုတ်တော့လည်း ဟုတ်တယ်။ မိုးက ချုပ်နေပြီ။ ပြီးတော့ နားလည်း နားချင်နေပြီကိုး။

ဒါနဲ့···

'ကဲ··· နားကြမယ်ဟေ့'

လည်းဆိုရော သွက်လိုက်ကြတာများ ထင်းရှာတဲ့သူနဲ့၊ မီးဖိုတဲ့လူနဲ့ ဟုတ်လို့။ အခုဆို ဒီဘက်တောင်ကြောပေါ်ရောက်လို့ ကျော်တောင်နေပြီ။ ရော့ဝဲလ်တို့အဖွဲ့ကို မတွေ့ရသေး။ ဘာတွေများ ဘယ်လိုတွေဖြစ်ကုန်တာရယ်လည်း မသိတော့ဘူးရယ်။

တောအုပ်က မှောင်ပိန်းနေတော့တာ။ အောင်သင်းက မြေပုံကိုထုတ်ပြီး မီးရောင်နဲ့ကြည့်ကာ ညည်းနေတော့တာ။



www.burmeseclassic.com

www.burmeseclassic.com



'တောက်… ဘယ်နားတွေရောက်နေမှန်းကို မသိဘူး၊ ဟူး…'

တော်တော်ကြာကျတော့ ချက်လို့ပြုတ်လို့ပြီးတော့ စားကြသောက်ကြနဲ့ စားတဲ့နေရာမှာတော့ တက်ညီလက်ညီရှိကြတာရယ်။ စားလည်းပြီးရော အောင်သင်းက…

'ကဲ… ကင်းချမယ်၊ စိတ်ချရတာမဟုတ်ဘူး'

ပြောလည်းပြော၊ ခဏာစဉ်းစားကာ ဆရာလုပ်တယ်။ ဘာပဲဖြစ်ဖြစ် အခု သူက ခေါင်းဆောင်ဆိုတော့ ပြောနိုင်ဆိုနိုင်တာပေါ့။ နောက်ပြီး တွဲခဲ့တဲ့ကာလကလည်း ကြာပေါ့။ ဒီတော့ အော်တိုအကြီးအကဲဖြစ်နေတာလေ။ ကြာဖြူတို့ကလည်း နာခံကြပါတယ်။

'ညဦးပိုင်းကို ဘကျော်နဲ့ ဒေဝ၊ သန်းခေါင်ကို မင်းမောင်နဲ့ ဝေမိုး၊ အလင်းပိုင်းကို ပေတိုးနဲ့ ကြာဖြူ ကဲ… ကဲ… စောင့်ကြတော့'

အကောင်ကြီးသလောက် ကြောက်တတ်တဲ့ မင်းမောင်က ခွက်ပုန်းကစ်ထားတဲ့ ဘုရားလူကြီးလို ညောင်နာနာနဲ့…

'ကိုကြီးအောင်သင်း… ဂျူတီချိန်းပေးပါ၊ ညဦးပိုင်း စောင့်ချင်တယ်လို့'

'ဘာ… ဟွန်း… နှစ်ခါမပြောဘူး၊ နောက်တစ်ခါဆိုလက်ပါလာမယ်၊ ဟွန်း…'

အောင်သင်းက မျက်ထောင့်နီကြီးနဲ့ကြည့်ပြီး ပထွေးကြိမ်းကြိမ်းလိုက်မှ မယားပါသားလို ဇက်ပုပြီးတိုဝင်သွားတော့တယ်။ ဒါတောင် ပေတိုးက အထွန့်တက်သေးတာ။

'လူလေးခုနစ်ယောက်ကို ခြောက်ယောက်တည်း စောင့်ရတယ်နော်'

'အဟီး… တစ်ယောက်ပိုနေလို့၊ အဲ… အောင်လို့ဟာအခင်းဟာ…'



www.burmeseclassic.com

www.burmeseclassic.com



'ဖျောင်…'

ရောယောင်သွားပြီးမှ ဇက်ပိုးကိုသအုပ်ပြီး ပြောသေးတာ။ [illegible]ကို နှုတ်ခမ်းမွေးတွန့်ရုံ ပြုံးပြီး…

'ငါ့အကြီး၊ ငါ့ဟာငါ နေချင်သလိုနေမှာပေါ့ဟ'

'ဟင်… အဲသလိုလား'

'အေး… အဲသလိုပဲ၊ ဟဲ… ကိုယ့်အလုပ်ကိုယ်လုပ်ကြ၊ ဟိုနှစ်ကောင် အဓေးကြီးလည်းမသွားနဲ့၊ နိုးနိုးကြားကြားရှိကြ'

သူကြည့်တော့ တုံးလုံးလှဲနေတာကနေ ဆရာလှမ်းလုပ်သေးတာ၊

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

'ခေါ်… ခလူး… ခေါ်'

'ဟင်း… တောက်… လူလိုမအိပ်ဘူး'

ဘေးနားက ပေတိုးရဲ့ဟောက်သံက ဘယ်လိုမှအိပ်မရ။ ဒါနဲ့ စိတ်က အတိတ်ဆီ ခဏပြန်လည်သွားတယ်။ တကယ်တော့ အခုလို တာကြီးမျက်မည်းထဲမှာ ဒုက္ခခံစရာအကြောင်း မရှိပါ။

ကြာဖြူဆိုတာက မိသားစုထဲမှာ အထွေးဆုံး။ အဖေလုပ်သူက မြို့မျက်နှာဖုံး သူဌေး။ ဒါကြောင့်မို့ အပေါင်းအသင်းများတော့ ပျက်စီးတာပေါ့။ အချိန်ပြည့် သောက်စားမူးရူးနေတာရယ်။

ပြဿနာတွေ ရှင်းရတာလည်း ခဏခဏ။ အဓိကက မိန်းမရှုပ်ပွေတာ။ ရုပ်ခံလေးကလည်း ရှိ၊ ချမ်းကလည်း ချမ်းသာဆိုတော့ ပေါလိုက်တဲ့မိန်းကလေးတွေ။ ပြီးတော့ ဒူးနဲ့မျက်ရည်သုတ်ရတာချည်းပဲ။

တစ်ခါမှာတော့ ဆင်းရဲတဲ့ ပန်းသည်မလေးတစ်ယောက်ကို တကယ်ချစ်မိသွားတာရယ်၊ ကောင်မလေးက အရှိန်ရှိတော့ မချစ်ဘဲ သတ်ခံထားရတာ။ ရည်းစားကလည်း ရှိပြီးသား။ ကြာဖြူကိုလည်း ဘယ်လိုမှကြည့်မရ။

ဒါပေမဲ့ပေါ့။ တစ်နေ့မှာ ချိန်းတွေ့ကြရင်း…

'မောင် ကျွန်မကို တကယ်ချစ်ရဲ့လားဟင်'



www.burmeseclassic.com

www.burmeseclassic.com



'ချစ်တာမှ အရမ်းချစ်၊ အဟဲ…'

တီကာလည်း သူ့ကို ပညာပေးချောက်ချချင်နေတာ ကြာပေါ့။ သိထားရယ်။ နဲ့တဲ့တဲ့နဲ့…

'ချစ်ကလေး ယောက်ျားဆို ကျားကျားလျားလျားပဲ သဘောကျတာ'

'ဟင်… တကယ်'

'အင်း…'

'ဒါဆို မင်းပြောလေ၊ ကိုယ်လိုက်လုပ်မှာပေါ့'

'အဟင်း…'

ပခုံးကို ခေါင်းလေးမှီပြီး မူနွဲ့နွဲ့ချွဲနေတော့တာ။ တဖြည်းဖြည်းချင်း အဆင်းကို ဘီးတပ်နေတာလေ။ တွန်းချဖို့ကို။

'ပြောရဲပါဘူး၊ ခက်ပါတယ်၊ အို… မပြောတာပဲ ကောင်းတာ'

'ဟာ… ပြောပါကွာ'

'အို… တော်ကြာ စိတ်ဆိုးနေဦးမယ်၊ အဟင်း…'

'ဟာကွာ… ဒါလောက်ချစ်တာ ဆိုးဘူး၊ အဟဲ… ပြော'

'ဟာ… ပြောချင်ပါဘူးဆို'

ချွဲပတ်ပြီးပြောနေတာကို အကြောင်းမသိတော့…

'ပြောပါကွာ၊ တကယ်ကတိပေးပါတယ်'

'တကယ်နော်'

'အင်း…'

ချည်ပြီး တုပ်ပြီးမှ တစ်ခါတည်း အဆင်းတွန်းချတော့တာ။

'ဟိုလေ… စစ်ထဲ တစ်နှစ်လောက်ဝင်ကြည့်ပါလား၊ ဒါမှ ယောက်ျားပီသမှာ၊ အဲဒီအခါကျမှ…'

'ပြောလေ'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီအခါကျမှ အဟင်း… လက်ထပ်ကြမယ်လေနော်' တဲ့။

မယားငယ်သံ ပတ်ချွဲနှပ်ချွဲပြောတာကို အူမြူးသွားတယ်လေ။ ရှေ့ကထမင်းထုပ်ကိုမြင်ပြီး နောက်က ဝါးရင်းတုတ်ကို မမြင်ဘူးရယ်။

'တစ်နှစ်ပဲနော်… တကယ်နော်၊ ကျန်လာရင် အဟိ… ယူမှာနော်'

စကားတောင် မပီတော့။ တကယ်ချစ်တော့လည်း အလိုလိုက်ချင်တာရယ်။ ကောင်းပါတယ်။ ဘယ်သူ့ကိုမှမပြောဘဲ စစ်ထဲဝင်လိုက်တော့ အံ့သြကုန်ကြတာရယ်။

ခြောက်လတောင်မပြည့်ဘူး ဟိုဟာမက သူ့ချစ်သူနဲ့လက်ထပ်သွားတော့တာ။ ဒီတော့မှ ပက်လက်လန်သွားတယ်။ မိန်းမတွေကိုစိတ်နာပြီး ပြန်မထွက်တော့တာ။ အခုဆို လေးနှစ်ကျော်ပြီလေ။ မိန်းမဆို စေ့စေ့ကြည့်ဖို့နေနေသာသာ စကားဟဟတောင်မပြောတော့ဘူးရယ်။

အတွေးကောင်းနေတုန်း ဒေဝရဲ့နှိုးသံကို ကြားရတယ်။ ဒါနဲ့အတွေးပါ ပျက်သွားတော့တာ။

'ဝေမိုး… ထ… ထ… မင်းတို့အလှည့်'

'ဟာ… မင်းမောင်က ထဆိုတာ၊ ထလေ'

'ဘကျော်… ဘယ်လိုလုပ်မလဲ၊ နှိုးမရဘူး'

'ဘာလုပ်ရမလဲ ဟုတ်လား၊ ဟွန့်… ဒီလို၊ အင်းဟာ… အင်းဟာ…'

ခြေထောက်နဲ့ကန်နှိုးလိုက်မှ အင်း… အဲ့နဲ့ အတင်းထထွေ…တာ။ မင်းမောင်က…

'မင်းတို့ကလည်း ပါးစပ်နဲ့နှိုးလည်း ရပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



လို့ မယားငယ်သံစွာစွာနဲ့ပြောတော့ ဘကျော်က အကြီးက အငယ်ကိုဟောက်သလို လေသံနဲ့…

'ဘာ… တကတည်း၊ အိပ်နေလိုက်တာများ ကာလနဂါးရဲ့အနွယ်တော်တွေလား ထင်ရတယ်၊ မင်းတို့ကို နိုးမယ့်အစား ကျားဖင်သာ ပြေးကန်လိုက်ချင်တော့တယ်'

တစ်ယောက်တစ်ခွန်းနဲ့ ဆူညံနေတော့ အောင်သင်းက လန့်နိုးလာပြီး စိတ်ဆိုးမာန်ဆိုးနဲ့…

'ဟာ… ဘာလဲဟ၊ ဩော်… အင်းဟာ…'

'ဖျောင်…'

'ဖျောင်…'

မယားပါသားတွေလို တစ်ယောက်တစ်ချက်စီ ပထွေးဆော်ဆော်လိုက်မှ ငြိမ်သွားတော့တာ။ ဒေဝတို့နှစ်ယောက်က နည်းနည်းလှမ်းတဲ့နေရာမှာ လှဲမယ်လည်းလုပ်ရော အောင်သင်းအသံကြီး ပေါ်လာတယ်။

'မင်းတို့ကို ဝေးဝေးမနေကြပါနဲ့လို့ ငါပြောထားတယ်မလား၊ ပြန်လာခဲ့ကြ၊ ငါထလုပ်လိုက်ရ မကောင်းရှိရော့မယ်'

ပထွေးကြိမ်းကြိမ်းသေးတာ။ တကယ်တော့ ကြောက်လို့ နီးနီးနေခိုင်းတာရယ်။ အဟုတ်တတ်တာလေ။

* * *

ဆာဂျင်ရော့ဝဲလ် စိတ်ရှုပ်နေတာရယ်။ ရှုပ်ဆို ဟိုမြန်မာနှစ်ယောက်ကို ပတ်ရှာနေရတာလေ။ ဘယ်လိုမှကို ရှာမတွေ့တာ။ ဒါနဲ့ စိတ်ညစ်နေတော့တာ။

ဘာပဲဖြစ်ဖြစ် အောင်သင်းရှိရင် အဆင်ပြေတာ။ ပါလာတဲ့



www.burmeseclassic.com

www.burmeseclassic.com



ခုနစ်ယောက်ကလည်း ကုလားတွေ။ မြန်မာလိုမတတ်ကြဘူးရယ်။ သူကရော တတ်လားဆိုတော့ နိုးပဲ။ အခု ဒီကိုလာတာ လမ်းမှာ လူသူတွေ့လို့မေးရင်တောင် ဘာမေးရမှန်းမသိ။ သက်ပြင်းခါခါချပြီး ခေါင်းကုတ်နေတော့တာ။

'ဟင်း… နောက်ကများ လိုက်မခုန်ချတာလား'

'ဒါမှမဟုတ် ဂျပန်တွေနဲ့များတွေ့ပြီး သေကုန်ပြီလား'

'အင်း…'

'ဟူး… ဟဲ…'

ခေါင်းကိုယမ်းပြီး အနားကလူကိုကြည့်လိုက်တော့ အံမာ… ရှပ်တည်တည်နဲ့။ ဘေးဘီကို သတိမပြတ်ကြည့်နေတော့တာ။ မသိရင် တကယ့်တိုက်ရည်ခိုက်ရည်ရှိသလို အဲ… သိရင်တော့…

'ကဲ… အဒူလာ၊ သူတို့ကို စောင့်နေတာ ကောင်းမလား၊ ဆက်ရှာတာ ကောင်းမလား'

'ဘာမှမကောင်းဘူး၊ ဆက်ရှာလည်း တွေ့ချင်မှတွေ့မှာ၊ စောင့်နေလည်း လာချင်မှလာမယ်'

'အင်…'

သူပြောတာလည်း ဟုတ်တာပဲလေ။ တောက ထူကထူနဲ့။ အဒူလာက ရင်ကော့ပြီး ရဲရဲတောက်ပြောသေးတာ။

'ဆာဂျင်… ဘာမှမပူနဲ့၊ သူတို့မရှိလည်း ငါရှိတယ်၊ ဂျပန်လာစမ်း၊ ဘယ်နှယောက်လာမလဲ၊ အဟွန်း… ယုံစမ်းပါ'

'ဩော်… ဟုတ်လား'

မျက်လုံးပြူးလေးနဲ့ကြည့်ပြီး အံ့ဩလေဟန်ပြတော့ ခေါင်းမော့နေတဲ့ မျက်နှာကို ပြုံးလိုက်တာ နှာခေါင်းက ရှုံ့ရှုံ့သွားပြီး သွားက ဖွေးခနဲပေါ်လာတော့တာ။

'ဟင်… ဆ… ဆ…'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ဘာလဲဟ'

ရုတ်တရက်ကြီးထပြုံးပြီး တစ်ခါ မျက်လုံးပြူးကြီးနဲ့ ရွှေဝဲလ်နောက်ကိုထိုးပြီး အနေတော့တာ။ ဒါနဲ့ နောက်ကိုလှည့်ကြည့်တော့…

'ဟိုက်…'

'အမယ်ကြီး…'

သူကသာ ခဏကြောင်သွားကာ ဘာလေးညာလေးပြောနေတဲ့ အဒူလာက အမေတပြီး မတ်တတ်မေ့နေတာလေ။ အံမယ်… အတော်အားကိုးရတာ။

'ကျည်… ကျည်…'

'ဟင်…. ဆင်… ဆင်…'

'ဟုတ်တယ်၊ ကဲ… အားလုံးပြေး'

တောဆင်ရိုင်းအုပ်မှ မနည်းမနောပင်။ ဒါနဲ့ အကုန်ပြေးမိန့် အဲလေ… ပြေးခိုင်းရတော့တာ။ ဒနဲ့ ပါးပါးရေ၊ မာမားရေနဲ့ ပြေးလိုက်ကြတာများ တန်းလို့။ ရွှေဝဲလ် ကမန်းကတန်းထပြေးတော့…

'ဟင်…'

'အဒူလာ'

'အင်… အင်…'

'ဟာ… အင်းဟာ'

'ဖျောင်း… ဖျောင်း…'

'အင်း… အဲ… အမယ်ကြီး အဘားရေ၊ ပြေးပြီဗျို့ အဟ…'

သူများတွေက ပြေးလို့တောင် အတော်ရောက်နေပြီ။ အဒူလာက မတ်တတ်ကြီးမေ့နေတာ။ လှုပ်ပြီးခေါ်တာ မရဘူးရယ်။ ဆင်အုပ်ကလည်း နီးလာပြီ။ ကြံရာမရတဲ့အဆုံး နားရင်းနှစ်ချက်

www.burmeseclassic.com

www.burmeseclassic.com



တီးလိုက်မှ အမေတပြီး ပြေးသွားတော့တာ။ ရှော့ဝဲလ် ပြေးလိုက်သွားရင်း စဉ်းစားမိတယ်။

'သြော်… ပြောတော့၊ ဘယ်နှယောက်လာလာတဲ့၊ အံမယ်… အားကိုးလောက်တယ်၊ တကယ်'

ဆင်အုပ်ကလည်း သူ့ဘာသာ အုပ်လိုက်အစာရှာထွက်လာတာရယ်။ ကုလားရှစ်ကောင် ပြေးတာကို တအံ့တသြကြည့်နေကြတာရယ်။ ဟုတ်တယ်လေ။ ဒီလိုသတ္တဝါတွေက မြင်မှမမြင်ဖူးဘဲ။

ဒါနဲ့ တစ်ကောင်မျက်နှာတစ်ကောင် ကြည့်ပြီး ပေကြောင်ကြောင်လေးတွေ ရပ်လို့။

'ကျည်… ကျည်…'

'ကျည်…'

ဆင်ကလေးလေးနှစ်ကောင်က ရှေ့နားကနေ ဆော့ပြီးလိုက်လာတာ။ ဟိုပြေးသွားတဲ့လူတွေကိုကြည့်ပြီး ကြောက်လန့်တကြား အမေ့ဆီ အော်ပြေးပါလေရော။

* * *

အုပ်ချုပ်ရေးမှူးရာထူးရထားတဲ့ ယာနာဂီဒါဟာ အရပ်ရှည်သလောက် စိတ်ရှည်တယ်။ အခုလည်း ရုံးခန်းထဲထိုင် မှန်ကာထားတဲ့ ပြတင်းပေါက်အပြင်ဘက်မှာ တိုက်လေယာဉ်တွေ တက်လိုက်ဆင်းလိုက်နဲ့ အလုပ်ရှုပ်နေတာကို ဘာရယ်မဟုတ် လိုက်ငေးနေမိတယ်။

အဲ… ဒါပေမဲ့ စိတ်ကတော့ တွဲဘက်မှူးရဏ္ဍာကို မိတ်ဆွေတစ်ကိုယ်ကောင်းသမားရယ်လို့ တွေးနေမိတာလေ။

နိပွန်တပ်မတော်ဟာ တစ်နှစ်အတွင်း အလျှင်အမြန် ထိုးစစ်



www.burmeseclassic.com

www.burmeseclassic.com



သစ္စာရှုအတွင်းက တောင်ပိုင်းတော်တော်လေးကျတဲ့ နယူးဂီယာနာ ကျွန်းနဲ့ ပေါ်ဒဘူးမြောင်း၊ ကိုရယ်ဒင်းနဲ့ မစ်ဝေးကျွန်းတွေကို အခု နှစ်ပိုင်းကူးလာချိန်မှာ မဟာမိတ်ရေတပ်ဗိုလ်ချုပ် မက်အာသာလက် ထို အပ်လိုက်ရတယ်။

ဒါတောင်မပေတဲ့။ ကျွန်ုဒေသတွေမှာလည်း နာလန်မထူနိုင် အောင် ဖြစ်နေတာ။ ဒါနဲ့ ခံပြင်းလာတယ်။

'တောက်…'

ငြူစာရင်း ထိုင်ရာကထပြီး လမ်းသလားနေလိုက်တယ်။ ဒီအချိန်မှာပဲ မူရတ္တာက အခန်းထဲဝင်လာပြီး ရုပ်တည်နဲ့ဝင်ထိုင်တယ်။ ဒါနဲ့ မြင်ယောင်ဆောင်နေလိုက်တယ်။

မူရတ္တာက နှုတ်ခမ်းမွေးတစ်ဖက်စောင်းတဲ့အထိ မဲ့လိုက် တယ်။ မတည့်ဘဲ အတူနေပြီး မမြင်ပြန်တော့လည်း မနေနိုင်ဘူး။ ချောင်းကြည့်ကြတာရယ်။

ဒါနဲ့ မဲ့ရွဲ့ကာ မူရတ္တာက ယောက်ျားကြီးတန်မဲ့ ပေါ်တင် အတင်းချတယ်။

'ခင်ဗျားကတော့ ရုံးခန်းထဲထိုင်၊ အေးအေးနေနိုင်တာပေါ့၊ ကျုပ်မှာတော့ စခန်းလုံခြုံရေးအတွက် အမြဲဂရုစိုက်နေရတာ အား တယ်ရယ်မရှိဘူး'

တင်းသွားတော့တာ ဟုတ်တယ်လေ။ ရုံးခန်းထိုင်တဲ့လူက အလုပ်ပိုရှုပ် ပိုပင်ပန်းတာရယ်၊ ဒါနဲ့ သူကတော့ ဖြည်းဖြည်းပဲ ပြန်ချတယ်။

'လူဆိုတာ သူ့နေရာနဲ့သူ တန်ရာတန်ရာပဲ ကောင်းပါတယ် ကွာ'

'ဘာဗျ… ခင်ဗျားက အတော်တော်တာပဲ၊ ဒီမှာလင်းတ လောက်တော့ ငှက်တိုင်းလှပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဘာကွ…'

'ဟင်း…'

'ဟွန်း…'

မူရတ္တာက ဆွေ့ဆွေ့ခုန်နေတော့တာ။ ဒါနဲ့ တစ်ယောက်တစ်ခွန်းဆိုရင်း နှစ်ယောက်လုံး ကိရ္ဆာန်တွေဖြစ်ကုန်ပြီ။ နှစ်ယောက်သား ငြိရင်း ပွဲက ကောင်းလာပြီ။

'ဒေါက်… ဒေါက်…'

'ဝင်ခဲ့ပါ'

ဒီအချိန်မှာပဲ တံခါးခေါက်သံကြားရပြီး ဆက်သွယ်ရေးခန်းက လူတစ်ယောက်ဝင်လာတယ်။ အလေးပြုပြီး…

'ဌာနချုပ် ဗိုလ်ကြီးမတ္တာဂုရှီဆီက အဆက်အသွယ်ရတယ်၊ ဗိုလ်မူရတ္တာနဲ့ ပြောမယ်တဲ့ ခင်ဗျား'

'အေး… လာပြီ'

ဒါနဲ့ အလေးပြုပြပြီး ပြန်ထွက်သွားတော့ မူရတ္တာက ပေဆောင်းစောင်းကြည့်ကာ ထလိုက်သွားရင်း မကြားတကြားပြောသွားသေးတာ။

'အဲဒါသာ ကြည့်တော့၊ ဗိုလ်ကြီးက ငါတစ်ယောက်ပဲ သူထင်တာရယ်'

'ဘာကွ… တောက်…'

'အဟင်း…'

မျက်နှာကြီးမဲ့ပြီး ထိုင်ကျသွားတော့တာ။ ဒါနဲ့ ထိုင်နေရင်းနဲ့ ဗိုလ်ကြီးမတ္တာဂုရှီအကြောင်း တွေးလိုက်မိတယ်။

အသက် ၆၅ နှစ်လောက်ရှိပြီး သဘောထားခက်ထန်လို့ အတုန်ဖိန့်ဖိန့်တုန်အောင် ကြောက်ရတာရယ်။ ပြီးတော့ အလုပ်တစ်ခုကို မရမနေ တစ်ဖွတ်ထိုးလုပ်တတ်တာ။ ဒါကြောင့် မူရတ္တာနဲ့က



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထူးသဘောတူ သားအဖလို့ အဆင်ပြေနေတာလေ။ သူကတော့ အမြော်အမြင်ရှိပြီး အစစအရာရာ စဉ်းစားချင့်ချိန်တတ်တော့ သဟဇာတတ သိပ်မတည့်။ ဒီတော့ သူ့အတွက် အနေအထားက ရင်မောစရာ။

အခုဆို စွန်ဘုချိုက ပြင်ဦးလွင်ဌာနချုပ်မှာရှိနေပြီးတော့ လက်အောက်မှာ တပ်ခွဲသုံးခုရှိတယ်။ အမှတ် (၅၆)တပ်မက ယူနန်တရုတ်တွေကို တာဝန်ယူရတယ်။ အမှတ် (၁၈)က မန္တလေးမြို့ အနောက်မြောက်ဘက်ကို တာဝန်ယူပြီးတော့ အမှတ် (၃၃)ကတော့ အနောက်မြောက်ဘက်ကနေ ချင်းတွင်းအထိ တာဝန်ယူရတယ်။

ရုံးအဖွဲ့ ရိက္ခာအဖွဲ့ ဘာညာနဲ့ လူအင်အားတစ်သိန်းကျော်ရှိတာရယ်။ အတွေးကောင်းနေတုန်း မူရဂ္ဂူက ဒေါက်ဒက်ဒက်နဲ့ ပြန်ရောက်လာတယ်။ မျက်နှာက အရေးကြီးတဲ့ပုံစံ။ သူ့ဟာသူ ဘာဖြစ်ဖြစ် မေးလည်းမမေးဘဲ မသိယောင်ဆောင်နေလိုက်တော့။

မနေနိုင်ဘူးရယ်။ စားပွဲပေါ်ဖြန့်ခင်းထားတဲ့ မြေပုံဘေးကို သွားပြီး တစ်နေရာကို လက်ညှိုးနဲ့ထောက်ကာ···

'သတင်းလာတယ်၊ ကျန်ခဲ့တဲ့ သုံး၊ လေးညလောက်က ဒီနားလောက်မှာ အဖွဲ့တစ်ဖွဲ့ကို အင်္ဂလိပ်လေယာဉ် လာချသွားတယ်လို့ ထင်ရတယ်တဲ့'

မျက်ခုံးမွေးနှစ်ခု စုသွားအောင် စဉ်းစားပြီး ထောက်ပြတဲ့ နေရာကိုကြည့်ကာ···

'ဒီစခန်းရဲ့ အနောက်တောင်ဘက်ယွန်းယွန်းဆိုတော့ ကား လမ်းနဲ့ သိပ်မဝေးတော့ဘူးပေါ့'

မူရဂ္ဂူက နှုတ်ခမ်းမွေးနှစ်ဖက်တန်းအောင် ပြုံးပြီး-

'သူတို့ ဘာမှမတတ်နိုင်ပါဘူး၊ အဲဒီဘက်က တောနက်သလို တောရိုင်းသတ္တဝါတွေ ပေါတယ်၊ ကိုယ့်သန္ဓေကိုယ်လာချတာနဲ့တူတယ်၊ အပျွန်း···'



www.burmeseclassic.com

www.burmeseclassic.com



သူက တွေးတွေးဆဆနဲ့…

'အထင်သေးလို့တော့ မရဘူး၊ ကင်းထောက်လေယာဉ် လွှတ်လိုက်ပါတွေ့တော့လည်း အပြတ်ပဲပေါ့၊ စခန်းရဲ့ နှစ်မိုင်ဝန်းကျင် ကိုလည်း ကင်းပုန်းတွေချထားလိုက်ပါ၊ သတိဆိုတာ ပိုတယ်မရှိဘူး' ဆိုတော့ မူရတ္တက အမြီးနည်းနည်းတိုလာပြီး စွေကြည့်တယ်။ ဂရု မစိုက်ဘူး။ ဆက်ပြီး…

'မှော်စင်ပေါ်က လူတွေကိုလည်း ပတ်ဝန်းကျင်ကို အမြဲ မပြတ်ဂရုစိုက်ပါလို့ မသေချာဘူးထင်ရင် ခင်ဗျားကိုယ်တိုင်…'

'ဘာဗျ… ဒါတွေ ခင်ဗျားပြောစရာမလိုပါဘူး၊ ကျုပ် သိတယ်၊ အရမ်းဆရာမလုပ်နဲ့'

စကားတောင် မဆုံးသေးဘူး။ ထုံးစံအတိုင်း ရန်ဖြစ်ကြတော့ တာ။ သူကလည်း မခံ။

'ခင်ဗျားကိုပြောချင်လို့ ပြောနေတာ မဟုတ်ဘူး၊ တာဝန် အရ ပြောရတာ၊ နောက် လုံခြုံရေးလေ'

ဒါနဲ့ ဆက်ပြီး ကိုကြီးကျော်ပြုံးကို မဆင်တဆင်ပြုံးတယ်။ ဟုတ်တယ်လေ။ နှုတ်ခမ်းမွေးက ကိုကြီးကျော်လောက် မရှည်ဘူး။

'ကောင်းပြီလေ… အဲဒီလိုမလုပ်ချင်ရင်လည်း ပြဿနာ တစ်ခုခုဖြစ်ရင် ခင်ဗျားကြောင့်လို့ လွှဲချလိုက်ရုံပဲပေါ့'

'ဘာဗျ'

ဘာမှကိုမပြောတော့ဘဲ မျက်စောင်းထိုးပြီး…

ယောက်ျားကြီးတန်မဲ့ စိတ်ကောက်ကာ တံခါးပေါက်ဆီ မျက်စောင်းထိုးပြီး ဆောင့်ဆောင့် ဆောင့်ဆောင့်နဲ့ သွားတော့တာ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ဖြစ်ချင်တော့ ဆင်က မလိုက်ဘဲ အကြောက်လွန်ပြီးပြေး လိုက်တာများ မှန်လို့။ အားကိုးရတာ ပြောပါတယ်။ ရှေ့ဝဲလ်က နောက်ဆုံးကနေ ပြေးလိုက်သွားရင်း လှမ်းအော်တယ်။ မအော်လို့ လည်း မရ။ ပြေးတာ အတော်ကြာပြီဆို။ မနက်ကတည်းက ပြေး တာ နေ့တစ်ဝက်ကျိုးနေပြီလေ။

'ဟာ… ရပ်ကြပါဦးဟ'

'ဟေး… ရပ်ကြပါဦး'

'ဟင့်အင်း… ရပ်ဘူးဟာ၊ အမယ်ငြီး…ဆင်ကြီးအကြီး ကြီးပဲ၊ အဟင့်…'

'အဘား… ကံကောင်းလို့ မသေတယ်'

ရပ်ဘူးရယ်။ တစ်ယောက်မှ။ ဒါနဲ့ တင်းသွားပြီး အကျယ် ကြီးရပ်ပြောရတော့တာ။

'ဟာ… ရပ်ကြ၊ မင်းတို့ပထွေးက ဘယ်ဆီကျန်ခဲ့မှန်း တောင် မသိဘူး၊ နောက်ကိုလည်း လှည့်ကြည့်ကြဦး'

'ဟင့်အင်း… ကြည့်ရဲဘူးဆို'

'ဟာ… ကြည့်ကြပါဟာ'

'ကြည့်ဘူးဟာ'



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ စိတ်မရှည်တော့ဘူးရယ် ပြောတော့ ဘာလေးညာလေး နဲ့ ပြေးပြီဆို ရှေ့ဆုံးက။

'ဟာ... ပြေးချင်လည်း ပြေးကြ၊ ငါတော့ မောပြီ'

ပြောလည်း ပြော၊ ထိုင်ချလိုက်တော့။ အဒူလာနဲ့ ကျန်တဲ့ လူတွေက ဆက်မပြေးတော့ဘူးရယ်။ ကြည့်... ရပ်နိုင်းတော့ ပြေး ပြီး ပြေးနိုင်းမှ ပြန်ရပ်နေကြတာရယ်။

'ဟာ... ဟုတ်ပ၊ မပါလာဘူးကွ၊ အဟ...'

'အမယ်ကြီး... မောလိုက်တာ'

'ဟွန်း...'

ကုလားတွေလည်း လှဲသူလှဲ၊ ထိုင်သူထိုင်နဲ့ အမောဖြေနေကြ တော့ ရှော့ဝဲလ်က စွေကြည့်တယ်။

ပြီးမှ အဒူလာကို...

'ဘယ်လိုလဲ၊ မောသွားပြီလား'

'အဟဲ... အင်း...'

'စောစောကပြောတော့ ဘယ်နှယောက်လာလာဆို'

'ဟာ... အဲဒါက လူလူချင်းပြောတာ၊ အခုဟာက ဆင်ကြီး တွေဆိုတော့ အဟဲ... နည်းနည်းလန့်တာလေ'

'ဪ... နည်းနည်းပဲ လန့်တာကိုး'

အံမယ်... နည်းနည်းလန့်တာ နေ့ဝက်ပြေးရင် များများသာ လန့်လို့ကတော့ ဘာမှကိုမ်ပြောချင်တာနဲ့ ပါးစပ်ပိတ်ပြီး အမောဖြေ နေတော့တာ။

'ဝေါ... ဝေါ...'

'ဟော... ကြားလား'

အမောဖြေနေတုန်း အသံကြားတာ ဘာသံမှန်းမသိ။ အခု ရောက်နေတာက တစ်ဖက်မှာ၊ တောင်နံရံတစ်ဖက်မှာ တောအုပ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီနှစ်ခုအလယ်က ခြေတွက်လပ်လေးမှာ ကုလားတွေလည်း ခေါင်းဆောင်လာကြတယ်။

'ခေါ်... ခေါ်...'

'ဟင်...'

'ဟာ... တိုက်လေယာဉ်'

ကြည့်နေတုန်းမှာပဲ တောင်နံရံအကွယ်ကနေ တိုက်လေယာဉ်နှစ်စင်းက ဘွားခနဲပေါ်လာပြီး မမြင်ဘဲ ကျော်သွားတယ်။ အဲ... ပြီးမှ ပြန်လှည့်ကြည့်လာတော့...

'ပြေး... တောအုပ်ထဲကိုပြေး'

'အမယ်ကြီး... ပြေးရပြန်ပဟ'

'အဘား...'

အသံမျိုးစုံထွက်ပြီး တောအုပ်ဘက်ကို အူယားဖားယားဝင်ပြေးရတော့တာ။ ဒါပေမဲ့ အတော်လေးလှမ်းတော့ ကွင်းပြောင်ထဲ ပြေးနေရတာ။

'ဖောက်... ဖောက်...'

'ဖျောင်း... ဖောက်...'

ပစ်ကွင်းက အရှင်းကြီးရယ်။ ကျည်ဆန်တွေက မိုးသီးမိုးပေါက်လို ကျလာတော့တာ။ ဒီတော့ ပြေးနေတဲ့သူတွေလည်း ဘေးဝဲယာကို လိမ့်ရှောင်လိုက်ကြတယ်။ ကျည်လမ်းကြောင်းက အလယ်ကနေ ဖြတ်သွားတယ်။

'ဝေါ... ဝူး...'

တောင်နံရံခံနေတော့ ကွယ်သွားပြီး တစ်ခါပြန်လှည့်လာတယ်။ ဒါနဲ့ အတင်းကုန်းထပြီး ပြေးကြရပြန်တယ်။

'ဝေါ... ဝူး...'

'ဖောက်... ဖောက်...'

www.burmeseclassic.com

www.burmeseclassic.com



'အား… အီး…'

'ပလောက်… ပလောက်…'

'အား… အူး…'

ဒီတစ်ခါတော့ တောအုပ်ထဲကို လေးယောက်ပဲဝင်လာနိုင်ပြီး ကျန်လေးယောက်ကတော့ ဆန်ခါပေါက်ဖြစ်ပြီး ကျန်ခဲ့တယ်။ တောအုပ်ကထူတော့ လေယာဉ်တွေက ကျန်လေးယောက်ကို ရှာမတွေ့တော့ဘူးရယ်။

ဒါနဲ့ အပေါ်မှာ ဆူညံနေအောင် အထပ်ထပ်အခါခါ ဝဲပြီး ပျံနေကြတာရယ်။ အတော်ကြာတော့မှ အသံပျောက်ပြီး ပြန်တိတ်သွားတော့တယ်။

'ဟူး… မလွယ်ပါလား'

'အီး… ဟီး… အမယ်လေး… ရာကွတ်ရဲ့'

'အဖြစ်ဆိုးလိုက်ကြတာ'

ရှော့ဝဲလ် အတော်စိတ်ပျက်သွားတယ်။ ကုလားသုံးကောင်ကတော့ သေသွားတဲ့လူတွေကို သွားဆယ်ပြီး ငိုနေကြတာများ သောက်သောက်လဲ။

'ဘာမှတောင် မလုပ်ရသေးဘူး၊ အသေခံရတာ'

'ဟုတ်တာပေါ့ ဆာဂျင်ရယ်၊ အဟင့်…'

'ကဲ… ကဲ… ငိုမနေကြနဲ့၊ မြေမြှုပ်ခဲ့ကြ၊ မြန်မြန်လုပ်၊ အချိန်မရှိဘူး'

အဒူလာနဲ့ ကျန်နှစ်ယောက်က မျက်ရည်စက်လက်နဲ့ တွင်းကြီးတစ်ခုကိုတူးပြီး အလောင်းလေးခုကို ချပြန်ပြီး မြေဖို့လိုက်ကြတယ်။

ရှော့ဝဲလ် စိတ်ပျက်လက်ပျက် ထိုင်နေမိတယ်။ ဟုတ်တယ်လေ။ တောကြီးမျက်မည်းထဲ ဘယ်နားရောက်လို့နေမှန်းတောင် မသိတဲ့အပြင် လူလေးယောက်ပါ အသားလွတ်ရှောသွားတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တဲ့ အဒူလာနဲ့ နှစ်ယောက်ကလည်း အတော်အားကိုးချင်စရာ။ မျက်နှာငယ်လေးတွေနဲ့ ကျီးကြည့်ကြောင်ကြည့် ကြည့်ပြီး သေကြောင်ကြောင်လေးတွေရယ်။

စကားလည်း တစ်ခွန်းမှ ဟဟတောင်မပြောတော့ဘူး။ လျှောက်လည်း ဘာလုပ်ရမှန်းမသိတာနဲ့ ဆောင့်ဆောင့် ဆောင့်ဆောင့်နဲ့ တိုလျှောက်ဒီလျှောက်…

'တောက်… အောင်သင်းတို့ရှိရင် ကောင်းမှာ၊ စက်ကလည်း သူတို့ဆီ ပါသွားပါရောလား'

'တွေ့ရင် ကောင်းမယ်နော်'

'ဟွန်း… အခုမှ'

အဒူလာက ဝင်ပြောတော့ မျက်စောင်းထိုးပြီး စွေကြည့်ကာ အပြစ်တင်လိုက်သေးတာ။ ကြံရာမရတဲ့အဆုံး ချုံရဲ့တစ်ဖက်ကို ကျော်ကြည့်လိုက်တော့…

'ဟင်…'

သေချာအောင် ချုံကိုဖြဲပြီး အသေအချာကြည့်တော့ ဟိုးအောက်ချောက်ထဲမှာ မြို့အသေးစားလေးတစ်ခုလို တွေ့ရတယ်။ ပြီးတော့ မြွေလိမ်မြွေကောက်ကားလမ်းက မတွေ့တစ်ခါ တွေ့တစ်ခါနဲ့ အခု သူတို့ရောက်နေတဲ့ တောအုပ်ဘေးအထိ ပေါက်နေတယ်။

'ဟာ… သေချာပြီ အဒူလာ'

'ဗျာ… လာပြီ၊ ဘာတုံး'

'ဟိုမှာ ဂျပန်စခန်း'

'ဟင်…'

'ဝူး… ဝီး… ဝီး…'

'ဟင်… ဘာသံလဲဟင်'

'ဟာ…'



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေတဲ့အချိန်မှာပဲ အသံတွေကြားရပြန်တယ်။ ဒါနဲ့ ခေါင်းနပန်းကြီးပြီး ငြိမ်နားထောင်နေတုန်း တောင်စောင်းအကွယ် ကားလမ်းကနေ စစ်ထရပ်ကားနှစ်စီးနဲ့ ရှေ့မှာ ဂျစ်ကားတစ်စီး။

'ဟာ…'

'လာကုန်ပြီ'

အသေအချာကြည့်ပြီး ကြောင်နေကြတာရယ်။ ဒါနဲ့ လေးယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး…

'ပြေးစို့'

'ပြေးဟ'

ကားတွေကလည်း မလှမ်းမကမ်းမှာရပ်ပြီး ဆင်းလာကုန် ပြီ။ ဘာပြောကောင်းမလဲ။ ပြေးလိုက်ကြတာများ မှုန်နေတာရယ်။

'ပြောတော့ ဘယ်နှယောက်လာလာဆို'

'သဘောပြောတာ၊ အဟင့်…'

'သြော်… သဘောပြောတာကိုး'

* * *

အောင်သင်းနဲ့ ဒေဝ မိုးလင်းကတည်းက အလုပ်ရှုပ်နေကြ တာ။ စက်တစ်လုံးနဲ့ ဆက်သွယ်နေတာ ဘယ်လိုမှမရ။ တရှဲရှဲအသံ ပဲ ကြားရတာ။

ကြာတော့ လှည့်နေတဲ့ ဒေဝလည်း လက်အံ့သေလာတယ်။ …ချွေးပါပျံလာတာ။ ဒါနဲ့ ရပ်တည်နဲ့ ဆက်မလှည့်တော့ဘဲ ရပ် …က်တော့တာ။ အောင်သင်းလည်း ဘာမှမပြောတော့ဘူးရယ်။

ဒီအချိန်မှာပဲ တဝေါ်ဝေါ်အသံတွေနဲ့ တိုက်လေယာဉ် …စင်း သစ်ပင်ထိပ်ဖျားကနေ ဘွားခနဲပေါ်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဝေါ...'

'ဟာ...'

'ပုန်းဟာ'

ဘာပြောကောင်းမလဲ။ ပုန်းလိုက်ကြတာများ အသံက ဆောင် နောက်တူနေသေး။ ခပ်နိမ့်နိမ့်ကနေ ခပ်ဖြည်းဖြည်းပျံပြီး အဆောက်ကြာအောင် လှည့်ပတ်ကြည့်နေတယ်။

တစ်ယောက်မှ နားရွက်တောင်မခတ်ရဲ။ ဟုတ်တယ်လေ။ မြင်သွားလို့ကတော့ ဆန်ခါပေါက်ဖြစ်ပြီ။ ဒါပေမဲ့ မတွေ့တော့။ လာလမ်းအတိုင်း ပြန်သွားတော့တယ်။

'ဟင်း...'

'အဟီး... တော်သေးတာပေါ့'

ရှေ့က လေယာဉ်ကိုပဲ အာရုံစိုက်နေတာ နောက်ကိုလည်း လှည့်ကြည့်လိုက်ရော အကုန်ခေါင်းကြီးကုန်တယ်လေ။

'ဟိုက်...'

'ဟင်... ဆင်... ဆင်...'

ဆင်တွေများ အများသားရယ်။ အဘိုးကြီးကနေ ကလေး အထိ ပါတယ်။ အုပ်လိုက်သင်းလိုက် ပြူးကြောင်ကြောင်လေးတွေ ရပ်လို့ လေယာဉ်သံကြောင့် ထွက်လာတာထင်တာပဲ။

'ဟင်... ပြေး'

'ပြေးပြီ'

ခဏတော့ ကြောင်ပြီးကြည့်နေသေးတာ ဘာပြောကောင်း မလဲ။ နောက်ဆုံးက အောင်သင်း ကောက်ခနဲထပြေးတာ ရှေ့ဆုံး ရပ်နေတဲ့ ကြာဖြူကို ကျော်သွားတာ။ အံမယ်... မြန်တ ပြာ တယ်။

'ဟင်...'

www.burmeseclassic.com



'ဟာ… မြန်လှချေလား'

'အေး… ဟုတ်ပ'

ကျန်တဲ့လူတွေလည်း ခဏနေသေးတာ နောက်မှ သတိရပြီး ပြေးလိုက်သွားလိုက်ကြတာများ။

'ကျည်…'

'ကျည်… ကျည်…'

ဆင်အုပ်ကလည်း ပထမတော့ ကြောင်ကြည့်ပြီး ရပ်နေသေးတာ။ တစ်ကောင်မျက်နှာ တစ်ကောင်ကြည့်ပြီး ဘာလို့ပြေးတာလဲလို့ တွေးနေကြတာ။ ပြီးမှ သူတို့ရဲ့ အနောက်ဘက်ကိုလှည့်ကြည့်တော့လည်း ဘာမှမတွေ့ဘူး။ အဲ… ဒါပေမဲ့ ဘာမှမတွေ့တာကိုပဲ ကြောက်ပြီး အူယားဖားယားပြေးလိုက်သွားတော့တာ။

မှောင်ရီမျိုးစ ငှက်ကလေးတွေ အိပ်တန်းတက်ကုန်ပြီ။ တောင်တန်းကြီးတွေ၊ တောအုပ်ကြီးတွေဟာ နေလုံးကြီးနောက်ခံထားပြီး လှချင်တိုင်းလှနေတော့တာ။

အဲ… အောင်သင်းတို့ကတော့ ဒါတွေကို မခံစားနိုင်ဘူး။ နေ့လယ်ကတည်းက ပြေးနေတာ။ အခုချိန်ထိ ခွေးပြေးဝက်ပြေးသူက ရှေ့ဆုံးကနေ ပြေးတော့ပြေးနေတာ အသားလွတ်တော့မဟုတ်။ မြေပုံထုတ်ကြည့်ပြီး ခန့်မှန်းမိသလောက် စခန်းရှိမယ့်ဘက်ကို ပြေးနေတာလေ အကြံက ပိုင်တယ်။

အဲဒါကြောင့် လမ်းမမှားတဲ့အပြင် ကံကောင်းထောက်မပြီး တဖြည်းဖြည်း စခန်းနဲ့နီးလာတယ်။ ဒါကိုတော့ မသိကြပါ။

ဆင်အုပ်ကလည်း မလှမ်းမကမ်းကနေ လိုက်လာတာ အောင်သင်းတို့နားရင် သူတို့ကလည်း မနီးမဝေးကနေ ရပ်ပြီး ပေကြောင်ကြောင်လေးတွေ ကြည့်လို့။ အခု ပြေးတော့ လိုက်ပြေးကြပြန်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးက ကြာဖြူက ရှေ့ဆုံးက အောင်သင်းကို…

'ကိုကြီးအောင်သင်းရဲ့… ရပ်တော်မူပါဦး၊ တကတည်း… ပြေးလိုက်သမှ ယောက္ခမလိုက်သလား ထင်ရ'

'မင်းကြီးတော် ယောက်ျားကြီးတွေ အုပ်လိုက်သင်းလိုက် လိုက်နေတာ သေချင်လို့လား'

တကကလန်အောင် ရန်တွေ့ပြီး ပြန်တွေ့တော့တာ မော လည်းမောနေပြီ။ ရပ်လည်း မရပ်ဘူးလေ။ ဒါနဲ့ ဆက်ပြေးရင်း ငှက်ပျောတောတစ်တောကိုတွေ့တော့ အကြံရပြီး…

'အဟား… အဆင်ပြေပြီထင်တယ်၊ ငှက်ပျောတောဘေး က ပတ်ပြေးကွာ'

'ဘာမှမပူနဲ့၊ ဟော… ဟော… ဟဲ… ဟဲ… ငါတို့ပြေး တာတွေ့လို့ လမ်းကြုံလို့လိုက်လာတာဖြစ်မှာ၊ ဟော… ဟဲ…'

ပေတိုးပြောမှပဲ ရှင်းတော့တာ။ ဟုတ်တယ်လေ။ ဆင်လိုက် လာတာတောင် လမ်းကြုံလို့တဲ့။ စမ်းချောင်းလေးဘေးမှာ ငှက်ပျော တောနားရောက်တော့ ပတ်ပြေးတယ်။

အဲ… ကိုရွှေဆင်တွေကတော့ တုံ့ခနဲရပ်လိုက်တယ်။ စော စောက ပြေးတာကိုမေ့ပြီး ရေမိုးချိုးတဲ့ဆင်က ချိုး၊ သောက်တဲ့ အကောင်က သောက်၊ ငှက်ပျောတောထဲဝင်တဲ့အကောင်က ဝင်နဲ့ အလုပ်ရသွားပြီး သူတို့ကို ဂရုပင်မစိုက်တော့။

'ဟဲမရေး… မသာကြီးတွေ၊ ငါတို့မတော့ ပြေးလိုက်ရတာ တစ်နေကုန်၊ ဘာမှန်းလဲမသိဘူး၊ တော်တော်ဆိုး… ဟင့်… ဆင်ဆိုး'

ပြောလည်းပြော ပေတိုးက ခြေပစ်လက်ပစ်ထိုင်မယ်ပြု တုန်း အောင်သင်းက ပထွေးလိုဟောက်လိုက်တာ တွန့်ပါသွားတယ်။

'မင်းဘာကြီးဆင်အုပ်နဲ့ နီးသေးတာ၊ ဘာလဲ… သေချင်လို့ နားမှာလား၊ လာ… ဆက်ပြေးရမယ်၊ နည်းနည်းဝေးဝေးကို'



www.burmeseclassic.com

www.burmeseclassic.com



'အဟဲ… ဟုတ်လား'

ဟုတ်တယ်လေ။ မတော် ငှက်ပျောခိုင်မတွေ့လို့ ပြန်ထွက်လာမှ ဟုတ်နေမှာ၊ နည်းနည်းလှမ်းတဲ့ချောင်းဘေး ကမူလေးပေါ် ရောက်မှ အကုန်ခြေပစ်လက်ပစ် ကျကုန်တယ်။

ခဏကြာတော့ အောင်သင်းက ဆရာထလုပ်တယ်။

'ကဲ… ကဲ… အားလုံးလည်း ဆာပြီ၊ စားဖို့သောက်ဖို့ လုပ်ကြ'

ဒါနဲ့ပဲ ထင်းရှာသူရှာ၊ ဆန်ဆေးသူဆေး၊ မီးမွှေးသူမွှေးနဲ့ အလုပ်ရှုပ်သွားကြတာ။ အောင်သင်းကတော့ မြေပုံထုတ်ကြည့်ပြီး သဘောအကျကြီးကျနေတော့တာ။

'ဟား… ဟား… ကောင်းကွာ၊ အဟား… ကောင်းတယ်ကွာ၊ အဟေး… ဟေး…'

'ဘာတွေ့ထားလို့ ဘာကောင်းနေတာလဲ ဆရာသမားရဲ့'

'မင်းညီမတွေ အဲ… ယောင်လို့၊ နှစ်ရက်စာလောက်သွားမှာကို နေ့ဝက်နဲ့ရောက်လာလို့ဟေ့၊ ဟိုကျေးဇူးရှင်တွေကြောင့်ဟ၊ အဟ…'

ဝေမိုးကိုပြန်ပြောပြီး ရယ်နေလိုက်တာများ နားရင်းပြေး အုပ်ချင်စရာ။ ကြာဖြူကလည်း ဝင်ပင့်လိုက်သေးတာ။

'ဟာ… ဒါဆိုရင် သူတို့ပြန်အထွက်ကိုစောင့်ပြီး ဝိုင်းစပြီး ပြေးကြမယ်လေ၊ ဒါမှအမြန်ရောက်မှာနော့၊ ဟုတ်ဘူးလား'

'ဟာ…၊ အကြံပိုင်ပ'

ဝေမိုးက ထောက်ခံတော့ အောင်သင်းက အငယ်ကိုမိတဲ့ အကြီးမျက်နှာနဲ့…

'မင်းဘကြီးတွေနဲ့ မင်းပဲပြေး ကြွက်မျိုးရဲ့၊ သည်းခံတုံ ဘူး၊ ဒါလောက်သောက်သောက်လဲပြေးရတာတောင် မမော သေး ဘူးလား မြည်းမသားရဲ့'



www.burmeseclassic.com

www.burmeseclassic.com



'အို…'

ကောင်းပါ၏။ သူပြောမှ ဘကြီးက ဆင်၊ မျိုးရိုးက ကြွက်၊ အစောက မြည်းဖြစ်တော့ ကြာဖြူက ဘာကို ဘယ်လိုခေါ်ရမယ့် အကောင်သဲ ထေိတော့။ ဒါနဲ့ ငြိမ်ကုပ်သွားတော့တာ။

* * *

စားသောက်ပြီးတော့ ပြေးရလွှားရတာနဲ့ စကားတောင် တတာမပြောချင်တော့ဘူး။ ဒါပေမဲ့ ဒီတောထဲကိုရောက်လာတာ ဘာရယ်ညာရယ်ဆိုတာမဟုတ်။ ရန်သူ့လက်နက်တွေကို ဖျက်ဆီးဖို့ လောက်ပဲ သိကြတာ။ ဒီထက်ပိုပြီးတော့ ဘာမှလည်းမပြောဘူး။ ပြောရင်လည်း လိုက်ကြမှာမှ မဟုတ်တာ။

အောင်သင်းကိုကြည့်တော့လည်း သက်ပြင်းတဟင်းဟင်း ချပြီး တွေဝေနေသလိုပဲ။ ဒါနဲ့ ကြာဖြူက…

'ကိုကြီးအောင်သင်း… တစ်ခုခုကို သိထားသလိုပဲ၊ ကျွန်တော်တို့ကိုလည်း ပြောပြပါဦး'

'ဟွန်း…'

အောင်သင်းက သက်ပြင်းကို အရှည်ကြီးဆွဲပြီးမှ ရပ်တည်နဲ့ပြောပြတယ်။

'ဒီလိုကွ… တကယ်တော့ ဒီခရီးကိုမသွားမှာစိုးလို့ အကုန်မပြောပြလိုက်တာ၊ လေယာဉ်ပေါ်ရောက်မှ ရှေ့ဝဲလ်ပြောပြလို့ အကုန်သိရတာ၊ မင်းတို့ စိတ်ဓာတ်ကျမှာစိုးလို့ မပြောတာ'

'ဟင်… တကယ်'

'အင်း… တကယ်ပေါ့ဟ'

'အခုသွားရမယ့် တကယ့်နေရာ တပ်မ (၃၃) ပြောရမယ်



www.burmeseclassic.com

www.burmeseclassic.com



ဆို မြို့လေးတစ်မြို့လောက် ကျယ်တာ၊ ဝင်ဖို့ခက်သလို ထွက်ဖို့လည်း ခက်တယ်၊ အနားတောင်ကပ်ဖို့ ခက်တယ်'

အားလုံးငြိမ်ကုပ်ပြီး မျက်နှာသေလေးတွေနဲ့ ဆက်နားထောင်နေမှ…

'ငါတို့ကိုလွှတ်တာ ဘာဟုတ်သေးလဲ၊ အရင်လွှတ်လိုက်တဲ့လူတွေဆို တစ်ယောက်မှကို ပြန်မလာတော့တာတဲ့'

'ဟင်…'

'မဟင်နဲ့၊ အဲသမှာ လူတွေကလည်းများ၊ လက်နက်တွေကလည်း စုံ၊ လေယာဉ်တွေဆို ရေတောင်မရဘူးတဲ့'

'ဗျာ…'

'မဗျာကြနဲ့၊ ငါတို့က သူတို့ကို စိတ်အနှောင့်အယှက်ဖြစ်အောင် တစ်နည်းပြောရရင် တည်ကြက်သဘော ငါတို့ကို အာရုံစိုက်နေတုန်း 'မက္ကင်ဇီ'က ဝင်တိုက်မှာ၊ လှည့်စားတဲ့သဘော'

'ဒီအတိုင်းဆို အဟင့်… ကိုယ့်တွင်းကိုယ်တူးရမှာပေါ့နော်'

မင်းမောင်က မသက်မသာညည်းတော့ စိတ်ဓာတ်ပါကျပြီး တစ်ယောက်တစ်မျိုးစီ ညည်းတော့တာ။ အောင်သင်းက ရပ်တည်နဲ့ လက်ကာပြပြီး သူ့ရဲကောင်းလေသံပျော့ပျော့နဲ့…

'ဒီတိုက်ပွဲက နောက်ဆုံးတိုက်ပွဲဖြစ်နိုင်တယ်၊ ဒါကိုနိုင်သွားရင် လူအများလွတ်လပ်သွားမှာ၊ ဒီတော့ ငါတို့သေလည်း မြတ်တယ်'

တစ်ချက်ငေ့ကြည့်တယ်။ မျက်နှာက တိုက်ပွဲဝင်စစ်သူကြီးတစ်ယောက်ရဲ့မျက်နှာလို လေးနက်နေတာရယ် သက်ပြင်းကိုရှိုက်သတာ။

'ဟင်း…'

'အတင်းအကျပ်တော့ မတိုက်တွန်းချင်ပါဘူး။ မလိုက်ချင်



www.burmeseclassic.com

www.burmeseclassic.com



ရင် ဘယ်သူမဆို နေခဲ့လို့ရတယ်။ နောက်ဆုံး ဘယ်သူမှမလိုက်ရင်လည်း ငါတစ်ယောက်တည်းပဲ'

ဆိုပြီးပြောပြီး စကားသံပြတ်သွားပြီး တိတ်သွားတယ်။ ဒါနဲ့ကြည့်ပြီး သနားသွားကြတယ်။ လက်တွဲပြီးတိုက်ခဲ့တဲ့ တိုက်ပွဲပေါင်းလည်း နည်းခဲ့ပါ။ တေည့်ကြတာက မတည့်တာပဲ။ တကယ်သံယောဇဉ်ရှိကြတာရယ်၊ ပြီးတော့ တစ်ယောက်တည်းအနစ်နာခံပြီးသွားမယ့်သဘောလေ။

ဦးဆောင်တဲ့သူဆိုတာ လွယ်တယ်မှတ်လို့။ တချို့ဆို ပြောင်းရှည်တစ်လက် တိုတစ်လက်ဆွဲပြီး အသေခံတိုက်ကြတာ။ (မှတ်ချက် ဝီဒီယိုစာတ်လမ်းများထဲတွင်သာ) ခဏတော့ ငြိမ်နေကြတယ်။

တစ်ခုခုကိုဆုံးဖြတ်ပြီးပုံစံနဲ့ ပေတိုးက မျက်နှာသေကြီးကိုမော့ပြီး…

'ကျွန်တော်ကတော့ လိုက်မယ်'

'ကျွန်တော်လည်း လိုက်မယ်'

တစ်ယောက်ပြီးတစ်ယောက် လက်ထောင်ပြီး လိုက်မယ့်အကြောင်းပြောပြီး တစ်ယောက်နဲ့တစ်ယောက် လက်ချင်းတွဲထားကြတယ်။ အဲ… ကြာဖြူကတော့…

ကြာဖြူကတော့ မျက်နှာကြီးမဲ့ပြီး တစ်ခုခုကိုအောင့်ထားရသလို အံကြိတ်ကြိတ်ပြီး သက်ပြင်းကို ဟင်းချကာ ဘာမှမပြောဘူးရယ်။ ထရပ်ပြီး ရပ်တည်နဲ့ ဟိုဟာကုန်းရှာသလို ဒီဟာကုန်းရှာသလိုနဲ့ အမှောင်ထဲဝင်သွားတော့တာ။

ဘယ်သူမှတော့ မတားကြဘူး။ အားလုံး စိတ်မကောင်းဟန်နဲ့ ငေးကြည့်နေကြတယ်။ ဟုတ်တယ်လေ။ ဆုံးဖြတ်ချက်ချင်းတူတာလိုက်လို့။ ဒါပေမဲ့ သေအတူရှင်မကွာ လက်တွဲပြီးတိုက်ပွဲဝင်ခဲ့ကြတာ။ နိုင်တာရှိသလို ပြေးရတာလည်း ရှိတယ်။ (ပြေးရ



www.burmeseclassic.com

www.burmeseclassic.com



တာက ပိုများတယ်) ဒါကြောင့်မို့ သံယောဇဉ်တော့ ရှိကြတယ်လေ။ အောင်သင်းက…

'အေးလေ… သူသွားတော့လည်း သွားပါစေ၊ တကယ်တော့ မင်းတို့မလိုက်လည်း ငါတစ်ယောက်တည်းကွ'

'အေးလေ'

'အဟဲ… အဲဒါပြောတာ၊ ငါတစ်ယောက်တည်းလည်း သွားမယ်ထင်လား၊ သွားဘူး'

'အန်… ဟန်…'

အံ့သြကုန်တာရယ်။ ဟုတ်တယ်လေ။ အထင်ကြီးကြတာကိုး။ ဟိုက မျက်လုံးပြူးကြီးနဲ့…

'မအန်ကြနဲ့လေ၊ ငါတစ်ယောက်တည်းဆို သွားဖို့မပြောနဲ့၊ တွေးတောင် မတွေးဘူး'

'ညှင်… ဟင်…'

'မညှင်ကြနဲ့၊ လွယ်တာမှတ်လို့'

ဘာမှကိုမပြောတော့။ သူတို့ကတော့ လေးစားလိုက်ရတာ။ အခု ဖွတ်ထွက်မှ ဆတ်ခေါင်းကြီးမှန်းသိရတော့တာ။ မှတ်ပလား။ ဟိုက မုဆိုးမလင်ထောင်သံ ပတ်ချွဲနှပ်ချွဲနဲ့ ပြောသေးတာ။

'အဟဲ… ဟဲ… နာ့ကို ပစ်မသွားကြနဲ့နော်၊ အဟီး…'

သူ့ကို နားရင်းထတီးချင်နေတာ လက်ကို အတင်းအရှိန်သတ်ထားရတယ်။

'ဟင်…'

'ဟာ… ဘာတုန်းဟ'

'ဘယ်သူလဲ'

အဲဒီအချိန်မှာပဲ အမှောင်ထဲကနေ ကုန်းကွကွနဲ့ထွက်လာတဲ့ လူတစ်ယောက်။ ဘယ်သူလဲမှတ်တယ်။ ကြာဖြူလေ။ အတုန်ခမ်းသာသွားကြတော့။

www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ကြာဖြူ၊ မင်း… မင်း ဘာကယ်မသွားဘူးနော်၊ ဝမ်းသာလိုက်တာကွာ'

'ဟာ… မင်းတို့ကိုက တုံးတာ၊ မင်းတို့ဘယ်သွားသွား ဘယ်တုန်းက နေခဲ့ဖူးလို့လဲ၊ အဟဲ…'

'ဒါ… ဒါဆို မပြောမဆို ဘာလို့ထသွားတာလဲဟ'

'ဟာ… ငါ့ဟာငါ ဗိုက်နာလို့ တုတ်ရှာပြီး ချုံသွားတိုးတာ မင်းတို့ကို ပြောရမလား၊ ဟဲ… ဟဲ… ဟဲ… ဟီး…'

'ဟာ… အခင်းဟာ'

ရှုက်ခွက်အပြောင်ကြီးနဲ့ပြောတော့ စောစောက အောင်သင်းကိုတင်ထားတဲ့ ဒေါသတွေ ကြာဖြူကျော့ပေါ် တအုန်းအုန်းနဲ့ စုကျကုန်တာရယ်။ ညဟာ လမသာ ဘာမသာနဲ့ တဖြည်းဖြည်း အိုမင်းရင့်ရော်သွားလေရဲ့။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

'ဝေါ...'

အသံတွေကြားရလို့ ကြာဖြူလန့်နိုးသွားကာ ဘေးဘီကို အိပ်မှုန်စုံမွှားနဲ့ကြည့်တာ ဘာမှမတွေ့ဘူးရယ်။ အပေါ်ကိုမော့ကြည့် လိုက်မှ...

'ဟိုက်...'

'ဝေါ...'

အပေါ်မှာ တိုက်လေယာဉ်နှစ်စင်းကြီးများတောင်။ အမယ် သူတလွဲလို့ အကုန်ပုန်းပြီးနေပြီ။ ဒါမျိုးဆို မြန်ကြတာ။ ဒါနဲ့ ချုံထဲကို ထိုးခွဲဝင်လိုက်တော့တာ။

နိမ့်နိမ့်လေးပျံပြီး ဖြည်းဖြည်းချင်းဝေ့ရှာတယ်။ မတွေ့ဘဲ ပျောက်သွားတော့ တစ်ယောက်မှမလှုပ်ရဲ ငြိမ်ကုပ်နေရတာရယ်။ တော် တော်ကြာမှ အပေါ်ကနေဖြတ်ပြီး နောက်ကြောင်းပြန်လှည့်သွားတော့ တာ။

အသံတိတ်သွားတော့မှ အကုန်အပြင်ထွက်လာကြတယ်။ ခေါင်းသင်းက မလှမ်းမကမ်းမှာရပ်ပြီး ဆရာကြီးလေသံနဲ့ပြော တော့...

'ဒီကောင်တွေ လာဦးမှာပဲ၊ အခုကတည်းက မလုပ်ရှပ်... ရှပ်...'


www.burmeseclassic.com

www.burmeseclassic.com



'အား…'

'ပြေးထားဟ'

စကားတောင်မဆုံးဘူး။ ခြောက်ယောက်သား သံပြိုင်အော်ပြီး ပြေးလိုက်သနေ သောက်သောက်လဲ။ သူလည်း အူကြောင်ကြောင်ဖြစ်သွားတာ။

'ဟာ… ဘာလဲဟ'

'အဟဲ… တယ်လည်း ဆရာကောင်းတပည့်ပီသတာ၊ ပြေးတဲ့နေရာ ပြောပါတယ်'

'ဟင်…'

ဒါနဲ့ သက်ာမကင်းဖြစ်ပြီး နောက်လှည့်ကြည့်လိုက်တာ။

'ဟာ…'

မျက်လုံးပြူးကြီးနဲ့ ရှေ့ချက်ချင်းပြန်လှည့်လာတယ်။ အဲ… သေချာအောင် နောက်တစ်ခါထပ်ကြည့်တော့…

'အီး…'

'အဟု…'

ပါးစပ်ကို လက်ဝါးနဲ့ပိတ် အတင်းမျိုချတယ်။ ဟုတ်တယ်လေ။ နောက်မှာ စွယ်စုံဆင်ကြီးတစ်ကောင် မှင်မောင်းအပြည့်နဲ့ ရပ်နေတာရယ်။ ဘာပြောကောင်းမလဲ။ လှည့်ပြေးတော့တာ။ အဲ… မရဘူး။ အကွက်ကျိုမြင်တဲ့ဆင်က အင်္ကျီသိုင်းကြိုးကနေ နှာမောင်းနဲ့ဆွဲပြီး မြှောက်ထားတာ ယက်ကန်ယက်ကန်နဲ့ တွဲလောင်းကြီးရယ်။

'ကျည်…'

'ဗိုး… ဟီး…'

'အမယ်ငိုး…'

ပြီးတော့ တရုတ်သိုင်းကားတွေထဲက တုတ်ရမ်းသလိုမျှတ်နေအောင် ဘယ်ညာလှည့်နေတာများ ဂျက်လီတို့၊ ဂျက်ကီချန်းတို့ အမျိုးလား မှတ်ရတယ်။ ကျွမ်းတာပြောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဝိုး… ဟီး…'

'အီး… ဟီး… ဒီတစ်ခါတော့ ငါတကယ်ပြေးပြီ'

အောင်သင်းလည်း မျက်လုံးထဲ ကြွယ်ပိစိလေးတွေ လသား ဆေါက်လေးတွေ အထွေးလိုက်မြင်နေတော့တာ။ ဆင်ကလည်း ဘယ် ကတည်းက အမြင်ကတ်နေတာရယ် မသိဘူး။ အိဆို ကီးသွင်း နောက်တစ်လှမ်းဆုတ်ကာ အရှိန်ယူပြီး လွှဲပစ်လိုက်တာ။

'ဝိုး… ဟီး… အီး…'

'အမယ်ငီး…'

အမေမပီသအောင်တာ၊ လေထဲ ရှေ့တပြန် နောက်တပြန် ကျွမ်းအပတ်နှစ်ဆယ်လောက်ပတ်ကာ ရပ်ကြည့်နေတဲ့ ကြာဖြူတို့ ကိုကျော်ပြီးသကာလ စမ်းချောင်းထဲ…

'ဗွမ်း…'

'ဟာ…'

အသံပေါင်းစုံမြည်ပြီး ကျသွားလေရဲ့။ ဆင်ကြီးက ခပ်လှမ်း လှမ်းကနေ ကြည့်နေတဲ့လူတွေကိုတော့ ဂရုတောင်မစိုက်ဘူး။ ဘာဝန်ကျေစစ်သူကြီးလို ဆောင့်ကြွားကြွား။ အမယ်… ရပ်တည်နဲ့ ပြန်ထွက်သွားတာများ ကျော့လို့။

'ဖူး… ဖလူး…'

'အမငီး…'

'ဟေး… ငါတေဘူးကွ၊ အဟ…'

ခါးလယ်လောက်ရှိတဲ့ ရေထဲကနေ ပြန်ပေါ်လာပြီး ဘာမှ မဖြစ်တော့။ နှန့်နန့်တက် အူမြူးနေတာလေ။ ဒါနဲ့ ကြာဖြူတို့လည်း အမြင်ကတ်သွားတော့တာ။ ဒါနဲ့…

'ဟား… ဟား… အစောကြီးရေချိုးဆင်းနေတာ၊ ဟတ် ဟား ဟား… ဟား…'



www.burmeseclassic.com

www.burmeseclassic.com



'ကိုကြီးအောင်သင်းတို့က လေထဲမလည်း ကျွမ်းပစ်တတ်တာရယ်၊ အဟား…'

'အဟား… ဟား… မြေကြီးပေါ်မှာတင် မကဘူး၊ လေထဲလည်း အပြေးမြန်တာရယ်၊ ဟီး… ဟီး… နောက်ဆုံးကနေ ရှေ့ဆုံးရောက်လာတာ၊ အဟား…'

စိုးရိမ်စိတ်ပျောက်ပြီး တစ်ယောက်တစ်မျိုး ဝိုင်းလာကြတာရယ်၊ အဲ… ဘာမှမပြောဘူး။ လင်ငယ်ကြိတ်ကြံနေတဲ့မျက်နှာနဲ့ ပြုံးပြီး…

'ငါ့ကို ဆွဲတင်ကြပါဦးဟ'

'ဟွန့်… အခုမှ'

'ဟုတ်ပ'

ကြာဖြူနဲ့ ပေတိုးက ဆွဲတင်တယ်။ နှစ်ယောက်ဆိုတော့ အားကမပါ။

ဒါနဲ့ ကမ်းပါးကို ခြေစုံကန်ပြီး…

'ယား…'

'ဗွမ်း… ဗွမ်း…'

နှစ်ယောက်စလုံး ရေထဲပြုတ်ကျကုန်တော့တာ။ ဘာပြောကောင်းမလဲ။ ကျန်တဲ့လူတွေပါ အထုပ်အပိုးတွေချ အင်္ကျီတွေချွတ်ပြီး ရေထဲ တဝုန်းဝုန်းနဲ့ခုန်ချကြတော့တာ။ ရေချိုးနေကြတာများ ပျော်ပွဲစားထွက်သလား အောက်မေ့ရတာ။ တဟေးဟေး တဟားဟား နဲ့လေ။

* * *

www.burmeseclassic.com

www.burmeseclassic.com



မှောင်ရီဖျိုးဖျအချိန် နေလုံးကြီးတစ်ပိုင်းနဲ့ တောင်တန်းကြီး။ ပြီးတော့ အုပ်မိုင်းနေတဲ့ ထန်းတောကြီး။ ဒါတွေအားလုံးဟာ သူ့ဟာနဲ့သူ ပန်းရနေတာရယ်။

နေညိုတော့ ဘာဖြစ်လဲ။ ဘာမှတော့မဖြစ်ဘူး။ ကစော်သမားတွေရဲ့ အကြောင်းပြချက် လေပျို့ချိန်လေ။ အခုလည်း ငကွန်းတို့အဖွဲ့ ထန်းရည်သောက်နေကြပြီ။ ငကွန်းတို့အဖွဲ့ဆိုတာ ငကွန်း၊ ဖိုးတင်နဲ့ ကုလားကြီး။ ဟုတ်ပါတယ်။ သူတို့သုံးယောက် တူညီတဲ့အချက်တွေက ထန်းရည်ကို အသေသောက်တတ်တာရယ်၊ ဘယ်နေရာမှ သုံးမရတာရယ်လေ။

မိဘတွေကလည်း လယ်ပိုင် ချောင်းပိုင်ဆိုတော့ ရွှေမရှားငွေမရှားရယ်။

'ယောင်ကြီး… မင်းကောင်မလေးနဲ့ အခြေအနေ ဘယ်လိုထဲ'

'… … …'

ကုလားကြီးမေးတာကို မသိသလိုလုပ်ပြီး ထန်းရည်ကို မော့သောက်လိုက်တယ်။ နာမည်အရင်းပျောက်ပြီး ယောင်စိန်ဖြစ်နေတာလေ။ မျက်နှာကြီးကိုမဲ့ပြီး…

'အား‥ တယ်ကောင်း၊ ဦးညိုကြီးထန်းရည် ဒီတစ်ခါ ချိုတယ်'

ကုလားကြီးက စွေကြည့်တယ်။ ဒါနဲ့ ဖိုးတင်က…

'ယောင်ကြီး… မင်းကောင်မလေး အကောက်ပြေသွားလား'

'မိန်းမတွေဟာ အဲဒါခက်တာ'

ငကွန်းက ကြွက်ကင်ကိုကိုက်ရင်း အလယ်ကဖြတ်ပြောလေရဲ့…

www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲဟ… မင်းစကားက အစမသိ အဆုံးမရှိ'

'ဒီလိုကွ… အောင်သောင်းက ဘယ်လိုစည်းရုံးထားလဲ မသိဘူး။ အခုတလော ငါနဲ့ အပေါက်လှမ်းက သိပ်တည့်တာရယ် မဟုတ်ဘူး'

'ဪ… ဟုတ်လား'

'ဟူး… အတော်စိတ်ကုန်တာ၊ ငါကတော့ သူကြီးသမက်ဖြစ်ရင် ဘာမှမလုပ်ရဘဲ အငြိမ့်သားစားရမလား အောက်မေ့တယ်'

စကားကိုရပ်ပြီး နောက်တစ်ခွက်ထပ်မော့ကာ မျက်နှာကြီးရှုံ့တွသွားတယ်။

'ထွီ… အေ့… တယ်ကောင်း၊ အလုပ်အကြောင်းတွေပဲ တွေ့တိုင်းပြောနေတော့တာ၊ ဒီလိုမှန်းသိရင် သူ့မကြိုက်ဘဲ မိဝါကို ကြိုက်ပါတယ်'

'အံမယ်… သူပဲအမျိုးမျိုး'

'ဟုတ်ပ… အစကတော့ သူမှသူဖြစ်နေပြီးတော့'

'ဟုတ်တယ် စိတ်ကူးလွဲသွားတာ၊ မိဝါက ပိုလှတယ်၊ အခုတလော နှင်းအေးကို သူကတစ်ဆင့် ချော့ရင်းနဲ့ သူ့ဘက်တောင် ခပ်ပါပါရယ်'

ကဲ… ကောင်းရော။ ငကွန်းတို့ ငါးစိမ်းမြင် မိနှင်းအေးကို ပစ်ချင်နေပြီ။ ကုလားကြီးက မဲ့ရွဲ့ပြီး…

'အံမယ်… မိဝါက မင်းကိုကြိုက်မတဲ့လား'

'အေးလေ… ဒီလိုတော့ မပြောပါနဲ့၊ မိနှင်းအေးက မင်းကိုချစ်လိုက်တာမှ တုန်လို့၊ အေးလေ… မင်းကို အလုပ်တစ်ခုတော့ ရှိစေချင်မှာပေါ့၊ ဟုတ်ဘူးလား'

'ဘာ… အလုပ် ဟုတ်လား၊ ယောင်ကြီးလိုကောင်မျိုးကို ဘယ်သူကခိုင်းရဲမတုန်း'



www.burmeseclassic.com

www.burmeseclassic.com



'အဟဲ… ပြောလိုက်စမ်းဘာ'

ဖိုးတင်က ရုပ်တည်နဲ့ဝင်ပြောတော့ ငကွန်းက မိန့်မိန့်ကြီး ပြုံးပြီး ပနာယူနေတော့တာ။ အဲ… ဆက်ပြောတာလည်းကြားရော ပယ်ပယ်နယ်နယ်ကြီး ခံရတော့တာ။

'သူက ဘာတွေများလက်ကြောတင်းလို့တုန်း'

'ဘာကွ…'

ငကွန်း တင်းသွားတော့တာ။ ဟုတ်တယ်လေ။ မြောက် သလိုလို ပင့်သလိုလိုနဲ့ ရိုက်ချတာကိုး။ ဒါနဲ့ ပထွေးဟောက် ထဟောက်တယ်။

'ဟော့ကောင်… ငါထကန်လိုက်ရ၊ မင်းကရော ဘာထူး လို့လဲ၊ ဟင်း… အရက်သမားချင်း တစ်ခွက်ပိုမသောက်ချင်နဲ့'

'အဟီး…'

ဖိုးတင်လည်း ပထွေးသံကြားတဲ့ မယားပါသားလို မချိုသွား ဖြဲ ငြိမ်သွားလေရဲ့။

'ဟာ… ထန်းရည်က ကုန်ပြီလားဟ'

'ထပ်မှာကွာ'

'မယ်လှရေ… နှစ်မြူယူခဲ့ပါဦး'

ဒါနဲ့ မျက်စောင်းထိုး မလှမ်းမကမ်းက ဆိုင်ထဲလှမ်းမှာလိုက် တော့ ဘောက်ဆတ်ဘောက်ဆတ်နဲ့ ထလာပြီး နှစ်မြူလာချပေးသွား တယ်။

'ဟင်း…'

'ဂလု… ဂလု…'

'ဟာ… ကြမ်းလှချေလားဟ'

ကုလားကြီးလည်း မယ်လှရဲ့နောက်ပိုင်းကိုကြည့်ပြီး မှိတ် ထဲမထည့်တော့ဘဲ ဒီအတိုင်း အတင်းသောက်တော့တာ။ ဝါးကျည် သောက်ကြီးကို ဆောင့်ချလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



'ဠမ်…'

'အေ့… ငါက တကယ်ချစ်တာပါကွာ၊ ဒါပေမဲ့…'

လို့ဆိုပြီး လင်းတကြီး ဇက်နာသလို လည်ကြီးလိမ်ကာ…

'ငါပြောလို့ရရင် တော်သေးတာ၊ မဟုတ်လို့ ကိုင်ပေါက်ထိုက်မှ ချစ်တာတနေ ဂန့်သွားမယ်'

နှစ်ယောက်သား ဘာမှမပြောတော့ဘူး။ မယ်လှကိုတော့ ထန့်ကြတာရယ်။ ညှိညှိထောင်ထောင်ကြီး။ ကုလားကြီးဆိုတာက အရုပ်ကတော့ ရှည်ပါတယ်။ ဒါပေမဲ့ ရင်နဲ့ ကျောက လက်တစ်လုံးသောက်ရှိတာ။ ပိန်တာပြောပါတယ်။ ပြီးတော့ မျက်လုံးက စောင်းနေသေးတာ။ ဒီတော့ ငကွန်းလည်း မမြှောက်ပေးရဲဘူးရယ်။

'ဖြည်းဖြည်းပေါ့ကွာ၊ အချိန်ရှိပါသေးတယ်'

'ဟုတ်ပါတယ်ကွာ မလောနဲ့၊ သူတို့သာ ရင်းနှီးအောင်လုပ်၊ နောက်မှ တဖြည်းဖြည်း'

'ဘာလဲ… တဖြည်းဖြည်း အိုသွားမှာလား'

'အိ…'

ကုလားကြီးက စွေကြည့်ပြီး ပြောတော့တာ။ ညနေခင်းဟာ တဖြည်းဖြည်း အရောင်မှိန်သွားလေရဲ့။

* * *

လေယာဉ်မျှော်စင်ပေါ်ကနေပြီး ပတ်ဝန်းကျင်ကို မှန်ပြောင်းတစ်လက်နဲ့ လိုက်ကြည့်ရင်း မူရတ္တ အလုပ်ရှုပ်နေတော့တာ။

ဟိုတစ်ရက်က လေယာဉ်နှစ်စင်းလွှတ်လိုက်တာ လူငယ်စု ကို တွေ့လိုက်ရလို့လေ။ ဒါနဲ့ တွေ့တဲ့နေရာကို ကားတွေနဲ့လွှတ်လိုက်တာ။ ဘာမှတော့ အကြောင်းမထူးသေးဘူးရယ်။

www.burmeseclassic.com

www.burmeseclassic.com



အခုလည်း လေယာဉ်တွေကို ခဏခဏလွှတ်ပြီး ရှာကြည့်နိုင်းထားရတယ်။ တစ်ယောက်တည်း အလုပ်များနေတုန်း…

'ဝေါ…'

'ဟော… လာကုန်ပြီ'

လေယာဉ်တွေပြန်လာတာတွေ့တာနဲ့ လူတစ်ယောက်ကို လွှတ်ပြီး လေယာဉ်မှူးတွေကို ခေါ်နိုင်းလိုက်တယ်။ ခဏကြာတော့ ခြေသံတွေနဲ့အတူ ရောက်လာတော့ မသိယောင်ဆောင်နေတာ။ ဟိုက အလေးပြုပြီး…

'အဲဒီဘက်နားမှာတော့ ဘာမှထွေထွေထူးထူး မရှိပါဘူး၊ တောဆင်ရိုင်းအုပ်တွေပဲ တွေ့ပါတယ် ခင်ဗျား'

'မင်း သေချာတယ်နော်'

ပြောလည်းပြော၊ မျက်နှာကိုစိုက်ကြည့်ကာ ရပ်တည်နဲ့နေတယ်။ အကြောင်းသိနေတော့…

'ဟုတ်ပါတယ် ဗိုလ်ကြီး၊ ဗိုလ်ကြီးကို မလိမ်ရဲပါဘူး'

ဗိုလ်နှစ်ခါကြီးပြီး မြှောက်လိုက်မှ မိန့်မိန့်ကြီးပြုံးပြီး…

'အဟဲ… ဒီကိစ္စက အရေးကြီးတယ်ကွ၊ ဒါကြောင့်မလို့ သေချာအောင် မေးရတာပါ၊ မင်းတို့ တော်ပါတယ်။ ကဲ… ကဲ… သွားနားတော့'

'ဟုတ်'

အလေးပြုပြီး ပြန်ဆင်းသွားကြတယ်။ ပြီးတော့မှ သက်ပြင်း ထိုင်ချပြီး…

'ဒီအဖွဲ့က လူတွေ ဆင်နင်းလို့ သေကုန်ပြီထင်တယ်။ အားနဲ့လွှတ်လိုက်တဲ့ကောင်တွေဆိုတာလည်း ဘာသတင်းမှ မရှိဘူး။ ဆောက်…'

တစ်ယောက်တည်း ဗျာများနေတုန်း ယာနှာ[illegible]ဒါရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



တော့ မျက်နှာကိုမဲ့လိုက်ကာ မမြင်ဟန်ဆောင်နေတယ်။ ဟိုက လည်း ကြည့်ဘူးရယ်။ လည်ပင်းချိတ်ထားတဲ့ မှန်ပြောင်းနဲ့ ဟိုဟို ဒီဒီ ကြည့်နေတယ်။

ခဏကြာတော့ မျက်နှာချင်းဆိုင် ဝင်ထိုင်တယ်။

'ဟင့်...'

'ဟွန့်...'

စောည့်ဘဲ မျက်နှာချင်းဆိုင်ပြီး ကြည့်မရတာနဲ့ နှစ်ယောက် သား နှာခေါင်းရှုံ့ပြီး မျက်နှာလွှဲသွားကြတယ်။ ယာနာဂီဒါက...

'ဘာအကြောင်းထူးသေးလဲ'

'လေယာဉ်မှူးကတော့ ဘာမှမတွေ့ခဲ့ဘူးတဲ့'

'ဟို ကားနဲ့လွှတ်လိုက်တဲ့လူတွေကရော'

'ဘာသတင်းမှ မရသေးဘူး'

'ဒါဆို မြေလျှိုးသွားကုန်ပြီလား'

'ဒါတော့ ခင်ဗျားလိုက်ကြည့်ပေါ့'

'ဘာဗျ...'

'ဟုတ်တယ်လေ၊ ဒီလောက် တောတွေတောင်တွေကြား ဒီလက်တစ်ဆုပ်စာ လူတွေကို ဘယ်လိုရှာမတုန်း'

သူက ကက်ကက်လန်ရန်ပြန်တွေ့တော့ ယာနာဂီဒါလည်း ငြိမ်ကျသွားတယ်။ ဟုတ်လည်း ဟုတ်နေတာကိုး။

ပြီးမှ...

'လူများမယ်တော့ မထင်ဘူး၊ များရင်လည်း အလွယ်တွေ့ မှာ၊ ခက်တာက ဒီတစ်ခါလွှတ်လိုက်တာ တကယ့်လူတွေဖြစ်မ အရင်ကလူတွေဆို ဒါလောက်မခက်ဘူး'

'ဒါကတော့ ခင်ဗျားပြောမှလား'

သူက ဝင်တွယ်တော့ ဟိုက စွေကြည့်တယ်။ ဟုတ်တယ်



www.burmeseclassic.com

www.burmeseclassic.com



လေ။ စကားကောင်း ပြောလို့မရတာ။ ပြီးတော့ သူတို့ကသာ လွတ် အထင်ကြီးနေတာ။ ဟိုဟာတွေက…

'အေးလေ… ကိစ္စမရှိပါဘူး၊ ဘယ်လောက်လာလာ အတူနေ သေမှာပဲလေ၊ ဟုတ်ဘူးလား၊ ဟား… ဟား…'

ပိုင်ပိုင်နိုင်နိုင်ကြီးပြောပြီး မိန့်မိန့်ကြီးပြုံးပြီးမှ ရယ်နေလိုက် တာများ နားရင်းထတီးချင်စရာ။

❋ ❋ ❋

တောအုပ်ဟာ ဖြူဖွေးနေတဲ့ နှင်းတွေနဲ့ အုပ်ဆိုင်းနေပြီး တစ်လံကွာလောက်အထိ ဘာမှကိုမတွေ့ရဘူးရယ်။

'ဖျောက်…'

'ရှပ်… ရှပ်…'

နှင်းစက်ကျသံ တဖျောက်ဖျောက်နဲ့အတူ ခြေသံတွေကို ကြားနေရတယ်။ လူလုံးကတော့ မကွဲဘူးလေ။ လေးယောက်သား ဒီလောက်အေးတာတောင် ခေါင်းချွေးပါပျံပြီး ငြိမ်ကုပ်နေရတာ။ ဟုတ် တယ်လေ။ ကိုယ့်ဘက်က လေးယောက်တည်း။ ဟိုဘက်ကတော့ အယောက်လေးဆယ်အထက်မှာရယ်။

ဘာသံမှမကြားရအောင် အဖွဲ့လိုက် ဖြည်းဖြည်းချင်းရှာနေ ကြတာ။ ရှေ့ဝဲလ်က…

'အဒူလာ… ဘယ်လိုလဲ'

'ဘာလဲ… ဟင်…'

'ပြောက်ကျားတိုက်ကြမယ်'

'ဟာ… လုပ်နဲ့၊ အသာငြိမ်နေ… တော်ကြာ သေ[illegible]မယ်၊ အောင့်… သူတို့က များတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ပြော--- ပြောတော့ ဘယ်နှယောက်လာလာဆို'

'ဒက်--- ဒက်... ဒက်...'

'ဖောက်--- ခေါင်...'

'ဟဲ့--- သောက်ချေး'

ကိုကိုးပြောတာကို ကြားသွားပြီး ရမ်းသမ်းပစ်လိုက်တာ။ သဲထဲဝင်နောက်ပုန်းနေတာ ထွက်နေတဲ့ခေါင်းပေါ်က ဦးထုပ်ကို ထိပြီး လွင့်သွားပါလေရော။ ဒါနဲ့ အသံထွက်လာတော့ ရော့ဝဲလ်ထ ပါးစပ်ကို အတင်းလှမ်းပိတ်တာတောင် မရတော့။ ဟိုဟာတွေထ ပါးတာမှ ဟိုဘက် ဒီဘက်မြင်နေရတာ။ အဲလေ... လှစ်လို့။ ဒါနဲ့ ဂျပန်လို ဝူးဝူးဝါးဝါးလှမ်းအော်တယ်။ ဘာပြောမှန်းကို မသိတာ။ ခဏကြာတော့...

'ဒက်... ဒက်...'

'ဖောက်... ဖောက်...'

'ဟဲ့... သောက်ပလုတ်တုတ်'

ရှိတဲ့နေရာကို ခန့်မှန်းပြီး ရမ်းသမ်းပစ်လိုက်တာ အနားကို ကျည်ဆန်တွေတဖွဲဖွဲကျလာတာနဲ့ လန့်ပြီးထခုန်နေတော့တာ။

'ဝုန်း...'

'အုန်း...'

လက်နက်ကြီးတွေနဲ့ ပိုင်းထုတာ အနီးအနားမှာ လင်းသွားလိုက် မှောင်သွားလိုက်နဲ့။ သူတို့ကိုလည်း ဝိုးတိုးဝါးတား မြင်သွားတော့တာ။ ဒါနဲ့ ပိုင်းလာကြတော့တာ။

'ဒီအတိုင်းငြိမ်နေလို့ မဖြစ်တော့ဘူး'

'ဟုတ်တယ်၊ ပြေးရမယ်'

'ဘာ...'

'အဟင့်... ပြေးရမယ်ဆို'



www.burmeseclassic.com

www.burmeseclassic.com



'မင်းကိုပြောရင် ပြေးဖို့ပဲ'

ပြောမယ့်သာ ပြောတာ။ ရှော့ဝဲလ်လည်း လန့်နေတော့ လေးယောက်သား ရမ်းသမ်းပစ်ပြီး ခြေဦးတည့်ရာ ပြေးတော့တာ။

'ဒက်… ဒက်…'

'အား… ဘုန်း…'

'ဝုန်း…'

အသံတွေဆူညံနေကုန်တာ သူလည်း ရမ်းပစ် ကိုယ်လည်း ရမ်းပစ်နဲ့ ထိတဲ့သူထိ၊ သေတဲ့လူ သေနဲ့ ဖြစ်ချင်တိုင်းကို ဖြစ်နေတာ။

'ဒိုင်း…'

'ဝုန်း…'

'အား…'

ဟိုဘက်က ပစ်အားပိုကောင်းတာ။ ကြာကြာမခံနိုင်ဘူး။ ဘုလားနှစ်ကောင် ထပ်ကျသွားတယ်။ ဒါနဲ့ နှစ်ယောက်သား ပြေး တော့တာ ပြန်ပစ်ဖို့ စိတ်ကိုမကူးတော့။

'ဒက်… ဒက်…'

'ဖျောက်… ဖျောက်…'

'ဟဲ့… သောက်ခွေး'

'ဟဲ့… ပလုတ်တုတ်'

ပစ်လိုက်တဲ့ကျည်ဆန်တွေက ခြေထောက်နား လာစုကျကုန် တော့ နှစ်ယောက်သား ကလေးတွေ တံမြက်စည်းခွပြီး မြင်းစီးသလို ခြောက်ကြွမြောက်ကြွနဲ့ ပြေးရတော့တာ။ နောက်ကလည်း အတင်း လိုက်ပစ်တယ်။

'ဒက်…'

'ဟဲ့…'

'ဒိုင်းညှောင့်'



www.burmeseclassic.com

www.burmeseclassic.com



'အမယ်ကြီး…'

'ရှိ… 'အဘား…'

ကျည်ဆန်က နားရွက်နား၊ ခေါင်းနား၊ ခြေထောက်နား ဟိုနား ဒီနားကနေ ဖြတ်သွားတော့ အသံပေါင်းစုံကို ထွက်နေတော့တာ။ နှစ်ယောက်သား ဖြစ်သလိုပြေးနေကြတော့တာ။

'ဝုန်း…'

'ဟိုက်ကရော'

'အဘား'

နောက်ဆုံး လက်နက်ကြီးကျည်ဆန်ဘေးကပ်ကျတော့ အရှိန်နဲ့ ဘာမှမမြင်ရတဲ့ ချောက်ထဲကျပြီး ဗွမ်းခနဲ ရေထဲကျသွားတော့တယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

မတ်စောက်တဲ့ တောင်တန်းကြီးရဲ့ အောက်ဘက်တော်တော် ဆေးဝေးမှာ မြေပြန့်တစ်ခု တော်တော်လှမ်းသေးတော့ ပျပျပဲမြင်ရ တာ။

အနောက်ကို ပြန်မျှော်ကြည့်မိတော့ မြူတွေရစ်သိုင်းနေတဲ့ တောင်ထိပ်ပိုင်းကြီးတစ်ခုက ခေါင်းထောင်ကြည့်နေသလို စိမ့်ကြီး မြိုင်ကြီးထဲ ရောက်နေတာရယ်။

နေ့လယ်ဘက်ကြီးတောင် စွတ်စိုထိုင်းမှိုင်းပြီးနေတော့ ကြာဖြူတို့လည်း မီးဖိုဘေးနား စုထိုင်ကာ စကားများနေကြတာ။ ဒါ... ဒါပေမဲ့ တည့်ကြလားဆိုတော့လည်း နီးပဲ။ တစ်ယောက် တစ်မျိုး ငြင်းတဲ့သူနဲ့၊ ထောင်တဲ့သူနဲ့ ဆူညံနေတော့တာ။ ပေတိုး က...

'မင်း တော်လို့မဟုတ်ဘူး ကြာဖြူရဲ့၊ ငါ့ကြောင့်ကွ'

'အံမာ... လာလာချေသေးရဲ့၊ ငါအလိုက်ကောင်းလို့ မင်းတို့ အေးရတာကွ'

'ဟာ... ဟုတ်တာပေါ့'

'ဘာဟုတ်တာလဲ'

'ဟာ... ဟုတ်လို့ ဟုတ်တာပေါ့'

ဘေးနားက လူတွေကလည်း ဝိုင်းချွန်ကြတော့ တဖြည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြည်း ဆူညံလာတယ်။ ဟုတ်တော့လည်း ဟုတ်တယ်။ အဖြစ်က ဒီလို။ ကြာဖြူ ချုံကိုးပြီးထွက်အလာ ဖွတ်ကြီးတစ်ကောင်နဲ့ တည့်တည့်တိုးတယ်။ ဖွတ်ကလည်း အကောင်သာကြီးတာ။ ပြေးလိုက်သမှ ရှုံ့နေတာရယ်။

ဘာရမလဲ။ ကြာဖြူလည်း လိုက်တာပေါ့။ သေနတ်ကြီးပြောင်းကနေ ကိုင်မိလုမိလု ရိုက်မလို ရိုက်မလိုနဲ့ ပြေးရင်းလွှားရင်း တန့်ခနဲရပ်လိုက်တာ နောက်ကနေ ရိုက်မလို့ပြေးလာတာ ခလုတ်တိုက်မိပြီး ရှေ့ကို ဖုန်းဆို ခွေးကျ ကားကားကြီးကျတယ်။

ဖွတ်ဆိုတဲ့မျိုးကလည်း သတိအတော်မေ့တတ်တာလေ။ ပြေးရင်းတောင် ဘာလို့ပြေးနေပါလိမ့်လို့ ရပ်စဉ်းစားနေတုန်း 'ဖုန်း' ဆို ပေတိုးက ပြေးရိုက်လိုက်တာ အခုဆို မီးဖိုပေါ် တံစို့ကြီးနဲ့ အခန့်သားရယ်။

'ငါ့ကြောင့်ကွ'

'ဟာ… ငါတော်လို့ကွ'

'ဟင်း… ငါနော်'

'အံမာ… မင်းက…'

'ဟာ… အင်းဟာ'

'ဖုန်း… ဖုန်း…'

တစ်ယောက်တကွစီ ကွနေတုန်း အောင်သင်းက ပထွေးပြုံးပြုံးပြီး နားရင်းထအုပ်လိုက်မှ အဝေတည့်သွားတဲ့ သားနှစ်ယောက်လို ငြိမ်ကုပ်သွားတော့တာ။

'ဒေဝ စက်ယူခဲ့'

'လာပြီ… ဟွန်း… လုပ်ပြီ'

ဒါနဲ့ စက်ကိုခွထိုင်ပြီး လှည့်တယ်။ ဘာသံမှကို မကြားရ။ ဘယ်လိုမှကို ဆက်သွယ်မရဘူး။

www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ဘယ်လိုလုပ်နေတာလဲဟ၊ သောက်သုံးကို မကျ တာ'

'ဟာ… ကိုကြီးအောင်သင်း စက်အစုတ်အပြတ်ကြီးကို က မကောင်းတာ'

ဒါနဲ့ ကြံရာမရတဲ့အဆုံး ဖွတ်ကင်ကို တစ်ချက်ကြည့်ပြီး…

'ကဲ… မရတော့လည်း ထားလိုက်၊ ရတာလေးပဲ စားကြ တာပေါ့၊ မင်းမောင် ကျက်ပလား'

'အဟီး… ကြည့်လိုက်ဦးမယ်'

ပြောလည်းပြော၊ ဘယ်ကတည်းက ငတ်ကြီးကျနေတာ မသိတဲ့ မင်းမောင်က ဖွတ်ကင်ဆီ လက်လှမ်းလိုက်တယ်။ အဲ… ဒါပေမဲ့ အချက်အပြုတ်ကျွမ်းတဲ့ ပေတိုးက အရင်ဦးအောင်ယူကာ ခွဲကြည့်တယ်။

'ကျက်တောင်မကျက်သေးဘူး၊ အတော်ငတ်နေလား'

'အိ…'

ဟောက်လိုက်တာ။ အောင်သင်းပါ ဇက်ပုသွားတယ်။ ပြော သည်းပြော ဖွတ်ကင်ကို ဖဲ့ကြည့်တော့…

'အဟူး… ပုတယ်ဟ'

'ပြွတ်'

'ဟမ်… ကောင်းမှကောင်း'

ပုတော့ ပါးစပ်ထဲ လက်ထည့်ကာ ပြောင်လိုက်သေးတာ။ ကြည့်နေတဲ့သူတွေပါ တံတွေးကို ဂလုခနဲ မျိုချလိုက်ရတယ်။

ဟုတ်တယ်လေ။ ဆာပြီဆိုတော့ စားချင်ကြမှာပေါ့။ အခုတော့ … ရုပ်တည်နဲ့ ဖွတ်ကင်ကို ဟိုလှန် ဒီလှန်နဲ့ လုပ်နေတယ်။ ဒါကို မျက်လုံးအပြူးသားလေးတွေနဲ့ လှမ်းမျှော်နေကြတာရယ်။

'ကျက်ပြီလား၊ အဟား… လိုသေးတယ် နည်းနည်း'

www.burmeseclassic.com

www.burmeseclassic.com



ပြောလည်းပြော အကောင်ကိုယူ အသေအချာကြည့်ပြီး အပေါ် ပြန်တင်တယ်။ အဲ… တစ်ခါပြန်ယူပြီးကြည့်တော့ ကြာဖြူတို့ မျက်လုံးလေးတွေ အရောင်တောက်သွားတယ်။

အဲ… ဒါပေမဲ့…

'ဟာ… မရသေးဘူးဟ'

'အင်…'

ပြောလည်းပြော၊ ပြန်တင်လိုက်တော့ မျက်လုံးလေးတွေ ပေကာလယ် ပေကာလယ်နဲ့ ပြန်ငြိမ်သွားပြန်တယ်။ အဲမာ… လင် ငယ်ပြုး ခိုးပြုးကာ အကောင်ကိုယူကြည့်လိုက် ပြန်တင်လိုက်နဲ့ အလုပ် ကိုရှုပ်နေတော့တယ်။ အောင်သင်းကကြည့်ပြီး ပြေးကာန်ချင်လာပြီ။

'ဟင်း… ငါနော်'

'အဟ်… လိုသေးတာ'

ပညာပြနေမှန်းသိသိကြီးနဲ့ ခံနေရတာ တော်တော်လေးကြာ တော့မှ အကောင်ကိုလှမ်းယူလိုက်တော့ အသက်တောင် ရဲရဲမရှုရဲဘဲ မျက်လုံးဝိုင်းလေးတွေနဲ့ကြည့်နေကြတာ။

'ရပြီ… မျိုကြတော့'

'ရပြီတဲ့၊ အဟဲ…'

'စားကြမယ်'

မိထွေးဟောက် ဟောက်လိုက်တော့ အောင်သင်းတို့လည်း လင်ပါသားတွေလို ကုပ်ဖေးဖေးနဲ့ ဝိုင်းထိုင်လိုက်ကြတယ်။

ပေတိုးက အကောင်ကြီးကိုယူပြီး လာထိုင်တယ်။ အဲ… ပြီးမှ တစ်ခါ မ,ပြီး ပြန်ထသွားတယ်။

'ဟာ… မေ့နေလိုက်တာ၊ ခဏနေဦး'

'အင်…'

'ဟာ… ဘာလဲဟ'

www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်လို့ ဘာကိုင်ရမယ်မသိအောင် ပေကြောင်ကြောင်လေးတွေ ကြည့်လို့။ ကိုယ်လုံးညှက်ညှက်လေးနဲ့ ဖွတ်ကင်ကိုထမ်းပြီး မလှမ်းမကမ်းက ငှက်ပျောပင်တွေဆီသွား ငှက်ပျောရွက်ကို ခုတ်တယ်။ အဲ… ပြီးမှ တစ်ခါပြန်လာတယ်။

'ဟင်း… ရပြီလား'

'အဟဲ… ရပြီ၊ ဟာ… နေဦး'

'ဟွန်…'

တစ်ခါထပြီး မပြီးနိုင် မစီးနိုင် ငှက်ပျောရွက်ကြီးကိုင် ဖွတ်ကင်ကြီးကို မီးဖိုပေါ်ပြန်တင်ပြီး မလှမ်းမကမ်းက ရေအိုင်ဆီသွားတယ်။ စားချင်တော့လည်း လူများလုပ်သမျှခံပေါ့။

ရစ်တာက အဲသလို စောင့်ရတဲ့လူတွေလည်း ဆာနေပြီ။ ဒါနဲ့ပဲ ပေတိုးက အားပါးတရပြုံးလိုက်တယ်။ ဟုတ်တယ်လေ။ တစ်ဖက်စောင်းနင်းကြီးကို နိုင်နေတာ။ ငှက်ပျောရွက်ကို ခပ်ကြာကြာလေး ဆေးနေတယ်။

'ဟား… ဟား… မှတ်ပလား၊ ငါကွ'

နောက်ကလူတွေ ငြိမ်နေတာရယ်၊ ဒါနဲ့ မသင်္ကာလို့ နောက်လှည့်ကြည့်လိုက်တော့…

'ဟိုက်…'

'ညှင်… ဝတ်ပဟ'

ပီတောင် မပီတော့။ ဟိုဟာတွေကတော့ အပီတွယ်နေလိုက်ကြတာများ သိပ်တောင်မကျန်တော့ဘူးရယ်။

'သေစမ်း… ငါ့လည်း စောင့်ကြပါဦးဟ'

ပြောလည်းပြော၊ ငှက်ပျောရွက်ကြီးတောင် မယူအားဘဲ ပြန်ပြေးပြီး မီသလောက် ကုလားမျိုး မျိုးရတော့တယ်။

'လုပ်ချင်ဦးဟ ဆရာကြီး၊ ဟင်… မှတ်'



www.burmeseclassic.com

www.burmeseclassic.com



စိတ်နာနာနဲ့ ဖိတွယ်လိုက်တာ ထမင်းတောင် ဘယ်လိုကုန်သွားမှန်း မသိတော့ဘူးရယ်။ ဖွတ်ကင်ကို ကြည့်လိုက်တော့ တံစို့နဲ့တပ်လျက် တော့ရိုးကြီးပဲရှိတော့တာ။ စားလည်းပြီးရော အံမယ်… ကြာဖြူတို့က အေးအေးနှပ်လို့။ ကြာဖြူက အပိုင်မမိသေးတဲ့အကြီးတို အငယ်က သရော်သလိုပြုံးပြီး တစ်ဖက်လှည့်သွားတယ်။

'အယွှင်း… ညွှင်း…'

'တောက်… ငါနော်'

ကျန်တဲ့လူတွေကလည်း သူ့အရေးတောင် လုပ်ဘူးရယ်။ မျက်လုံးလေးတွေမှေးပြီး မှိန်းနေတာများ နားရင်းအုပ်ချင်စရာ။ ရာကျော်က မကြားတကြားစသေးတာ။

'အင်း… ဖွတ်သားကပေါ့နော်၊ အီစိမ့်နေတာရယ်၊ အံမယ်… အဆီပါရစ်ပြီး အိပ်တောင်ချင်လာတာ၊ အဟဲ…'

'ဟင်း… တောက်…'

'အမယ်… အဟုတ်၊ ငါတို့က အသားတွေပဲစားရတော့ စိမ့်တာပေါ့၊ အဟား…'

'ငါနော်… ဟင်း…'

'အေးလေ… အရိုးက ခွေးပဲကိုက်မှာလား၊ အဟား…'

'ဘာကွ…'

'ဟာ… ဘာတုံးဟ၊ အသားလွတ်'

'အေးလေ'

'တောက်…'

တစ်ယောက်တစ်ခွန်း ဝိုင်းစကြတော့ ပေတိုးလည်း တင်းလာတယ်။

ဒါနဲ့ တံစို့ကြီးကို…

'ဆင်းဟာ'



www.burmeseclassic.com

www.burmeseclassic.com



'ဗိုး…'

'ဒေါင်… တောင်…'

'ကဲ… မှတ်ကရော'

ချုံတစ်ခုနောက်ကို ကျော်ကျပြီး ဘာကိုထိတယ်မသိ အသံထွက်လာတယ်။ ဒါနဲ့ ပေတိုးလည်း သွားကြည့်လိုက်တော့ ယုန်နှစ်ကောင်တောင် ရှောနေတာ။

'ဟား… ဟား… မင်းတို့ မှတ်ပလား၊ ငါချောင်းနေတာ ကြာပြီ'

'ဟင်…'

'ဟာ…'

ယုန်နှစ်ကောင်ကိုမြင်ပြီး ကြာဖြူတို့တစ်တွေ ပြူးပြူးပြဲပြဲဖြစ်ကုန်ကြတာ။ ဒါနဲ့ မသိယောင်ဆောင်ပြီး အရေဆုတ်ဖို့လုပ်တော့ ဝေမိုးက မျက်နှာသေလေးနဲ့။

'သယ်ချင်း… တယ်ဟုတ်ပါလားကွ၊ ငါလာဝိုင်းကူမယ်နော်၊ အဟဲ…'

'မင်းစားချင် လာဝိုင်းလုပ်၊ မစားချင် မလုပ်နဲ့'

မျက်နှာက ပထွေးလိုတင်းပြီး တင်တင်စီးစီးပြောတော့ ဝေမိုး၊ ရာကျော်၊ ဒေဝ၊ မင်းမောင် လေးယောက်သား အူယားဖားယားနဲ့ ဝိုင်းလုပ်ကြတယ်။ မလုပ်ရင် ငတ်မှာကိုး။

ကြာဖြူနဲ့ အောင်သင်းကတော့ အေးဆေးပဲ။ ပေတိုးအကြောင်းကတော့ နောကျေပြီးသား။ ဒါနဲ့…

'အေး… တို့အဖွဲ့ထဲ မင်းလိုလူမျိုးရှိမှ ငါတို့ မငတ်မှာကွ၊ ဟုတ်ဘူးလား၊ အဟဲ…'

'ဟွန်း… ခုမှ'

မြှောက်လည်းမြှောက် ကိုယ့်ဘက်ပါအောင်လည်းပြောတော့



www.burmeseclassic.com

www.burmeseclassic.com



ချွေကြည့်တယ်။ ဟုတ်တယ်လေ။ ကြာဖြူကလည်း ဘာမှမလုပ်ရဘဲ မြိုးမြိုးမြက်မြက်လေးစားချင်တော့…

'ဟုတ်တာပေါ့ ဆရာသမားရယ်၊ ဒီလိုတော်တဲ့လူနဲ့ပေါင်းတဲ့ကျွန်တော်လည်း ဘယ်ငတ်ပါ့မလဲ၊ ဟုတ်ဘူးလား၊ အဟွန်း…'

'လာမမြှောက်နဲ့၊ ဟွန်း…'

အံမယ်… ပါးစပ်ကသာ ပြောတာ။ မျက်နှာကတော့ ပြုံးလို့။ ဖွတ်ရိုးကိုက်ရတာ မမှတ်သေးဘူးရယ်။ အမြှောက်ကြိုက်တာ ပြောပါတယ်။

တကယ်တော့ ယုန်လင်မယား ကံဆိုးတာ သူက စားမာန်ခုတ်ပြီး 'ဗိုး'လုပ်လိုက်တာ။ အခုဆို အရေခုတ်ပြီး မီးဖိုပေါ်မှာ ဘာံစို့အသစ်နဲ့ ညားနေတော့တာ။ ပေတိုးတို့က အဲသလို။

❋ ❋ ❋

လျှိုကြီးတစ်ခုရဲ့ ထိပ်ကို ရောက်နေကြတယ်။ ရှေ့မှာ သိပ်မမြင့်တဲ့ ချောက်။ ချောက်ရဲ့ဟိုဘက်မှာတော့ မြေပြန့်။ မြေပြန့်ရဲ့ သုံး၊ လေးမိုင်လောက်မှာ တောင်တန်းတွေ ထပ်တွေ့ရတယ်။ ပြောရမယ်ဆိုရင် တောင်တန်းနှစ်ခုရဲ့ကြားမှာ မြေပြန့်။

ဟိုမနီးမဝေးမှာ ကားလမ်းတစ်ခုကို ပျပျတွေ့ရတယ်။ တောင်တွေနဲ့ ကွယ်နေလို့ အဆုံးကိုတော့ မတွေ့ရဘူး။

အောင်သင်းက မှန်ပြောင်းနဲ့ အသေအချာကြည့်နေတုန်း ထရပ်ကားတစ်စီးပေါ်လာတာနဲ့ လန့်သွားတယ်။ ဒါပေမဲ့ ဟန်ဆောင်ပန်ဆောင် ကြာဖြူကိုလှည့်ပြီး ပြောတယ်။

'ဟာ…'

'ဟင်… မင်းအမျိုးတွေတောင် ရောက်လာကုန်ပြီ'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ဒီနယ်မှာ အမျိုးတွေရှိတယ်လည်း အမေက မပြောပါလား'

ကြာဖြူက ခဏစဉ်းစားပြီးပြောတော့ အောင်သင်းက စွေကြည့်ပြီး မှန်ပြောင်းနဲ့ကြည့်နိုင်းလိုက်တယ်။ ပြောလည်း ပြောသေးတာ။

'မင်းအမေ လင်ငယ်တွေ တွေ့ပြီလား'

'ဟာ… အဟုတ်ဟာ၊ ကားတစ်စီးလာနေပြီ'

'ဘာမှမစိုးရိမ်ကြနဲ့၊ ငါတစ်ယောက်လုံး ရှိပါတယ်ကွ၊ အဟ…'

'ဘာလဲ… ပြေးဖို့လား'

'ဘာကွ…'

ဆရာဝင်လုပ်တော့ ဝေမိုးက ဝင်ခနဲ့တယ်။ ဒါနဲ့အောင်သင်းက ထဟောက်ပြီး ခဏစဉ်းစားတယ်။ ကားလမ်းက ကန့်လန့်ဆိုတော့ ကားနဲ့လာလို့မရ မြေက မြေပွ။ ဒီကိုရောက်ဖို့က အတော်ဝေးသေးတာ။

အပေါ်ကိုရောက်ဖို့က ဒီတစ်လမ်းပဲရှိတာရယ်။ ပြီးတော့ အရိပ်ကောင်းတဲ့ အပင်ကြီးနှစ်ပင်ကို ဖြတ်လာရမှာ။ ဒီတော့…

'ကြာဖြူနဲ့ ပေတိုး ဟိုအပင်နှစ်ပင်ကြားကိုသွား၊ မြေက ပွတယ်၊ ပြီးတော့ အကာအကွယ်ဆိုလို့ ဒီနှစ်ပင်ပဲရှိတာ'

'အဲဒီတော့'

'ပတ်ပတ်လည်ကို မိုင်းတွေမြှုပ်၊ ကြိုးစတွေဖျောက်ထား၊ မြှုပ်မတက်လာနဲ့၊ ညာဘက်ဘေးက တောင်စောင်းဘေးမှာ ကပ်နေ'

'ငါတို့ စလို့ စည်းထဲရောက်ရင် ဆွဲလိုက်'

'ဟာ… ဟုတ်ပါ့မလားဟ'

'တိတ်…၊ ငါတွက်ထားတဲ့အတိုင်းဖြစ်ရင်တော့ အမိုင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရင်တော့ ထုံးစံအတိုင်း ပြေးဖို့၊ အဲလေ... ရှောင်ကြတာပေါ့'

'ဟွာ... သေချာလှချည်လား'

'ငါကတော့ မျက်ခုံးခပ်လှုပ်လှုပ်ပဲ'

'ဟာ... ဘာဖြစ်လဲကွာ၊ ထုံးစံအတိုင်း ပြေးရုံကလွဲလို့ ဗိုပါဘူး'

ကြာဖြူနဲ့ ပေတိုးကိုကြည့်ပြီး အောင်သင်း ကျွဲမြီးတိုလာ တယ်။ ဟုတ်တော့လည်း ဟုတ်တယ်။ လုပ်တိုင်းလည်း တည့်တာ ရယ်ကို မရှိတာ။ ဒါပေမဲ့ သိတယ်မလား။

'ဟိုနှစ်ကောင် အချိန်မရှိဘူး၊ ပြောသလိုလုပ်၊ ငါဆောင့် ကန်လိုက်ရ မကောင်းဖြစ်ရှော့မယ်၊ ဟင်း...'

'ဟွန်း... သူ့ပဲ အပြောကောင်း'

ပြောလည်းပြော၊ ဆင်ခြေလျှောအတိုင်း ဆင်းသွားပြီး ခဏ ကြာတော့ အောက်မှာ အလုပ်တွေအရှုပ်သား လုပ်နေကြတော့ အောင်သင်းက ရုပ်တည်နဲ့...

'မင်းမောင်နဲ့ ဒေဝ ဘယ်ဘက်နားကနေ စိန်ပြောင်းပြင် ထား'

'အဟီး... အရေးဟဲ့အကြောင်းဟဲ့ဆို ထားခဲ့နဲ့နော်၊ လက် တို့ခဲ့'

မင်းမောင်က ရုပ်ကြမ်းကြီးနဲ့ ညောင်နာနာပြောတော့ အောင်သင်း တင်းသွားတော့တာ။ ဒီလောက်အကွက်ချ စီစဉ်ထား တာတောင် မယုံကြ။

ဒါနဲ့ ပါးစပ်နဲ့မပြောတော့။

'အင်းဟာ...'

'ဖျောင်...'

'အမငိုးဗျ...'

www.burmeseclassic.com

www.burmeseclassic.com



မယားပါသားကို ပထွေးဆော် ဆော်လိုက်မှ လည်တည် တည်နဲ့ ဒေဝနောက် ငါသွားတော့တယ်။

'ဝေမိုးနဲ့ ရာကျော်က ညာဘက်နားကနေ ပစ်ကြ'

'ဟုတ်လို့လား'

'ဟာ… ငါ…'

'အဟီး… ပြေးပြီ'

နှစ်ယောက်သား ပြောင်ပြီးပြေးတော့တာ။ မပြေးရင် နားရင်းအတီးခံရဦးမှာ။ အောင်သင်းက ဘေးဘီကို ရှပ်တည်နဲ့ လှကြည့်တယ်။ ဘယ်သူမှမမြင်ဘူးထင်မှ ကျောက်တုံးနောက် ဝင်ပုန်းတော့ ချောင်းနေတဲ့ ဝေမိုးက…

'ဗျို့… ဆရာသမား၊ ကျောက်တုံးနောက် ဘာဝင်ရှာနေ ဘာတုန်း၊ ဘာလဲ… ပြေးဖို့ကြံနေတာလား'

'အန်…'

'ဘာလဲ မတွေ့ဘူးထင်လို့လား'

'အဟဲ… ဟိုလေ၊ အဟီး… ဒီဟာ'

ရှက်ရှက်နဲ့ ပြန်ထွက်လာပြီး လက်ညှိုးကို ဟိုထိုး ဒီထိုး နဲ့ ဘာပြောရမှန်းမသိဖြစ်နေတုန်း ပုံစံကလည်း ဆယ့်သုံးနှစ်သမီး ညည်းစားခိုးထားသလို မလုံမလဲနဲ့ရယ်။ ဒါနဲ့ ဝေမိုးက…

'ငါထကန်လိုက်ရ မကောင်းရှိရော့မယ်'

'ဟင်း…'

ပြောလည်းပြော ရာကျော်ရှိတဲ့ဘက် ပြေးသွားတော့ အောင် သင်းက တင်းသွားတယ်။ ဟုတ်တယ်လေ။ ဒီစကားက သူပြောနေ ကျတိုး။

'ခွေးသူခိုး… ငါ့အလုံးကြီး မင်းပါးစပ်ထဲရောက်သွားပြီ'

'အီး… ဖွီး…'



www.burmeseclassic.com

www.burmeseclassic.com



ဝေမိုးက ကြားဖြစ်အောင်ကြားပြီး မျက်နှာကြီးမဲ့သွားတော့တာ။ အောက်နားက ကြာဖြူတို့လည်း အလုပ်ပြီးသွားလို့ တောင်ဆောင်းဘေး ပုန်းနေကြပြီ။

* * *

တစ်ယောက်နဲ့ တစ်ယောက် စနောက်ပြီး တဟားဟားတဝါးဝါးနဲ့ စကားတွေပြောလာကြတာများ ပျော်ပွဲစားထွက်လာသလိုရယ်။ ဆင်ခြေလျှောနားရောက်တော့ နားလိုက်ကြတယ်။

ဗိုလ်တစ်ယောက်က မနားဘဲ မှန်ပြောင်းနဲ့ ဟိုဒီဝေ့ကြည့်တယ်။ ပြီးမှ အပေါ်ဘက်ကိုကြည့်တော့ ဆင်ခြေလျှောထိပ်နားမှာလူတစ်ယောက်ကို တွေ့တော့…

'ဟင်…'

အံ့သြသွားတယ်။ ဟိုက လက်ထောင်ပြတယ်။ လျှာထုတ်ပြတယ်။ မျက်လုံးပြူးပြတယ်။ အဲ… ကပြတယ်။ ဒါနဲ့ သဘောအကျကြီးကျပြီး…

'ဟား… ဟား… ဟား…'

'ဝုန်း…'

'အုန်း…'

အုလိုက်သည်းလိုက် ရယ်နေတုန်း တဝုန်းဝုန်းနဲ့ စိန်ပြောင်းသံတွေကျလာတော့ အလန့်တကြား အသံတွေဆူညံကုန်ပြီး ရမ်းသမ်းပစ်ကြတယ်။

'ဒက်… ဒက်…'

'ဒိုင်း… ဒိုင်း…'

'ဝုန်း… အုန်း…'



www.burmeseclassic.com

www.burmeseclassic.com



'အား…'

သေတဲ့သူသေ၊ ပြေးတဲ့သူပြေးနဲ့ ကစဉ့်ကလျားဖြစ်ကုန်တော့တာ။ သစ်ပင်ကြီးတွေဆီ ပြေးကပ်ကြတယ်။

'ဟား… ဟား… သေကြစမ်း'

'ဒိုင်း… ဖောက်…'

'ရှီး… ရှီး…'

'အမငိုး… ဟဲ့…'

'ရှီး… ဝွမ်…'

'ရှိး… ခွမ်…'

'ဟဲ့… သောက်ပလုတ်တုတ်၊ ဟဲ့…'

အောင်သင်းက ကျောက်တုံးဘေးက ခေါင်းထောင်ကြည့်ပြီး ရယ်လိုက်တာ နားရွက်နားကနေ ရှီခနဲဖြတ်သွားတော့ လန့်သွားတာရယ်။ ဒါနဲ့ ကပျာကယာပြေးအဝပ် ခြေထောက်နားလာကျတာနဲ့ ခုန်ဆွဆွနဲ့ လန့်နေတော့တာ။ သတ္တိကောင်းတာ ပြောပါတယ်။

'ဝုန်း… အုန်း…'

'အား… အီး…'

ပတ်ဝန်းကျင်မလဲ ပစ်သံခတ်သံ၊ အော်သံတွေနဲ့ ဆူညံနေတော့တာ။ အကာအကွယ်မဲ့နေတော့ သစ်ပင်ဘေး ပြေးကပ်ကြတာ။

'ဝုန်း…'

'အုန်း… ဝုန်း…'

ပုန်းတောင် မပုန်းရသေး။ ပတ်ပတ်လည်အသံကြီးတွေကြားပြီး လင်းထိန်သွားကာ အသံတွေအကုန်တိတ်ကုန်တော့တာ။ ခုန်တွေ၊ သဲတွေလည်း စဲသွားရော အကုန်တုံးလုံးပက်လက်လေးတွေ။

'ဟား… ဟား… ငါကွ'

www.burmeseclassic.com

www.burmeseclassic.com



'ဟေး…'

အကုန်ထွက်လာကြတယ်။ အောင်သင်းက အခွက်ကြီးချီပြီး ထွက်လာတယ်။ ဟုတ်တယ်လေ။ သူကောင်းလို့ ခဏာနဲ့ပြီးသွားတာ။ ကပြတာလည်း သူပဲလေ။

'ဟာ… ဒီတစ်ခါတော့၊ အံမာ… အဟုတ်ဟ'

'အေးလေ… ပြေးတောင် မပြေးရဘူး'

'ဟုတ်ပ၊ ငါကတော့ ပြေးဖို့ပြင်နေတာ'

မင်းမောင် ပြောတော့ အောင်သင်းက စွေကြည့်တယ်။ တဖြည်းဖြည်းနဲ့ ဝိုင်းမြှောက်နေတာ အတော်တောင်မြောက်နေပြီ။ ကြာဖြူက ဝင်ပြောမှပဲ ခွေးကျ ဘုန်းခနဲကျတော့တာ။

'မင်းတို့ကလည်း တစ်ခါလေး ကြက်ကန်းတိုးတာကို'

'အင်…'

'ဝါးဟား… ဟုတ်ပ'

ပြောလည်း ပြောပြီးရော တစ်ခါတည်း ကားလမ်းဘက် ပြေးသွားတယ်။ အကုန်ဝိုင်းဟားတော့ အောင်သင်းလည်း တင်းသွားပြီး မျက်နှာကြီးရဲတာ။

'အေး… ခွေးသား၊ ပြေးထား… ငါလာပြီ'

'ဟာ… ပြေးပြန်ပဟ'

ပြောလည်း ပြော၊ ပြေးလိုက်သွားတော့ ဝေမိုး၊ ပေတိုးနဲ့ မင်းမောင် သုံးယောက်ပဲ ကြောင်တောင်တောင်လေးတွေ ကျန်ခဲ့တယ်။ ရာကျော်နဲ့ ဒေဝကလည်း ကြာဖြူနဲ့အတူ ပြေးပြီကိုး။

'ဟင်… ပြေးလိုက်ကြတာ မြန်ပ'

'အေးလေ… ဟုတ်ပ'

မင်းမောင်က ပြေးတဲ့လူတွေကို ကြည့်၊ အဲ… တစ်ခါ သေနေတဲ့လူတွေကို ကြည့်ပြီး ပေတိုးနဲ့ ဝေမိုးနောက်ကျောတို

www.burmeseclassic.com

www.burmeseclassic.com



ချက်လုံးပြူးနဲ့ကြည့်ကာ ပြောပြီးပြေးသွားတော့ ကျန်တဲ့နှစ်ကောင်ကလည်း သတ္တိကောင်းတာရယ်၊ ခေါင်းနပန်းပါကြီးပြီး တစ်ချီးတည်းလစ်တော့တာ။

မင်းမောင် ပြောတာက…

'ဟာ… ဆင်တွေလိုက်လာပြီဟ' တဲ့။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

ယာနှာဂီဒါ တစ်ယောက်တည်း လမ်းသလားနေတယ်။ မျက်နှာကလည်း တိုနံ့နံ့ရှုတ်ခမ်းမွေးပါ ထောင်နေအောင် ဒေါသဖြစ်နေတာ။

အရင်လွှတ်လိုက်တဲ့ ကားသုံးစီးက ရန်သူတွေကို ရှင်းပြီး ပြန်လာပြီ။ အခု မသကာတဲ့ နေရာတစ်ခုကို ကားတစ်စီးလွှတ်လိုက်တာ ပြန်ကိုမလာတော့တာ။ ဒါနဲ့လေ ယာဉ်တစ်စင်းလွှတ်ပြီး အရှာခိုင်းလိုက်ရတယ်။

စားပွဲမှာ မသိယောင်ဆောင်ပြီး အခန့်သားထိုင်နေတဲ့ မူရဗ္ဗကို စွေကြည့်လိုက်ကာ…

'လေယာဉ်လွှတ်လိုက်ပြီလား၊ အမှန် ညကတည်းက တစ်ခါတည်းလွှတ်လိုက်ရမှာ၊ ခင်ဗျား ပေါ့ဆတာ'

'ဟွန်း…'

မူရဗ္ဗက ခနိုးခနဲ့ပြုံးပြီး ပြန်ပြောတယ်။

'ဒီလောက်လည်း မစိုးရိမ်ပါနဲ့၊ ဘာမှမဖြစ်နိုင်ပါဘူး၊ ရာဇူးလည်း မပြုတ်နိုင်ပါဘူး'

'ဘာကွ…'

'ဟုတ်တယ်မလား၊ အဟား…'

www.burmeseclassic.com

www.burmeseclassic.com



'ရာထူးကြောင့်ပြောတာ မဟုတ်ပါဘူး၊ ပေါ့လို့ ပြောတာ၊ ကျုပ် ရာထူးပြုတ်လည်း ခင်ဗျားသက်သာမယ် ထင်လား'

'ဗိုလ်ကြီး… ခင်ဗျားပြောတာကိုလည်း ပြန်စဉ်းစားဦး၊ လေယာဉ်ကို တစ်ခါတည်းလွှတ်ဖို့ မပါဘူး'

'ဒါတော့ သက်သက်စကားကပ်ပြောတာပဲ'

မူရတ္တက ဂရုမစိုက်သလို ပြုံးပြီးပြောတော့ သူလည်း မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်တယ်။ ဒါနဲ့ နှစ်ယောက်သား အကြည့်ချင်းဆုံတယ်။

'ဟွန်း…'

'ဟင်း…'

တစ်ခါ နှစ်ယောက်စလုံး မျက်နှာလွှဲပြီး တစ်ခါပြန်ကြည့် တစ်ခါပြန်ဆုံပြန်တယ်။

အကြည့်ချင်းဆုံလိုက် လွှဲလိုက် ဆုံလိုက် လွှဲလိုက်နဲ့ ယောကျ်ားကြီးတန်မဲ့ မျက်စောင်းထိုးနေကြတော့တာ အတော့်ကို ကြာနေပြီ။

'ဝေါ…'

'ဟော…'

'ပြန်လာပြီ'

နှစ်ယောက်သား တိုင်ပင်ထားသလို အပြင်ကိုထွက်ပြီး လေယာဉ်ကွင်းဘက်ကို လျှောက်သွားကြတယ်။ လေယာဉ်ပေါ်က ဆင်းလာတဲ့ လေယာဉ်မှူးက ရှို့တွန့်တွန့်နဲ့…

'ဟို… ဟိုလေ…'

'ဘာလဲ၊ ပြော'

'လူတွေကတော့ တစ်ယောက်မှမရှင်တော့ဘူး၊ အားတော့ ပျောက်နေတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ…'

'ဟဲ… ဒီကိစ္စ ဘယ်လိုလုပ်ကြမလဲ'

'ခင်ဗျားရော ဘာဖြစ်ချင်သလဲ'

တစ်ယောက်နဲ့တစ်ယောက် အတော်ကြာကြာစိုက်ကြည့်နေကြတယ်။ အတော်ကြာမှ ယာနာဂီဒါက…

'ဟဲ… ကျုပ်တို့နှစ်ယောက် တပ်မထွက်တော့ဘဲ ညီညီညွတ်ညွတ်လုပ်ကြတာပေါ့'

'ဟုတ်တယ်ဗျ၊ အေးအေးဆေးဆေး ဆွေးနွေးကြတာပေါ့'

နှစ်ယောက်သား ပခုံးဖက်ပြီး အဆောက်အအုံတွေဘက် ပြန်သွားကြတော့ လေယာဉ်မှူးနှစ်ယောက် အံ့သြသွားကြတယ်။ ဟုတ်တယ်လေ။ ဒီနှစ်ယောက်တည့်ဖို့က မလွယ်ဘူးရယ်။ ဒါနဲ့ ခေါင်းယမ်းပြီး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး သံပြိုင်ပြောလိုက်ကြတယ်။

'အမယ်… သူတို့ပဲအမျိုးမျိုး၊ တတ်လည်း တတ်ပ'တဲ့။

* * *

ကြာဖြူတို့ အခုဆို ကားတစ်စီးနဲ့ ငြိမ့်နေတာ ကားဆီကို ရောက်တော့ အစောင့်တစ်ယောက်မှရှိတာရယ် မဟုတ်ဘူး။ အေး လေ… ဒီအနီးအနားက လူမှမရှိတာ။ လူရှိလည်း ဒီကားကြီးကို ဘာလုပ်တတ်မတုန်း။ အခုဆို ကားလမ်းအတိုင်းထက် သက်သောင့် သက်သာ သွားရတာပေါ့။

'မိုးလင်းလို့မှ ပြန်မလာရင် လိုက်လာကြမယ်၊ ထင်တယ် ကွ'

'အခုချက်ချင်းလည်း လိုက်လာနိုင်တယ်၊ ဒါကြောင့်မို့ လည်း မီးမထိုးတာ'



www.burmeseclassic.com

www.burmeseclassic.com



ကားလမ်းက တဖြည်းဖြည်းနဲ့ မြေပြန့်ကနေ တောင်တက် လမ်းရောက်လာတော့ ကွေ့ကောက်လာပြီ။ မတ်စောက်လာတာ။ ပြီးတော့ အပေါ်တက်တဲ့လမ်းရယ်၊ အောက်ဆင်းတဲ့လမ်း နှစ်ခု ဖြစ်လာတော့ ကားရပ်ပြီး နှစ်ယောက်သား ငြင်းကြတယ်။

'အပေါ်ဆက်တက်ကွာ၊ ဘာပဲဖြစ်ဖြစ် အပေါ်ဆိုတော့ အချိန်ဆွဲလို့ရတယ်'

'ဟာ… ကိုကြီးအောင်သင်းကလည်း အောက်ကကောင်းတာ၊ အခန့်သင့်ရင် တည့်တိုးသွားနိုင်တယ်'

'ဟ… မင်း ဘာသိလဲ၊ ဒါဆို မြန်မြန်ပြီးသွားမှာပေါ့ဟ၊ အချိန်ဆွဲရပါမယ်ဆိုမှ'

'သိပါဘူး၊ အဟဲ… ကျွန်တော်ကတော့ မြန်လေကောင်းလေပဲထင်တာ'

'မင်းတို့လူငယ်တွေက ဒီအတိုင်းပဲ ပြီးပြီးရောလုပ်တာ၊ ဘယ် လူကြီးပိုင်းကျတော့ ကြာလေကောင်းလေပဲ၊ မှတ်ထား'

အောင်သင်းက ခနိုးခနဲ့ပြုံးပြီး ပြောတော့ သူလည်း အပေါ် ဘက်ကို မောင်းတင်လိုက်တယ်။ မီးပါဖွင့်ပြီး မောင်းရတော့တာ။ အကွေ့အကောက်က များတာကိုး။

'အင်း… ရှော့ဝဲလ်တို့လည်း ဘယ်လိုတွေဖြစ်ကုန်ပြီလဲ မသိဘူး'

'လေယာဉ်တွေ ခဏခဏလာပုံထောက်ရင် သူတို့လည်း အင်း… သိပ်မလွယ်ဘူး၊ ရှိမှရှိကြသေးရဲ့လား မသိဘူး'

'ဟင်း… ဘယ်တတ်နိုင်မလဲ'

နှစ်ယောက်သား စကားတပြောပြောနဲ့ တက်လာလိုက်တာ သန်းခေါင်ကျော်လာတော့ လမ်းက ဆုံးသွားပြီး ကျောက်တောင် ကြီးကို တွေ့တယ်။ ကျောက်တုံးတွေကိုသယ်ပြီး ပိတ်ခင်းထားပုံ



www.burmeseclassic.com

www.burmeseclassic.com



ရတယ်။ ဒါနဲ့ ကျောက်တောင်ကလိုဏ်ကြီးထဲကို ကားမောင်းဝင်လိုက်တာ။ အောင်သင်းကို မကြည့်ဘဲ တစ်ချက်သမ်းပြီး…

'ဟား… ရောက်ပါပြီဗျ'

'ခေါ်… ခလူး…'

'ဟွင်….'

'ဟကောင်တွေ… လမ်းဆုံးပြီ၊ ဆင်းကြတော့ဟ'

အောင်သင်းက ဟောက်တောင်ဟောက်နေပြီ။ ငုတ်တုတ်အိပ်နေတာရယ်။ ဒါနဲ့ နောက်ခန်းကို လှမ်းအော်ပြောတော့လည်း ဘာသံမှမကြားရ။ ဒါနဲ့ အောက်ဆင်း နောက်ခန်းထဲကြည့်လိုက်တော့…

'ခွီး… ခေါ်…'

'တောက်… ဒီလောက် သေပြေးရှင်ပြေးပြေးတာတောင် သူတို့မှာ အိပ်မဝနိုင်ဘူး'

'ဗွား… အိပ်တောင်ချင်လာပြီ'

ပြောမယ့်သာ ပြောတာ။ အိပ်ချင်နေပြီ။ ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်တော့ တိတ်ဆိတ်မှောင်မည်းပြီး ပိုးသံမွှားသံ တစ်ချက်တစ်ချက် ကျားဟိန်းသံလိုလို တောကောင်ကြီးတွေအသံကြားတာနဲ့ ကြောက်လာတော့တာ။

ဒါနဲ့ နောက်ခန်းကိုတက် မိုးကာစကြီးကို ဆွဲချပြီး ပိတ်လိုက်တာ။ အဲဒီလို သတ္တိက ကောင်းတာရယ်။ ညဟာ တဖြည်းဖြည်းနဲ့ ဟိတ်ဆိတ်ငြိမ်သက်သွားလေရဲ့။

* * *

ကိုယ်လုံးမပေါ်တပေါ် ကောင်မလေးသုံးယောက်က ဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပြီးမြှုဆွဲယ်နေကြတာ။ အစပိုင်းတော့ ငြိမ်နေသေးတယ်။ အဲ… ကြာကြာတော့ မနေနိုင်ပါဘူး။ သူတို့အနားကို တိုးသွားပြီး နောက် ရောထွေးသွားကာ အင်္ကျီဘောင်းဘီတွေပါ ချွတ်ပြီး အတွင်းခံ ဘောင်းဘီတိုလေးပဲ ကျန်တော့တာ။ အံမယ်… ဓာတ်ရှိန်မြင့်လာ ကာမှ…

'လာ… လာ…'

'လာ… ဆိုလာ'

'ဟာ… လာဘူးဟာ၊ သွား… ဒီမှာ သူများကောင်းနေမှ လာဘူးဟာ'

'လာ… လာ…'

ဘယ်က ဘယ်လိုပေါ်လာတယ်မသိတဲ့ လူတွေက မျက်နှာ သေကြီးတွေနဲ့ အတင်းခေါ်တော့ ငြင်းတာ သွားဘူးရယ်။ ကောင်မ လေးသုံးယောက်ကနေ ဆံပင်စုတ်ဖွားဖွား၊ မေးရိုးကြီးတွေငေါ၊ အစွယ်ကြီးတွေ ထွက်လာပြီးတော့ ဝိုင်းချုပ်ထားတယ်။

'ဟာ… ဘာတွေလဲဟ'

'ဟင်… လွှတ်၊ ဟာ… လွှတ်ပါဟ၊ အမငီး…'

'ဟား… ဟား… ဟား…'

ကျောက်တုံးတွေကြားကနေ ခေါင်းတုံးကြီးတစ်ယောက် ရှေ့ထွက်လာတယ်။ ကိုယ်လုံးက ကြီးတော့ ကျောက်တုံးကို ခွကျော် ထိုက်တာ မလွတ်ဘူး။

'ဟာ…'

အတော်အံ့သြသွားတာ အဟုတ်။ ကျောက်တုံးနဲ့တိုက်မိပြီး အောက်ပိုင်းကြီးကျန်ခဲ့တာ။ အပေါ်ပိုင်းပဲ ရှေ့ရောက်လာတော့…

'ဟာ… ဟေ့လူ၊ ခင်ဗျားအောက်ပိုင်းကြီး ကျန်ခဲ့တယ် လေ'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်… ဟုတ်လား'

ဒါနဲ့ အောက်ငုံ့ကြည့်တော့ ခါးအောက်ပိုင်းပါမထတော့ဘူး။ ငြီးမှ ပါးစပ်ကို အကြီးကြီး ဟပြီးပြောသေးတာ။

'ဟာ… ပြန်ယူရမှာ ပျင်းတယ်၊ တိစ္ဆမရှိဘူး၊ အောက်ပိုင်းမပါလည်း မင်းကို စားလို့ရတယ်'

'အဲ… နေဦးလေ၊ လူအချင်းချင်းမစားရဘူးလေ'

'ငါက နာနာဘာဝကွ'

ပြောကာမှ ပါးစပ်ကြီးကို ပိုဟလိုက်ကာ ရှေ့ကိုအတင်းတိုးလိုက်လာတော့တာ။

'ဟား… အား… စားရချေသေးရဲ့'

'အား… ဟား…'

ဘာပြောကောင်းမလဲ။ အသံကုန်အော်ပြီး ရုန်းလိုက်တယ်။ ဖိုဟာတွေကလည်း ဆွဲထားတာ လွှတ်ဘူးရယ်။ ရုန်းတဲ့သူရုန်း၊ ဆွဲတဲ့သူဆွဲနဲ့ ပါးစပ်ကလည်း နီးလာပြီ။

'အားယား…'

'ဖုန်း…'

'အိန်…'

ဆောင့်ရုန်းလိုက်တာ ချွေးကျကျ ချွေးအော်အော်ပြီးသကာလ မျက်လုံးကိုပြူး ဖောချွေးပါပျံပြီး ဘေးဘီကို အသည်းအသန်ဝေ့ကြည့်လိုက်တော့…

'အဟွင်း…'

'အဟဲ…'

ပြုံးစိစိနဲ့ ကြည့်နေတဲ့ ကြာဖြူတို့ကိုမြင်တော့ အခုမှ စိတ်သက်သာရာရပြီး ရယ်နိုင်တော့တာ။

ကြာဖြူက စပ်ဖြဲဖြဲနဲ့…



www.burmeseclassic.com

www.burmeseclassic.com



'အဟဲ… ကိုကြီးအောင်လင်းရာ၊ ကားပေါ်ကဆင်းတာ ခြေထောက်နဲ့ဆင်းလည်း ရပါတယ်'

'ဟုတ်ပါ့… ဟား… ဟား…'

'အံမာ… သူက ကျောကုန်းနဲ့ဆင်းတာဟ'

'ဟား… ဟား…'

ဝိုင်းရယ်ကြတော့ ရောယောင်ပြီး လိုက်ရယ်ကာ အိပ်မက် အကြောင်း ပြန်စဉ်းစားမိပြီး ကြိတ်မနိုင် ခဲမရနဲ့။

'တောက်… ကောင်းခန်းရောက်မှ အဖျက်က ရောက်လာ တာ၊ ဟွန်း…'

'ရေသွားချိုးကြမယ်လေ'

'ချိုးတော့ ချိုးချင်တယ်၊ ရေတံခွန်က ဘယ်လောက်ဝေးလဲ၊ ဟာကွာ… မလိုက်သေးဘူး၊ ဒါကြီးပြီးအောင် လုပ်လိုက်ဦးမယ်'

ကြာဖြူက ရေချိုးဖို့ခေါ်တော့ မင်းမောင်က ဆက်သွယ်ရေး စက်ကြီးကိုဖွင့်ပြီး ကလိနေရာကနေ ပြောတယ်။

'ဟာ… မင်းဟာကြီးက ရရောရမှာလားဟ'

'ဟ… ဘယ်သိမတုန်းဟ'

'ဟွန်း… ဒါနဲ့များ လုပ်နေရသေး။ တတ်တာလည်းမဟုတ် ဘာလည်းမဟုတ်'

'မင်းကရော တတ်လို့လား'

'အိ…'

မင်းမောင်က စွေကြည့်ပြီး အကြီးဟောက် ဟောက်လိုက် တော့ ပေတိုးလည်း ငြိမ်သွားတော့တာ။ ခဏကြာတော့…

'ဝှီး… ဝှီ… ဝှမ်…'

'ဟော…'

'အဟား… ကိုကြီးအောင်သင်း ရပြီကွ၊ အောဟ'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ဟုတ်လား၊ တယ်တော်ပါလား'

'ဟွန်း… ကြက်ကန်းကြီး'

'ဘာ…'

ပေတိုးနဲ့ နှစ်ယောက်ရန်ဖြစ်နေကြပြန်တာ အောင်သင်းလည်း အနားသွားကပ်ပြီး ခေါ်မယ်ကြံရုံရှိသေးတာ။

'ဗျိုး…'

'ဟော… လာကုန်ပြီ'

ကားသံတွေကြားတာနဲ့ အကုန်သိမ်း ပြင်ဆင်ပြီး အသင့်ပုန်းနေကြတော့တယ်၊ အောင်သင်းက ထိပ်နားကနေ မှန်ပြောင်းနဲ့ကြည့်လိုက်ပြီး ကားတွေက နည်းနည်းတော့ဝေးသေးတယ်။ မျက်နှာတည်သွားတာ။ သူ့ရဲ့ကောင်းလေးသံနဲ့ ပြောတယ်။

'ကဲ… ဒီတစ်ခါတော့ တကယ့်တိုက်ပွဲကြီးနဲ့ တွေ့ပြီပေါ့ကွာ၊ တစ်ယောက်ကောင်း ဗိုလ်တစ်သောင်း ညက်ညက်ကျေတဲ့ စကားပုံတောင် ရှိသေးတာ'

'အဟမ်း… အဲဒီတော့ တို့ ဘာလုပ်သင့်သလဲ၊ အခုလာတာ လူအတော်များတာ၊ ကဲ… ပြောကြလေ'

'ကိုကြီးအောင်သင်းသဘောပဲ၊ မကာန့်ကွက်ပါဘူး'

'အေး… ဒါဆိုဖြစ်ပြီ'

ရဲရဲတောက်ပြောတော့ စိတ်ဓာတ်တွေတက်ကြွလာကြတာပေါ့။ တညီတညွတ်တည်းထောက်ခံကြတော့ အောင်သင်းမျက်နှာတည်သွားပြီး ခဏစဉ်းစားတယ်။ ကားသံတွေကလည်း တဖြည်းဖြည်းနီးလာပြီ။

'အဟဲ… စောစောကစကားပုံက စာအုပ်ထဲပဲရှိတာ၊ အပြင်မှာ တကယ်မဟုတ်ဘူးဟ'

'ဟွာ…'



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်နဲ့၊ တကယ်တိုက်ရင် အသက်တောင် ဘယ်ကထွက်ရမယ် သိမှာမဟုတ်ဘူး'

'ညှင်… ဟင်…'

'မညှင်ကြနဲ့၊ ပုံပြင်ထဲက စကားတွေကို ယုံနဲ့၊ ကဲ… ဆုံးစံအတိုင်း ပြေးကြတာပေါ့'

'ဟမ်…'

အံ့သြပြီး အသံတွေက တစ်သံတည်းထွက်လာကြတော့ ခဲ့ရွဲ့ပြီး အငယ်သံမစ္စာတစ္စာနဲ့ ညောင်နာနာပြောတယ်။

'မဟမ်ကြနဲ့၊ သေချင်လို့လား၊ ကိုယ့်အသက်ကို ကြံဖန်ခွေးကြ၊ လူ့ဘဝဆိုတာ ရခဲတယ်'

'ဗျာ… ဟာ…'

'မဗျာကြနဲ့လေ၊ မင်းတို့အမျိုးတွေက အုပ်နဲ့ သင်းနဲ့ လာတာရယ်၊ စခန်းမှာ လူရောရှိသေးရဲ့လား၊ ကဲ… အချိန်မရှိဘူး၊ မင်းတို့မလိုက်ရင်လည်း နေခဲ့ကြ'

'ဟာ…'

ပြောလည်းပြော၊ တောထဲပြေးဝင်သွားတော့ အံ့သြကုန်တော့တာ။ မြန်လိုက်သမှ မှုန်လို့။ ဒါနဲ့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ကြာဖြူက…

'ကဲ… သူတော့ ပြေးပြီ၊ မင်းတို့ရော'

'အဟဲ… ငါကတော့…'

ပြောလည်းပြော၊ အောင်သင်းနောက် ပြေးလိုက်သွားတော့တာ။ ပေတိုးတို့ရော။ သူတို့လည်း ဘယ်နေလိမ့်မလဲ။ ပြေးလိုက်သမှ တန်းလို့ရယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

သူက မလှမ်းမကမ်းမှာ ကုပ်ဖေးဖေးလေးထိုင်နေတဲ့ အဒူလာကို စွေကြည့်လိုက်တယ်။ ဟုတ်တယ်လေ။ အပြောနဲ့ အလုပ် ညီတာရယ်။ အခုလည်း ချောက်ထဲကျသွားတာ ခပ်ကောင်းကောင်း ရယ်။

ချောက်ထဲသာ မကျလို့ကတော့ သေပြီ။ အခု ရေထဲကျ တာကောင်းထောက်မပြီး တောထဲတဝဲဝဲ ဟိုသွား ဒီသွားနဲ့၊ မသိရင် တောထဲ ဆေးမြစ်ပဲလာရှာသလို၊ သစ်ခွမျိုးသစ်ပဲ စာတမ်းပြုသလို ဖြစ်နေတာ ပြောပါတယ်။

'ဘယ်လိုလုပ်ကြမလဲဟင်'

'ဘာ… ဘယ်လိုမှမလုပ်နဲ့၊ အဲသမှာ သေ'

'အိ…'

စိတ်ညစ်ရတဲ့အထဲ လာမေးတာနဲ့ ရော့ဝဲလ်လည်း ဟောက် လိုက်တော့တာ။ အခုလည်း မနိမ့်မမြင့် ရေတံခွန်နဲ့ မနီးမဝေးက ကျောက်တုံးတွေကြား ထိုင်နေကြတာရယ်။

'ကားလမ်းအတိုင်းသွားရင်တော့ တစ်နေရာရာကို ရောက် မှာပေါ့နော်'

'အေး… ရောက်လိမ့်မပေါ့၊ အဲသမှာ မင်းအကြီးတွေနဲ့ တိုးပြီး သချိုင်းကုန်းကို'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်… ဟုတ်လား'

'ဟွန်း…'

'ဩော်… အောင်သင်းတို့လည်း ဘယ်ဆီများရောက်နေလဲမသိဘူးနော်'

'ဟင်း… ဒီပုံအတိုင်းဆို သေကုန်ပြီထင်ပ'

'ဆာဂျင်'

'ပြန်ကြမယ်နော်၊ အမောကိုလွှမ်းပြီ'

'ဘာ…'

'အဟင့်… တကယ်ပါဆို'

'ဟာ… ငါ ထကန်လိုက်ရ၊ ဒီကနေ ဟိုကို ဘယ်လိုပြန်တွန်းဟ'

ဟုတ်တော့လည်း ဟုတ်တယ်။ လေယာဉ်နဲ့လာတာသာကြာတာ။ ခြေကျင်သာလျှောက်ပြန်လို့ကတော့။ ဒါနဲ့ နှစ်ယောက်သား အကြံကုန်ပြီး ငုတ်တုတ်လေးတွေ။

'လေယာဉ်လိုပျံလို့ရရင် ကောင်းမယ်'

'ရဦးမှာ၊ ဟွန်း…'

'ဝေါ… ဝေါ…'

'ဟိုက်… လာပြန်ပဟ'

'မင်းပဲ လေယာဉ်ဆို'

'အဟား… ဟုတ်တော့ ဟုတ်တယ်၊ ပြေးပြီ'

ပြောလည်းပြော နှစ်ယောက်သား ပြေးရတာ တောအုပ်နဲ့ဝေး၊ ကျောက်တုံးတွေကြားမှာဆိုတော့ ပြေးမကောင်းဘူး။

'ဒက်… ဒက်…'

'ရှူး… ဖောက်…'

'ဟဲ့… သောက်ခွေး'



www.burmeseclassic.com

www.burmeseclassic.com



ကျည်ဆန်တွေက ခြေထောက်ဘေးကပ်ကျတာနဲ့ ဆွေ့ဆွေ့ခုန်နေတော့တာ။ ဒါနဲ့ ဟိုပတ်ပြေး ဒီကောက်ပြေးနဲ့ အလုပ်ရှုပ်နေတော့တာ။

ပြေးလိုက် လှိမ့်လိုက် တစ်ခါထပြေးလိုက် ကျောက်တုံးဆိုတော့ အကွာနည်းနည်းရသေးတာ။ လေယာဉ်က ကျော်သွားပြီး တစ်ခါပြန်လှည့်လာတော့ ရှော့ဝဲလ်အံကြိတ်လိုက်ကာ ကျောက်တုံးကိုမှီ၊ သေနတ်နဲ့ အသေအချာချိန်တယ်။

'ဟင်… ဟာ… အင်းဟာ…'

'အမယ်ကြီးဗျ…'

'ဘာလုပ်နေတာလဲ၊ အခွင့်အရေးရတုန်း ပြန်ပစ်ပါလားဟ'

ဖင်မှီးကောင်းထောင်ပြီး ဘုရားတနေတာနဲ့ ဖင်ကို ဆောင့်ကန်ပြီးပစ်ခိုင်းတော့ ကတုန်ကယင်နဲ့ ချိန်တယ်။ ရှေ့ဆက်ပြေးဖို့လည်း မရ။ ရေတံခွန်က ခံနေတာ။

'ဝေါ… ဝေါ…'

'ကဲ… သေစမ်း'

'ဒက်… ဒက်… ဒက်…'

'ဖောက်… ဖောက်… ဖောက်…'

'ဟဲ့… သောက်ပလုတ်တုတ်တုတ်…'

ပစ်တောင် မပစ်ရသေး။။ ဟိုကပစ်တာ အနားလာကျတော့ ထခုန်တော့တာ။ ရှော့ဝဲလ်ကတော့ ပစ်တယ်။ သူပစ်ကိုယ်ပစ် ထိုးရယ်။ ဒါနဲ့ တစ်ခါ လေယာဉ်က ပြန်လှည့်လာပြန်တယ်။

'ဝေါ… ဝေါ…'

'ဒက်… ဒက်…'

'ဠပ်… ခွပ်…'



www.burmeseclassic.com

www.burmeseclassic.com



ကျောက်တုံးကို သေနတ်တင်ပြီး အတွဲလိုက်ပစ်ချလိုက်တာ လေယာဉ်အမြီးပိုင်းကိုထိပြီး မီးခိုးတန်းသွားတယ်။

'ဟေး… ထိပြီကွ'

'ဟွန်း… အခုမှပစ်ဆိုတော့…'

'ဝေါ… ဝေါ…'

'ဟာ… ပစ်…'

'ဒက်… ဒက်… ဒက်…'

လေယာဉ်ကလည်း သူသေကိုယ်သေ တိုက်တာရယ်၊ ထိသွားတာတောင် ပြန်လှည့်လာပြီး အတင်းပစ်တာ။ သူတို့ကလည်း ပြန်ပစ်။

'ဒက်… ဒက်…'

'ဝုန်း…'

နောက်ပိုင်း မီးထတောက်တယ်။ ဒါပေမဲ့ အသေခံပြီး သူတို့တည့်တည့် ထိုးဆင်းလာတော့တာ။

'ဟာ…'

'အမယ်ကြီး…'

'ပြေးဟ'

'ကျား…'

'ဝုန်း…'

'ဗွမ်း… ဗွမ်း…'

နှစ်ယောက်သား ပြေးလို့လည်းမလွတ်တော့။ ဘေးကိုကပ်အတူ။ အရှိန်နဲ့ ရေတံခွန်ထဲထိုးကျသွားကြပြန်တယ်။ ဒီတစ်ခါတော့…

* * *



www.burmeseclassic.com

www.burmeseclassic.com



သူကြီးတစ်ယောက်တည်းထိုင်ပြီး စိတ်ရှုပ်နေတာ အောင်သောင်းကြောင့်ပေါ့။ အခုတလော ရွာဘက်မှာ ခြေချင်းလိမ်နေတာ။ ရွာသားတွေကိုလည်း အကုန်စုခိုင်းပြီး တစ်ယောက်ချင်းစီမေးတယ်။

အခုတလော အင်္ဂလိပ်စစ်သားတွေ ရောက်လာလို့တဲ့။ ဒါနဲ့နေရထိုင်ရတာ မလွတ်လပ်တော့ဘူး။ ရွာထဲကနေ ရွာပြင်ကိုမထွက်ရဲသလောက် ဂျပန်စစ်သားတွေကလည်း မည်းမည်းမြင် အကုန်ပစ်မှာဆိုတော့ တော်ရုံကိစ္စရှိလို့သွားတာတောင် အေးဆေးမသွားရ။ မိန်းကလေးတွေဆို ပိုဆိုးတာရယ်။

'ဟင်း…'

'ဘာတွေများဖြစ်လာဦးမလဲ'

တစ်ယောက်တည်းတွေးရင်း မောလာတယ်။ ဒီအချိန်မှာပဲ မိဝါရောက်လာကာ…

'သူကြီး… မိနှင်းအေးရောဟင်'

'ဩော်… သမီး အထဲမှာ၊ သွားလေ'

'ဟုတ်ကဲ့'

ပြောလည်းပြော မီးဖိုချောင်ထဲဝင်သွားတော့တာ။ သူကြီးလည်း စဉ်းစားရင်း ကျန်ခဲ့တယ်။ မိနှင်းအေးက ထမင်းရည်ငှဲ့နေရင်းကနေ…

'ဟယ်… ကောင်မ၊ ဘာလာလုပ်'

'အဟဲ… လာလည်တာလေ'

'ဟွန်း… အလုပ်မရှိအကိုင်မရှိ'

'အံမယ်… နင့်လိုများမှတ်နေလား၊ ငါက အစောကြီးကတည်းက ထပြီးပြီ'

'ဟယ်… အစောကြီးထတယ်၊ ခစ်… ခစ်…'

www.burmeseclassic.com

www.burmeseclassic.com



'ဟွန်း… ကောင်မနော်၊ အစောကြီးထပြီး ချက်ပြုတ်တာကို ပြောတာ'

'ဩော… ဟုတ်လား၊ ခစ်… ခစ်…'

'ဟွန်း…, ကောင်မကိုက'

ဒါနဲ့ နှစ်ယောက်သား နှုတ်ခမ်းချင်းပွတ်ပြီး ထွက်တိုးနေကြလေရဲ့။ မိဝါက ရွာထဲအောင်သွယ်တော်လေ။ ကိုယ်တိုင်ကတော့ နီးပဲ။ မရှိကို မရှိတာ။ ရှိတဲ့လူတွေကိုလည်း စိတ်မဝင်စား။ သူများကိုပဲ အောင်သွယ်ပေးတာရယ်။

'ဟဲ့… ညည်းလူကြီးနဲ့ အဆင်ပြေသွားပလား'

'ပြတ်သွားပြီ'

'ဟင်… တကယ်'

'ဟင်း… ဟုတ်တယ်၊ သူက ငပျင်းလေ၊ ပြင်မလား ပြင်မလားနဲ့ ကြည့်နေတာ'

'ဩော်… ဟုတ်တော့ ဟုတ်တယ်'

'ဘာဟုတ်တာလဲ၊ အဲဒါ ညည်းမကောင်းတာ'

'အံမယ်… ဘာဆိုင်တာလိုက်လို့'

'ဟွန်း…'

မသိယောင်ဆောင်မေးတော့ ဟိုက စွေကြည့်တယ်။ ဟုတ်ဘယ်လေ။ သူပဲ အောင်သွယ်ပေးထားတာကိုး။

'ညည်းပဲ ကောင်းလှချည်ရဲ့ဆို'

'ဟတ်… ငါက ဘယ်သိမတုံး၊ ညည်းပြောမှပဲ သိတာ၊ ကောင်းဘူး ဟုတ်လား၊ ခစ်… ခစ်…'

'ဘာ… ကောင်မနော်၊ စိတ်ဓာတ်မကောင်းတာ ပြောတာဒီ'

'ဩော… ဟုတ်လား၊ ခစ်…'

www.burmeseclassic.com

www.burmeseclassic.com



'ညည်းနော်၊ လာမပြောင်နဲ့၊ ဟွန်း…'

နှစ်ယောက်သား တိုးတိုး တိုးတိုးနဲ့ သူများအတင်းဘက် ရောက်သွားတယ်။ သူကြီး စဉ်းစားနေရင်း ခြံဝကိုကြည့်လိုက်တာ စိတ်ပါတိုသွားတော့တာ။ ဟုတ်တယ်လေ။ ခြံထဲကို အကြောင်း တစ်နေ့တစ်မျိုးပြပြီး ဝင်လာတဲ့ အောင်သောင်းက စပ်ဖြဲဖြဲရယ်။

'ဟာ… ဟော့ကောင်၊ ဘာလာလုပ်ပြန်သတုန်း'

'အဟဲ… ဘာမှမဟုတ်ဘူး၊ သူကြီးကို သတိရလို့လေ၊ ဟင်း… ဟင်း… ညှင်း…'

'ဘာကွ…'

ဗိုလ်အောင်ဒင်ဂိုက်နဲ့ ပြောလည်း ပြော၊ ရှေ့ဝင်ထိုင်တော့ သူကြီးက စွေကြည့်တယ်။ သင်းလာလာနေတဲ့ကိစ္စကို မသိတာ လိုက်လို့။

ဒါပေမဲ့ တစ်ခုချီးကျူးရတာက သူများသားသမီးကို အတင်း အဓမ္မမလုပ်တာတစ်ခု။

'ဘာသတိရတာလဲ၊ ဘာအကန့်မှကိုမရှိတာ၊ ဟွန်း…'

'အဟဲ… သူကြီးကသာ မရှိတယ်၊ ကျွန်တော်ကတော့ အမြဲတမ်းသတိရလို့'

'ဟွန်း… ငါနော်'

'အဟီး…'

'ဟော့ကောင်… မင်းအခွက်ကို သိပ်ကြည့်ရတာမဟုတ်ဘူး၊ ပြောစရာမရှိရင် ပြန်၊ ငါ့အကြောင်း သိတယ်နော်'

'အိ…'

သူကြီးမျက်နှာရော လေသံပါ မာလာတော့ အောင်သင်း လည်း လန့်သွားတယ်။ ပြောမယ့်သာ ပြောတာ။ ကြောက်တာရယ် ဟိုက ရှိန်နေလို့သာ။ မဟုတ်ရင် ဖနောင့်စာမိပြီ။



www.burmeseclassic.com

www.burmeseclassic.com



'အဟမ်း… ဒီလို သူကြီးရဲ့၊ ရွာထဲကို လူစိမ်းသူစိမ်းတွေ ဝင်ရင် ကျုပ်ကိုပြော'

'ဘာ… မင်းက ဘာလုပ်မလို့လဲ၊ ဘာလဲ… ကျက်အောင် ချက်စားမှာလား'

'အဟဲ… ကင်ပြီး၊ ဟာ… ယောင်လို့၊ အရေးကြီးတယ် သူကြီးရဲ့'

သူကြီးက ရွဲ့ပြောတော့ သူလည်း ရောယောင်ပြီး လိုက်ပြောတယ်။ စကားကို ဖြတ်ထားပြီးမှ…

'အေးလေ… သူကြီးက ဘာသိမတုန်း'

'ဘာကွ…'

'ဟာ… ငါ… တောက်…'

'ဟိုး… ခဏ'

သူကြီးလည်း ပေါက်ကွဲပြီး မျက်နှာကို ဖြတ်လည်းထိုးရော ခဏဆိုတော့ ရပ်ပြီး…

'ဘာလဲဟ'

'အဲဒါ အကြောင်းကြားဖို့လာပြောတာ၊ ကဲ… လစ်ပြီ၊ ထိုးချင်ဆက်ထိုး ရပြီ၊ ဟား… ဟား…'

ပြောလည်းပြော ထပြေးသွားတော့ သူကြီးလည်း ကြိတ် နိုင်ခဲမရ ကျန်ခဲ့ပါလေရော။

'တောက်… ခွေးမျိုး၊ ခွေးမြေး၊ နွားယောက်ဖ၊ ကျွဲသား၊ ဟင်း… ဒီတစ်ခါ လာပစေ၊ လာမှ…'

❋ ❋ ❋

ညဟာ ပိန်းနေအောင် မှောင်နေတာ ကြယ်ရောင်လရောင်



www.burmeseclassic.com

www.burmeseclassic.com



တွေကိုလည်း မမြင်ရဘူး။ မမြင်ရဆို မြူနှင်းတွေဆိုင်းနေတာရယ်။

အသံပေါင်းကို စုံအောင်ကြားရတယ်။ လူတွေကတော့ မတွေ့ရ။

ကြားရတဲ့အသံတွေကလည်း နားမလည်။

'ဖျောက်… ဖျောက်…'

'ရှပ်… ရှပ်… ရှပ်…'

ကြာဖြူတို့တစ်တွေ နေရာအပိုင်ယူပြီး စောင့်နေကြတယ်။ တစ်လံလောက်အထိတော့ သဲကွဲသေးတယ်။ ဝူးဝူးဝါးဝါးအသံနဲ့ အတူ ဂျပန်သုံးယောက် အနားရောက်လာတာနဲ့…

'စွပ်… အဒဘီ'

'ဒုတ်… အူး…'

'စွပ်… စွပ်… အ…'

ခြေမြန်လက်မြန်နဲ့ ပါးစပ်လက်နဲ့အုပ်ပြီး လည်ပင်းလှီးသတ်ပစ်ကြတာ။ ချုံထဲဆွဲပြီး အဝတ်အစားလဲဝတ်ကာ ကိုယ့်ပစ္စည်းလေးတွေကိုယ် အမှတ်အသားနဲ့ ဝှက်ထားလိုက်ကြတယ်။

'ဒုတ်… အု…'

'စွပ်…'

'စွပ်…'

အသံမသဲမကွဲကြားပြီး ပြေးလာတဲ့နောက် လေးယောက်ပါ ကွသွားပြီး အဝတ်အစားတွေ အကုန်လဲဝတ်ကာ ခပ်တည်တည်ပဲ ဦးထုပ်ငိုက်ငိုက်ဆောင်းပြီး ထွက်လာကြတယ်။ အဲ… မင်းမောင်က လူကောင်ကြီးတော့ ကပျာကယာ သူဝတ်တဲ့အဝတ်က သေးပြီး ဘောင်းဘီက ခြေသလုံးပေါ်လို့။ အင်္ကျီက ကြယ်သီးတစ်မှာ။

'ဗြိ…'

'ဟာ…'



www.burmeseclassic.com

www.burmeseclassic.com



'ခွီး… ခွီး…'

သေနတ် ကုန်းကောက်လိုက်တာ ဖင်ပါကွဲပြီး ချိုင်းပါပြဲ သွားတယ်။ ဒါနဲ့ ဝိုင်းရယ်ကြတယ်။

'ဟာ… လုပ်ပါဦးဟ'

'ဟာ…'

'ဟား… ဟား…'

ပေတိုးကိုလည်း ကြည့်၊ သူက တစ်မျိုး။ ဘောင်းဘီက အောက်ကိုပုံကျပြီး ရင်ခေါင်းထိဆွဲတင်တာတောင် ကျန်သေးတာ။ အကျႌကလည်း ကြီးတယ်။ သူက အကောင်သေးတာကိုး။ ဒါနဲ့ ဝိုင်းရယ်ကြရော။

'ဒီကိုလာ'

'ဟာ… အတော်ပဲ၊ ဟင်… ကွဲနေပြီ'

'အဟဲ… ရပါတယ်ကွ'

'အဟွန်း…'

'ဟား… ဟား…'

ဖြစ်နေကြတာ။ ဒါနဲ့ မင်းမောင်နဲ့ အဝတ်အစားချိန်းလိုက် ရ ဗွက်တိဖြစ်ကုန်တယ်။ ပြီးတော့ ဟိုအဖွဲ့ထဲရောယောင်ပြီး လိုက် သွားတော့တာ။

ဂျပန်ဗိုလ်တစ်ယောက်က စက်တစ်လုံးနဲ့ ဗူးဗူးဝါးဝါးပြော ပြီး သူ့တပ်သားတွေကို ပြန်လှည့်ခိုင်းတာနဲ့ အကုန်နောက်ကြောင်း ပြန်လှည့်ကုန်တော့တာ။

ဒါနဲ့ ရောယောင်ပြီး လိုက်သွားကြတယ်။ လူတွေက တန်းစီ ပြီးနေတော့ နောက်ဆုံးမှာနေတယ်။ ဟုတ်တယ်လေ။ အခြေလှလို့ ပြေးရင် လွယ်တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆေမဲ့ ပြဿနာတော့ သိပ်မရှိပါ။ လူတွေက အများကြီး။ ကားပေါ် တန်းစီပြီးတက်ကြတော့ နောက်ဆုံး ကားကို တက်လိုက်ကြတယ်။

ကားတွေက တောင်ဆင်းလမ်းကို ဖြည်းဖြည်းချင်းဆင်းပြီး သွားနေတယ်။ အိပ်ငိုက်ချင်ယောင်ဆောင်နေကြတာ။ စကားတစ်လုံးမှတောင် မပြောရဲကြ။

တဖြည်းဖြည်းနဲ့ စခန်းနဲ့နီးလာကြတယ်။ နီးလာလေ ကင်းပုန်းတွေ၊ ဂိတ်တွေက များလာလေပဲ။ တော်ရုံလောက်နဲ့တော့ စခန်းနားကို ကပ်လို့တောင်မရနိုင်။

တစ်ခါရပ်လိုက် တစ်ခါစစ်လိုက်၊ ဂိတ်တစ်ခုရောက်လိုက် တစ်ခါရပ်လိုက် ခေါင်းနပန်းကို ကြီးနေတာ။ ဂိတ်တွေရှိတဲ့နေရာ ကင်းပုန်းတွေရှိတဲ့နေရာတွေကိုလည်း မှတ်ထားရတာ။

ကားက ဝင်းတံခါးဖွင့်လည်းဖွင့်ရော အထဲမောင်းဝင်သွားပြီး စစ်သားတွေ တန်းလျားရှေ့ရောက်တော့ အကုန်ရပ်သွားတယ်။ အိပ်ချင်ကြပြီလေ။ ဒါနဲ့ တဗွားဗွားသန်းကာ ကိုယ့်အခန်းကိုယ် ပြန်ကုန်ကြပြီ။ ကြာဖြူတို့က မယောင်မလည်နဲ့ လိုက်သွားပြီး အဆောင်တွေကိုကျော်ကာ ဂိုဒေါင်ကြီးတွေနားရောက်တော့ မှောင်ရိပ် ထဲဝင်ပြီး ခဏငြိမ်နေလိုက်ကြတယ်။

စခန်းရဲ့ ဗဟိုတည့်တည့်ကို ရောက်နေတာရယ်၊ တစ်ဖက်မှာ သံဇကာတွေ ကာထားတဲ့ လေယာဉ်ကွင်းကြီး။ တစ်ဖက်မှာ အဆောက်အအုံတွေ မီးရောင်ကတော့ မရှိ။

ကင်းမျှော်စင်ကြီးနှစ်ခုရယ်၊ လေယာဉ်မျှော်စင်တစ်ခုရဲ့ က လေယာဉ်ကွင်းနဲ့ စည်းရိုးအပြင်ကို မီးမောင်းခဏခဏထိုးပြီး ကြည့်တယ်။

လှည့်ကင်းတွေကလည်း နာရီဝက်လောက်တစ်ခါ ကြည့်

www.burmeseclassic.com

www.burmeseclassic.com



တယ်။ လုံခြုံရေးက ကောင်းတယ်။ ဒါပေမဲ့ အပြင်ကလောက်တော့ မကျယ်ဘူး။ ကင်းမျှော်စင်ကလည်း နာရီဝက်တစ်ခါလဲတာ တွေ့ရတယ်။

'ကဲ… တို့တစ်တွေ နှစ်ယောက်တွဲပြီး လှုပ်ရှားကြမယ်'

'ဟာ… ဟုတ်မှလည်း လုပ်ပါဟ'

'ဟွန်း…'

မျက်စောင်းကြီးချီကာ ကြည့်လိုက်တော့ ပေတိုးလည်း စက်ပုသွားတယ်။ ဒါနဲ့ တိတ်တိတ်ဆိတ်ဆိတ်ပဲ နားထောင်ကြတော့တာ။

'ဒေါင်… ဒေါင်…'

'ဟော… ကင်းလဲတော့မယ်၊ ငြိမ်နေကြ'

မှောင်ရိပ်ထဲ အသံမထွက်ရဲဘဲ ငြိမ်နေတယ်။ ခဏကြာတော့ ကင်းလဲမယ့်သူတွေက ထွက်လာကြပြီး ကင်းတဲတွေဘက်သွားကြတယ်။

မကြာပါဘူး။

အရင်စောင့်တဲ့လူတွေက ပြန်လာကြတယ်။ ဒါနဲ့ ချောင်ကပ ငြိမ်းနေရတော့တာ။

ကင်းသမားတွေ ကျော်သွားမှ အောင်သင်းက…

'ကဲ… ကိုယ့်တာဝန်ကိုယ် ကျေပါစေ'

'စိတ်ချ'

'ဟွန်း… မင်းကို စိတ်မချဆုံးပဲ'

'အိ…'

ပေတိုးကိုပြောပြီး ဘောက်ဘောက် ဘောက်ဘောက်နဲ့ မျှော်စင်ဘက် တစ်ယောက်တည်းထွက်သွားတော့တာ။

ခဏနေတော့ ဝေမိုးနဲ့ မင်းမောင်၊ ရာကျော်နဲ့ ဒေဝ အသီး



www.burmeseclassic.com

www.burmeseclassic.com



သီးထွက်သွားကြတော့ ကြာဖြူနဲ့ ပေတိုးပဲ ကျန်ခဲ့တော့တာ။ ပေတိုးက…

'ငါတော့ မျက်ခုံးခပ်လှုပ်လှုပ်ပဲ၊ ဒီအထဲမှာတော့ ပတ်ပြေးလို့မရဘူး'

'ဟဲ… ဟဲ… ပြေးရတော့လည်း ဘာဖြစ်လဲ၊ ကားတွေ အများကြီးရှိတာပဲ'

နှစ်ယောက်သား စကားတပြောပြောနဲ့ဖြစ်နေတုန်း လှည့်ကင်းသမား ငါးယောက်လာတာ တွေ့တာနဲ့ ငြိမ်ကုပ်သွားတော့တာ။

ကင်းလှည့်တာလည်း ကြည့်ဦးလေ။ လင်းတဲ့နေရာပဲ ပတ်လှည့်တာ။ မှောင်တဲ့နေရာတွေဆို လှည့်တောင်မကြည့်ဘူးရယ်။ ဒီဘက်မှာ ခဏ ဟိုလျှောက်ဒီလျှောက်လုပ်ပြီး အနောက်ထဲဝင်သွားတော့တာ။

'သြော်… ဒါ ကင်းလှည့်တာ'

'အေးလေ… ဟုတ်မှ'

ပြောလည်း ပြော၊ ပေကြောင်ကြောင်လေးတွေနဲ့ ငြိမ်နေကြလေရဲ့။

* * *

အောင်သင်းတစ်ယောက် ခပ်တည်တည်ပဲ ကြောင်လိမ် လှေကားပေါ် တက်သွားတယ်။ ဂျပန်အဝတ် အစားဝတ်ထားတော့ မြင်သွားလည်း ကိစ္စမရှိပါ။ ဒါပေမဲ့ တံခါးကို ဖတ်ဆိုပြေးကပ်တယ် အထဲမှာ သီချင်းသံကြားရတယ်။ ဂျပန်လို ဆိုနေတာ။ ဓားမြှောင်ကို ထုတ် တံခါးကိုအသာဟပြီး ချောင်းကြည့်လိုက်တော့…

'ကျီ…'

'ဟင်…'

www.burmeseclassic.com

www.burmeseclassic.com



'ခေါ်... ခွီး...'

တစ်ကောင်က စားပွဲပေါ်ခြေထောက်တင် အပေါက်ကို ကျောပေးပြီး ထိုင်ခုံမှီ အိပ်နေတယ်။ တစ်ယောက်က မီးမောင်းကြီး ဖက်ပြီး အိပ်နေတာများ သိုးလို့။ သီချင်းက ရေဒီယိုဖွင့်ထားတာ။

'ဟွင်း... တွေ့ပြီပေါ့'

'ဖုန်း...'

'အမကြီးဗျ...'

မဲ့ပြုံးပြုံးပြီး ခြေကိုဖော့နင်းသွားတာ အနားရောက်မှ ငှက် ပျောခွံတက်နင်းမိပြီး ဖုန်းခနဲပစ်လဲသွားတော့...

'... ... ...'

'ဟင်...'

ထိုင်ခုံကနေ နောက်ကိုလှည့် သေနတ်နဲ့ချိန်ပြီး ဂျပန်လို သုံး၊ လေးခွန်းပြောတော့ နားတော့မလည်ဘူးရယ်။ ဒါပေမဲ့ သေမှာ ကြောက်ပြီး လက်မြှောက်လိုက်တော့...

'ဟား... ဟား... ဟား...'

'ဟွာ...'

ရယ်ပြီး သေနတ်ကိုချ၊ ထိုင်ခုံကို နေရာပြင်ပြီး ပြန်အိပ် သွားပါလေရော။ တော်သေးတာပေါ့။ ယောင်တာ ကံကောင်းလို့ ဝစ်ပါမသွားတယ်။

ဒါနဲ့ အတင်းကုန်းထပြီး စားနဲ့ထိုးမလို့ပြင်တယ်။ အဲ... တစ်ခါ လှီးမလိုပြင်တယ်။ လှီးလည်း မလှီးရဲဘူးရယ်။

ဒါနဲ့ သိုင်းလွယ်လာတဲ့သေနတ်ကို ပြောင်းဘက်ကကိုင် ကိုင်ပြီး ပယ်ပယ်နယ်နယ်ကြီးထုလိုက်တာ။

'ဒေါင်...'

'အု...'



www.burmeseclassic.com

www.burmeseclassic.com



ဆို တစ်ခါတည်းနဲ့မှောက်သွားတယ်။ အခုမှ စိတ်သက်သာရာရပြီး…

'ဟင်း…'

'ဟာ… သေပြီ'

'အယ်…'

သေပြီထင်နေတာ။ မီးမောင်းထိုးတဲ့လူက ထပြီး ကပျာကယာ ဟိုဒီ မီးမောင်းသုံး၊ လေးခါထိုးပြီး ပြန်အိပ်သွားတော့တာ။

'ဟာ… အင်းဟာ…'

'ခွပ်… ဒုတ်…'

ဒီလိုလူမျိုးတွေလည်း ရှိသေးတာ။ ဒါနဲ့ သေနတ်ကို လက်နှစ်ဖက်နဲ့စုံကိုင်ပြီး ဆင့်ရိုက်လိုက်တာ အသံတောင်မထွက်နိုင်ဘဲ မှောက်သွားတော့တယ်။

'ဟင်း…'

'အံမယ်… ကံကောင်းလို့'

တစ်ယောက်တည်း ပြောလည်းပြော၊ သက်ပြင်းကိုချပြီး ဟိုနှစ်ဖွဲ့ဆီက အချက်ပြတာကို စောင့်နေလေရဲ့။

တစ်ချိန်တည်းမှာပဲ ဝေမိုးနဲ့ မင်းမောင်လည်း လှုပ်ရှားနေကြတယ်။ ကင်းတဲအခြေကို ဖတ်ဆိုပြေးကပ်ပြီး အပေါ်ကိုမော့ကြည့်တော့ လူရိပ်တောင် မတွေ့ရဘူး။ ဒါနဲ့ အပေါ်ကိုတက်သွားပြီး နှစ်ယောက်သား တံခါးကို ဖယ်ဆိုပြေးကပ်ကာ ဝေမိုးက မျက်စပစ်ပြီး…

'မင်းဝင်'

'ဟင့်အင်း… မင်းဝင်'

မင်းမောင်ကလည်း ခေါင်းကို အတင်းခါးခါးသီးသီးငြင်းပြီး ပြောလည်းပြော၊ မျက်စပြန်ပစ်ပြတယ်။



www.burmeseclassic.com

www.burmeseclassic.com



'မင်းဝင်'

'ဟာ… မင်းဝင်ကွာ'

'မင်းအရင်ဝင်'

'ဟင့်အင်း… ဝင်ဘူးဟာ၊ မင်းမရင်ဝင်'

ဒီလိုနဲ့ တစ်ယောက်နဲ့တစ်ယောက် မျက်စပစ်ရင်း မျက်လုံးတွေပဲ စောင်းပြီးပစ်လာတယ်။ နောက်ဆုံး မရတော့ ဝေမိုးက ခြားမြှောင်ကိုထုတ် ချွေကြည့်ကာ တံခါးဟကြည့်တော့…

'ဟင်…'

'ဟာ…'

အံ့သြပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြတာရယ်။ ဟုတ်တယ်လေ။ ကင်းစောင့်နိုင်းတာ အိပ်နိုင်းတယ်များဆင်တယ်ရယ် မသိဘူး။ နှစ်ကောင်သား အတူတူလှဲပြီး တစ်ယောက်က ခေါင်းဘက်ခြေထောက်ထိုးပြီး တစ်ယောက်က ခြေထောက်ဘက် ခေါင်းထိုးထားတာရယ်။

ဒါနဲ့ ဝေမိုးက အပေါက်ကိုဖွင့်ပြီး စိတ်ချလက်ချအိပ်နေတဲ့ ဆင်းသမားတစ်ယောက်ခေါင်းကို ထုလိုက်တယ်။

'အင်းဟာ'

'ခွပ်…'

ငြိမ်သွားတော့မှ နောက်တစ်ယောက်ကို ဆက်ထုမလို့ လက်ရွယ်ပြီးကာမှ…

'မင်းအလှည့်'

'အင်…'

မင်းမောင် နင်သွားတော့တာ ဟုတ်တယ်လေ။ ဗီဒီယိုတွေထဲမှာဆို ကိုယ့်ခွဲတမ်းနဲ့ကိုယ်လေ။ ဒါနဲ့ ဆောင့်ဆောင့်နဲ့သွားတာ ထုလိုက်တော့တာ။



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… အင်းဟာ…'

'ခွပ်…'

ဝေမိုးကို လှည့်ကြည့်ပြီး မကြည်ကြည့် ကြည့်သေးတာ။ ဟိုက ဟိုဘက်လှည့်သွားတော့တာ။

ရာကျော်နဲ့ ဒေဝသွားတဲ့ ကင်းမျှော်စင်က အဆိုးဆုံး။ အဲဒီက နှစ်ယောက်က မအိပ်ကြဘူးရယ်။ ဒါနဲ့ အခြေမှာ ငြိမ်ကုပ်နေရတော့တာ။ အပေါ်မှာက စကားပြောလိုက်၊ ရယ်လိုက်၊ ကလိုက်၊ သီချင်းဆိုလိုက်နဲ့။

မတတ်နိုင်ဘူးရယ်။ နှစ်ယောက်သား အပေါ်တက်ဖို့ကို။

'မင်းအရင်တက်'

'ဟာ… မင်းတက်'

'မင်းတက်'

'ဟာ… ငါတက်'

'မင်းပဲတက်'

နှစ်ယောက်သား သူတက် ကိုယ်တက်နဲ့ ငြင်းနေကြတာများ အတော်ကြာတယ်။ မတတ်သာတဲ့အဆုံး ဒေဝက ပေစောင်းစောင်းနဲ့ တက်သွားတော့ ရာကျော်က သေနတ်နဲ့ချိန်ပြီး ကာဗာလုပ်တယ်။

'တက်ခဲ့'

'အင်း…'

ဒါပေမဲ့ တံခါးနားရောက်တဲ့အထိ ဘာအန္တရာယ်မှမရှိတာနဲ့ လိုက်တက်သွားတယ်။ တံခါးကို ဖတ်ခနဲပြေးကပ်တော့ တံခါးက ဖွင့်လျက်ကြီး။ အထဲချောင်းကြည့်တော့…

'ဟင်…'

'အံမယ်…'

အံ့သြသွားတာရယ်။ တစ်ယောက်က သီချင်းဆို လက်ခုပ်



www.burmeseclassic.com

www.burmeseclassic.com



ဘီးကာ တစ်ယောက်က အရက်ဘူးကို ကိုင်ပြီးကနေတာရယ်၊ အမယ်… ဟုတ်လို့။ နှစ်ယောက်လုံးက ကျောပေးထားတော့ ရာကျော် က လျှင်တယ်။ ဓားကိုထုတ်ပြီး အမြင်ကတ်ကတ်နဲ့…

'အင်းဟာ…'

'ဗိုး…'

'ခွပ်…'

ဓားနဲ့ပစ်လိုက်တာ နောက်ကနေ ဒုတ်ခနဲမစိုက်ဘဲ ခွပ်ခနဲ ဓားရိုးနဲ့ဝင်ဆောင့်ပြီး လှည့်ကြည့်တယ်။

'အင်…'

ရာကျော်တို့နှစ်ယောက်ကို တွေ့မှ ဖြည်းဖြည်းလေးလဲသွားတယ်။ အကျွမ်းနာဘူးပေါ့။ အဲ… ကနေတဲ့လူတစ်ယောက်တော့ သိသွားရယ်။ မူးမူးနဲ့ ဆက်ကနေတုန်း ဒီတစ်ခါ ဒေဝအလှည့်။ သူက ရာကျော်ကို လှောင်ကြည့်ကြည့်ပြီး ပြုံးကာ…

'ကြည့်ထား ငါပစ်တာကို'

'ဗိုး…'

'ကတောင်…'

'အဟား… ဟား…'

သေချာအောင် အသံပေးလိုက်တော့ လှည့်ကြည့်တယ်။ ဒါနဲ့ ပစ်လိုက်တာ ဘာမှမထူးဘူး။ နဖူးကို အရိုးနဲ့မှန်သွားတော့ ရာကျော်က ထရယ်ပါလေရော။ ဟိုက မျက်ဖြူကြီးလန်ပြီး လည်ညည်တည်ဖြစ်နေတယ်။ လဲမလို့ပြင်ပြီးမှ အံမယ်… မလဲဘူးရယ်။

'အဟီး…'

'ဟင်…'

'ဟယ်…'

လဲမယ့်နေရာကို လက်လေးနဲ့ အသေအချာ ဖုတ်ဖတ်လေး



www.burmeseclassic.com

www.burmeseclassic.com



ခါပြီးမှ သွားဖြဲပြပြီး စိတ်ချလက်ချလဲသွားလေတယ်။ နှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး အံ့သြနေတာရယ် ကြဲ့မှ ကြဲ့ဖူးဘဲ။ ရာကျော်က…

'သြော်… လဲတာတောင် ဖုတ်ဖက်ကလေးခါသွားသေးတာ၊ ဟရို…'

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ကြာဖြူနဲ့ ပေတိုးက အမှောင်ထဲကနေ ငြိမ်ကုပ်ပြီးစောင့်နေတာ။ မျက်လုံးတွေကတော့ မျှော်စင်မှာ။

အခြေအနေကောင်းပါ့မလား တွေးနေတုန်း ကင်းတဲနှစ်ခုက မီးမောင်းက မျှော်စင်ကိုထိုးတော့ မျှော်စင်ကလည်း ပြန်ထိုးတယ်။

ဒါနဲ့ နှစ်ယောက်သား ဒေးဘီကိုကြည့်ပြီး အမြန်ပြေးထွက်ကြတယ်။ လေယာဉ်ကွင်းထဲကိုဆင်း စီတန်းပြီး ရပ်ထားတဲ့လေယာဉ်တွေက အတော်များတာရယ်။

နှစ်ယောက်သား ဆီတိုင်ကီတွေကို အတင်းလိုက်ဖောက်ချတော့ များကလည်းများ၊ ကြာတော့ လက်ပါ အံသေလာတယ်။ အတော်ကိုကြာတာရယ်။

သူတို့ ကွင်းထဲကိုရောက်ကတည်းက ဟိုဟာတွေကလည်း မြင်ပြီးသားဆိုတော့ စုရပ်ကို အလျင်သွားနှင့်ကြပြီ။ အဖွဲ့သုံးဖွဲ့ ရှေ့ဆင့်နောက်ဆင့် ပြန်ရောက်လာကြပြီး အတော်ကြာမှ ကြာဖြူတို့ ပြန်ရောက်လာတယ်။

'ကဲ… တို့တစ်တွေ အနောက်နားက တင့်ကားတွေ တွေ့လား'



www.burmeseclassic.com

www.burmeseclassic.com



'တွေ့တယ် ဝေးသေးတာ၊ ဘာလဲ တင့်ကားကြီးနဲ့ ပြေးဖို့လား'

'ဘာ…'

ဟောက်လိုက်တော့ ပေတိုးလည်း တိတ်သွားတော့မှ အောင်သင်းက ဆရာကြီးပြုံး ပြုံးကာ…

'ဒီကောင်ကြီး တစ်စင်းလောက်ရရင် စခန်းတစ်ခုလုံးကို မွှေသွားလို့ရပြီ၊ ကဲ… သွားကြမယ်'

ပြောလည်းပြော၊ ရှေ့ကဦးဆောင်ပြီး အမှောင်ရိပ်ထဲ ဟိုပြေးကပ်လိုက် ဒီပြေးကပ်လိုက်နဲ့ ကွက်ချောင်းချောင်းပြီး ဟိုကောက် ဒီကောက်နဲ့ မြွေပြေးပြေးသွားတော့ နောက်ကလူတွေလည်း တစ်သဝေမတိမ်း လိုက်သွားလေရဲ့။

'ဒေါင်… ဒေါင်… ဒေါင်…'

'ဟော‥ ကင်းတွေလဲတော့တယ်'

တင့်ကားတွေဘေးက ဂိုဒေါင်ဘေးပုန်းနေတာ ကားတွေနား မှာ ကင်းသမားသုံးယောက် စကားတပြောပြောနဲ့ ရယ်နေကြတယ်၊

အချိန်ကလည်း မရတော့ ကင်းလဲမယ့်သူတွေ ရောက်လာ တာနဲ့ အကုန်ရှုပ်ကုန်တော့မှာ။ အရမ်းအရေးကြီးနေပြီ၊ ဒါနဲ့ အောင် သင်းက…

'ကဲ… သုံးယောက် သွားပြီးရှင်းကြ'

လှုပ်ဘူးရယ်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး မျက်စပစ်နေကြကာလေ။ ဒါနဲ့…

'ကဲ… အချိန်မရဘူး၊ သုံးယောက်သွားကြလေ'

'ဟာ… အင်းဟာ… ကဲ…'

'ဘုန်း… ဘုန်း… ဘုန်း…'

ပါးစပ်နဲ့မပြောတော့ဘဲ အနီးဆုံးသုံးယောက်ကို နားရင်း



www.burmeseclassic.com

www.burmeseclassic.com



တီးလိုက်မှ ပေတိုး၊ ဝေမိုးနဲ့ ဒေဝသုံးယောက်သား ကျွန်တဲ့သုံးယောက်ကို ပေစောင်းစောင်းကြည့်ပြီး…

'ဟွန်း… သိမယ်'

'အဟား… မှတ်ပလား'

'ဟာ… သွားကြလေ၊ ငါ…'

အချင်းချင်းကပ်နေတာရယ်။ ဒါနဲ့ ထပ်ဟောက်လိုက်မှ ဘောက်ကွဘောက်ကွနဲ့သွားတော့ လှမ်းကြိမ်းသေးတာ။

'ငါ ထပ်လုပ်လိုက်ရ မကောင်းဖြစ်ရော့မယ်၊ အသံမထွက်စေနဲ့နော်'

'ဟွန့်… လုပ်ပြီးနေပြီလေ'

'ဟာ… အင်းဟာ…'

'ဖျောင်…'

'သေပါပြီဗျ…'

အနားက ပေတိုးက ဝင်ပြောင်တာနဲ့ ထပ်အုပ်လိုက်ပြန်တယ်။ ပေတိုးတို့လည်း ရုပ်တည်နဲ့ ဟိုသုံးယောက်ဆီသွားတော့ တစ်ချက်လှည့်ကြည့်ပြီး ကင်းလဲမယ့်လူတွေထင်လို့ ဂရုတောင် စိုက်ဘူး။

'ဟား… ဟား… ဟား…'

'×÷+÷+×'

'ဟား… ဟား… ဟား…'

ဘာတွေပြောပြီး သဘောကျနေတာရယ် မသိဘူး။ ရယ် [illegible]တ်သမှ သောက်သောက်လဲရယ်။ ဒါနဲ့ လက်တစ်ကမ်းအကွာ[illegible] [illegible]ပြီး သေနတ်ကို ပြောင်းကနေတုတ်လိုက်ကိုင်ပြီး ဝေမိုးက [illegible] [illegible] လှည့်တောင်မကြည့်ဘူး။ လက်ကိုပုတ်ချပြီး…

'ဟား… ဟား… ဟား…'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… အင်းဟာ'

'ဒုတ်… ခွပ်…'

စိတ်က မရှည်တော့တာနဲ့ ဇက်ပိုးဖြတ်ရိုက်လိုက်တာ၊ ရယ်ရင်းနဲ့ လဲသွားတယ်။ ပေတိုးနဲ့ ဒေဝက…

'ဟဲ… လာထား'

'ဟိုး…'

'ဟင်… ဘာလဲဟ'

'အဟီး…'

ဟိုးဆို လက်ကာပြပြီး အဟီးဆို မျက်နှာချိုသွေးကာ သူတို့ဟာ သူတို့ လဲကျသွားတော့ နှစ်ယောက်သား ကြောင်သွားကြတယ်။

'အင်…'

'ဟင်…'

'တောက်… ငါရိုက်လိုက်တဲ့ကောင်သာ လိမ္မာရင် ငါလည်း လက်သောင်းတော့ဘူး၊ ဟင်း…'

ဝေမိုးရဲ့ ကြိတ်မနိုင်ခဲမရ အသံကြီးက ပေါ်လာတော့တာ။ အောင်သင်းတို့တစ်တွေ ရောက်လာတော့ အခြေအနေက သိပ်မကောင်းတော့။ အချက်ပေးသံတွေ ဆူညံနေပြီး အကုန်လုံးလှုပ်လှုပ်ရွရွဖြစ်ကုန်ပြီ။

လူနေတန်းလျားတွေလည်း လင်းထိန်ပြီး ဘာရယ်မသိ ဟိုပြေးဒီပြေးနဲ့ ရှုပ်ယှက်ခတ်နေလေရဲ့။ စခန်းတစ်ခုလုံး မီးတွေလည်း ထိန်လင်းလာတော့တာ။

'ဝင်… ဝင်… တင့်ကားအထဲကိုအမြန်'

'ဟာ… တစ်ယောက်ချင်းဝင်ဟ'

'ဟာ…'

'အရေးထဲကွာ၊ ငါ…'



www.burmeseclassic.com

www.burmeseclassic.com



ဝင်လည်းဆိုရော သုံး၊ လေးယောက် စုဝင်ကြတော့ မရဘူး။ ဒါနဲ့ တစ်ခါခွဲပြီး တစ်ခါဝင်နိုင်းတော့ တစ်ခါစုမိပြန်ရော။

'ဟာ… နေ၊ ငါ အရင်ဝင်မယ်'

'ဟွန်း… သူပဲ'

ဒါနဲ့ အောင်သင်းက အရင်ဝင်သွားတော့ တစ်ယောက်ချင်းဆင်းသွားပြီး နောက်ဆုံးမှ ကြာဖြူက လိုက်ဆင်းရတော့တာ။

'ရှူး… ရှူး…'

'ဟာ…'

'ဒက်… ဒက်… ဒက်…'

'ဝှမ်း… ခွပ်… ခွပ်…'

ကားထဲဝင်ပြီး မောင်းထွက်လိုက်တော့ ခဏကြောင်ပြီးကြည့်နေကြသေးတာ။ ပြီးမှ ဝိုင်းပစ်ကြတော့ ဘာဖြစ်တော့မှာလဲ။ အားဘော်ဒီကြီးကို တခွပ်ခွပ်လာမှန်တယ်။ လေယာဉ်ကွင်းဘက်ကို မောင်းသွားတော့ နောက်ကနေ တင့်ကားတွေ၊ ဂျစ်ကားတွေနဲ့ အတင်း လိုက်ပစ်တယ်။

'ဒက်… ဒက်… ဒက်…'

'ဝုန်း…'

'ဒိုင်း…'

နောက်ကနေ အတင်းလိုက်ပစ်တာနဲ့ လေယာဉ်ကွင်းကို ဖြတ်မောင်းရင်းနဲ့ လေယာဉ်တွေဆီ အမြောက်နဲ့ထုလိုက်တာ။

'ဝုန်း… အုန်း…'

'ဝုန်း… ဒိုင်း…'

ပေါက်ကွဲမှုအဆင့်ဆင့်နဲ့ မီးတောက်ကြီးတွေ ပေါ်လာတော့တာ။ လေယာဉ်တွေလည်း ကုန်ပါလေရော။

'ရှူး…'



www.burmeseclassic.com

www.burmeseclassic.com



'ဟား… ဟား… ကောင်းမှကောင်း'

'ပတ်မောင်းကွ၊ ဟား… ဟား…'

လေယာဉ်ကွင်းကို ပတ်မောင်းတော့ နောက်ကားတွေက လည်း အတင်းလိုက်ပစ်ကြတယ်။ အောင်သင်းက သဘောအကျကြီး ကျနေတယ်။ မင်းမောင်နဲ့ ဝေမိုးက အမြောက်ရဲ့တစ်ဖက်ဆီမှာရှိတဲ့ စက်သေနတ်တွေနဲ့ တွေ့ကရာ အကုန်ပစ်တော့…

'ဒက်… ဒက်… ဒက်…'

'ဝုန်း… အုန်း…'

စခန်းတစ်ခုလုံး ပြောင်းဆန်ကုန်တော့ စခန်းတစ်ဝန်းလုံး ကို ရစရာမရှိအောင် ဖျက်ဆီးပစ်နေတာ။ အနားလာကပ်တဲ့လူတွေ ကိုလည်း စက်သေနတ်နဲ့ပစ်၊ အဝေးကိုလည်း အမြောက်နဲ့ပစ်၊ နောက်ကလည်း အတင်းလိုက်ပစ်တော့ ဆူညံနေတော့တာ။

'ဟား… ဟား… မှတ်ပလား၊ သေကြစမ်း'

'ဒက်… ဒက်… ဒိုင်း…'

တစ်ဝန်းလုံးကို ဖျက်လို့အားရမှ ဂိတ်ပေါက်ဘက်လှည့် လိုက်တယ်။ အပေါက်နားမှာ လူတွေက အုံခဲပြီး ဝိုင်းပစ်ကြတယ်။

'ယား…'

'အား…'

စနက်တံဖြုတ်ထားတဲ့ ဗုံးတွေကိုင်ပြီး သုံး၊ လေးယောက် အသေခံဗုံးခွဲဖို့ ပြေးလာတာ အမြောက်ကြီးလည်း သူတို့ဘက်လှည့် လာရော သံပြိုင်အော်ပြီး လူအုပ်ထဲပြန်ဝင်ပြေးသွားကြရော။ ဒါ… ဗုံးပေါက်မှာစိုးပြီး အလုအယက်ပြေးကြပါလေရော။

'ဝုန်း…'

'အုန်း… ဒုန်း…'

အမြောက်နဲ့ပစ်လိုက်တာ လူတွေရော …ခါးကြီးပါ ပြွတ်…

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားပါလေရော။ ဒါနဲ့ အပြင်ကိုမောင်းထွက်လိုက်တယ်။ လမ်းမှာတွေ့သမျှ ဂိတ်တွေကိုလည်း အကုန်ဖျက်ဆီးခဲ့တယ်။

နောက်ကလည်း လိုက်ပစ်တယ်။ အတော်ဝေးသေးတော့ မထိ။ ဒါနဲ့ တဖြည်းဖြည်း တောင်တက်လမ်းရောက်လာပြီး အကွေ့အကောက်ဆိုတော့ သတိထားမောင်းရတယ်။

တဖြည်းဖြည်း ပုန်းနေတဲ့နေရာနဲ့ နီးလာတော့ ကုန်းတက်တစ်ခုထိပ်ကနေ ရပ်ပြီး အမြောက်နဲ့ အသေအချာချိန်ထားလိုက်တယ်။

ကုန်းတက်ကအကွေ့ မြင့်လည်းမြင့်၊ ကျဉ်းလည်းကျဉ်းတော့ အခွင့်ကောင်းပဲ။ ပစ်ကွင်းထဲကို တင့်ကားတစ်စင်း ဝင်လာတာနဲ့…

'ပစ်…'

'ဝုန်း…'

'ဂျိမ်း…'

'ဟာ… ဒါလောက်ချိန်တာတောင် လွဲရလားဟ'

ဘေးကိုကပ်ကျပြီး ကြောက်အားလန့်အားနဲ့ တောင်စောင်းခင်တိုက်တာ အိမ့်ပွဲ့နဲ့ ကြက်နာကြီးလည်လိမ်သလို လိမ်ကာ နောက်မြန်ကျွမ်း နှစ်ပတ်လောက်လည်ပြီး…

'ဒုန်း…'

နောက်ကားကြီးနဲ့ တိုက်မိမှ ရပ်သွားတယ်။ ကန့်လန့်ကြီးဆိုတော့ လမ်းပိတ်သွားပြီး ဆက်လာလို့မရတော့ပေ။

'ဟေး…'

'အဟား… အောင်ပြီကွ'

ဒါနဲ့ တဟေးဟေး တဟားဟားနဲ့ ထအော်ပြီး ပစ္စည်းတွေဝှက်ထားတဲ့နေရာနဲ့ အနီးဆုံးကို မောင်းလိုက်တော့တာ။

www.burmeseclassic.com

www.burmeseclassic.com



အောင်သင်းက စက်ကိုပိတ်ကာ ပစ္စည်းတွေကို သိမ်းလိုက်တယ်။ အခုဆို စက်နဲ့သတင်းပို့ပြီးပြီ။ ကျန်တဲ့အပိုင်းကတော့ ကိုယ်တွေနဲ့မဆိုင်တော့။ သူတို့ဇာတ် သူတို့ကပေါ့။

'ကိုကြီး အခြေအနေ ဘယ်လိုလဲ'

'ဘယ်လိုပဲဖြစ်ဖြစ် ငါတို့နဲ့ သိပ်မဆိုင်တော့ဘူး'

'ကျွန်တော်တို့ အခြေအနေကို မမေးဘူးလား'

'ငါတို့က တည်ကြက်တွေလေ၊ ဘယ်ဂရုစိုက်တော့မလဲ၊ သူတို့လိုချင်တာ ရပြီလေ'

'ဟင်... အဲသလို'

'အေး... သူတို့စိတ်ဓာတ်ကိုက အဲသလိုပဲ'

ကြာဖြူနဲ့ နှစ်ယောက်ပြောနေတုန်း မင်းမောင်က ဝင်မေးတယ်။

'လေယာဉ်နဲ့ဖြစ်ဖြစ် ရဟတ်ယာဉ်နဲ့ဖြစ်ဖြစ် လာကြိုရမှာပေါ့'

'မဖြစ်နိုင်ဘူး၊ အခု ငါတို့ စပေးလိုက်တာနဲ့ တိုက်ကျန်တော့မှာ၊ အသာရတာ မှန်ပေမယ့် တိုက်တာကိုပဲ အာရုံစိုက်မှာပဲ'

အားလုံး စိတ်ဓာတ်ကျကုန်တယ်။ ဟုတ်တယ်လေ။ အခု သွားစရာနေရာမရှိသလို ပြေးစရာလည်း မြေမရှိ။ အောင်သင်းက ဆက်ပြောတယ်။

'ငါတို့ဆက်သွယ်လည်း အလကားပဲ၊ သေလူတွေလို့ သဘောထားကြတာ၊ အဲဒီမှာ ခဏခိုနေကြမယ်'

'ကျွန်တော်ကတော့ စိတ်ကုန်ပြီဗျာ၊ ထွက်တော့မယ်ပြီးတော့ မသေမချင်း သူတို့က ခိုင်းနေမှာ'

'ဟုတ်တယ်၊ ငါတို့ကို သေလူလို့သဘောထားတာလည်း ကောင်းတာပဲ၊ ကိုယ့်နေရာကိုယ် ပြန်နေကြမယ်'

www.burmeseclassic.com

www.burmeseclassic.com



ကြာဖြူ စကားကို ပေတိုးက ညောင်နာနာထောက်ခံတော့ ဝေမိုးက…

'ဒါမှမဟုတ်လည်း ငါတို့တစ်တွေစုပြီး အတူလုပ်ကိုင် စားသောက်ကြတာပေါ့'

'ဘာ… မင်းနဲ့ အတူနေရမယ်၊ ဟုတ်လား… မင်းနဲ့အတူ နေမယ့်အစား ကျားဖင်သာ ပြေးကန်လိုက်ချင်တယ်'

'ငါပြောတာ မင်းမပါဘူး၊ မင်းကတော့ သွားချင်တဲ့နေရာ ကိုသွား၊ သေချင်တဲ့နေရာသေ'

'အိ…'

ဒေဝလည်း တင်းသွားတယ်။ ဟုတ်တော့လည်း ဟုတ်တာ ရယ်။ မတည့်အတူနေတွေဆိုတော့…

'ငါ့ဟာငါ ဘယ်သွားသွား မင်းအပူပါလား'

'မပါလို့ပြောတာပေါ့ ငကြောက်ကြီးရာ'

တစ်ယောက်နဲ့တစ်ယောက် စွေကြည့်ကာ…

'ငါကွာ… လုပ်လိုက်ရင် သေမယ်'

'အံမာ… လာလာချေသေးရဲ့၊ ဟွန်း…'

'ဟာ… အင်းဟာ'

အောင်သင်းက နှစ်ယောက်စလုံးကို ဆောင့်ကန်လိုက်မှ ငြိမ်သွားတော့တာ။

'ငါတို့ ရွာတစ်ရွာကို အရောက်သွားပြီး ခဏခိုနေကြမယ်၊ နောက်တော့ အခြေအနေကြည့် မီးစင်ကြည့်ပြီး ကတတ်သလို ကကြ တာပေါ့'

ပြောလည်းပြော တောအုပ်ရဲ့တစ်ဖက်ကို ပြေးဆင်းသွား တော့ ဘာပြောကောင်းမလဲ။ ပြေးလိုက်သွားကြတာများ တစ်လှို့ရှယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၀)

နံနက်ခင်းဟာ ကျေးငှက်ကလေးတွေရဲ့ ကျီကျီတာတာအသံနဲ့ ပန်ရနေတယ်။ သူကြီးတန်းလျားမှာထိုင်ပြီး အင်းခွေးကြီးနက်ကျော်ကို ကြည့်နေတာရယ်။

နက်ကျော်တစ်ကောင် အစောကြီး မထစဖူးထပြီး ခြံဝင်းထဲပတ်ချောင်းနေတယ်။ ကြည့်နေတာ ကြာပြီ။ ဘာကိုချောင်းမှန်းကို မသိတာ။

ဟော… ကြည့်။ ခြံကို တစ်ပတ်ပတ်လိုက်ကာ လိုက်ရှာနေတာရယ် တွေ့သွားပြီ။ ဒါနဲ့ အသာလေး ဗိုက်နဲ့မြေကြီးရှပ်ပြီး ခွေးတွားသွားပြီး ချောင်းတယ်။ ခြံထောင့်မှာက ဝါးရုံနှစ်ရုံရှိတော့ ချောင်ကျတယ်။ သူကြီးလည်း ဝမ်းသာသွားတော့တာ။

'အဟား… နက်ကျော်ကြီးတော့ ကြွက်ချောင်းနေပြီ၊ နှစ်ကောင်လား သုံးကောင်လားပဲ၊ ဟား… ဟား…'

သဘောအကျကြီးကျသွားတာ။ ဟုတ်တယ်လေ။ နက်ကျော်က ပျင်းတာသာရယ်။ ကြွက်လိုက်တာ တော်ပ။ တကယ်မမြင်လို့ တကယ်သာ မြင်လို့ကတော့…

ပြောခဲ့သလိုပေါ့။ ပျင်းရင် ကြွက် နှုတ်သီးပေါ်တဲ့တာတောင် ကိုက်ရမှာပျင်းလို့ ကြည့်နေတတ်တာ။ အခု သူမြင်ကတတ်တဲ့အကောင် သင်းကိုချောင်းနေတာ။



www.burmeseclassic.com

www.burmeseclassic.com



သူ အမြင်ကတတ်နေတာ ဒီခြံထဲမှာ နှစ်ကောင်ရှိတယ်။ တစ်ကောင်က ကြောင်မကြီးမိဖြူ။ တစ်ကောင်က သူကြီးအရမ်းချစ်တဲ့ ကြက်ဖကြီး ပေသီး။

'အောက်… အီ… အီး… အွတ်…'

'ကွပ်… ကပ်… ကွပ်…'

'ကွပ်… ကွပ်… ကတော်…'

ခြံထောင့်မှာ ကြက်ဖကြီးပေသီးနဲ့ ကြက်မတစ်ကောင်။ ကြက်မက အစာယက်ပြီး ရှာစားနေတာကို တွေ့သွားပြီး လူပျိုလှည့်တယ်လေ။ အဖမှန်းသိအောင် တွန်ပြတော့ မသံပေးတယ်။ ဒါနဲ့ အနားသွားပြီး ရစ်သီသီလုပ်နေတာ။

'ကွပ်… ကွပ်… ကွပ်…'

'ကတော်… ကတော်…'

မကြာပါဘူး။ အဆင်ပြေကာနီးပြီ။ ကြက်မကြီးကို ပေဆောင်းစောင်းကြည့်ကာ ခြေတစ်ဖက်ထော့တော့တော့လုပ်၊ အတောင်တစ်ဖက်ကို အပေါ်မြှောက်၊ တစ်ဖက်အောက်ချ တစ်ပတ်လှည့်ပြီး ကြက်မနားလည်း ကပ်ရော…

'ဂီး… ဟီး…'

'ကတော်… ဟော်…'

ဝါးရုံကြားထဲက နက်ကျော်ရဲ့ နှုတ်သီးကြီးက ထွက်လာပြီး ဟပ်လိုက်တာ တစ်ချက်ခုန်ရှောင်တယ်။ ကံကောင်းလို့ လွတ်သွားတာ။ ဒါနဲ့ ကြက်မလည်း ပြေး၊ သူလည်း နှာမထနိုင်တော့ဘဲ ကြောက်လန့်တကြား။

'ကတော်… ဟော်…'

'ဂီး… ဂဲ…'

အော်ပြေးရတော့တာ။ အတောင်နှစ်ဖက် ရှေ့ပစ် ခေါင်းကို



www.burmeseclassic.com

www.burmeseclassic.com



အတင်းရွေ့စိုက်ကာ အပြေးပြိုင်သလို ပြေးရတော့တာ။ ဒါနဲ့ နှုတ်ကျော့်လည်း အတင်းလိုက်တယ်။

'ဟား… ဟား… ဒီနေ့တော့ ကြွက်သားစားရချေသေးရဲ့'

'ကတော်… ကတော့…'

'ဂူး… ဂဲ…'

'ဟွာ…'

အံ့ဩသွားတော့ကာ ကြည့်။ ရှေ့က ပေသီးက သေပြေးရှင်ပြေး အသားကုန်ပြေးပြီး နက်ကျော့်နှုတ်သီးနဲ့က ထိနေပြီ။ ဒါပေမဲ့ အပိုင်မမိသေးတော့ မီရာလှမ်းကိုက်တာ။ နောက် အမြီးတွေ အကုန်ကျွတ်ကျပြီး ဖင်ကတုံးကြီးဖြစ်သွားတော့တာ။

'ဟာ… သေတော့မှာပဲဟ'

'ဟဲ့ကောင်… သွား…'

'ဂူး… ဂဲ… ဂီး…'

'ကတော်…'

မျက်လုံးပါပြူးပြီး အတင်းမောင်းတာ ရဘူးရယ်။ ဒါနဲ့ ကြွက်က ရှေ့ကပြေး ခွေးက နောက်ကလိုက်နဲ့ အိမ်ကိုပတ်နေတော့ တယ်။ နောက်ဆုံးက သူကြီးလေ။ ကြွက်တို့ပညာ မနေသာ။ ခုန်ပြီး တစ်မျိုး၊ ပုံပြီးတစ်မျိုး၊ ကွေ့ပြီးတစ်မျိုး အမျိုးမျိုးပြေးနေတာရယ်၊ နောက်က နက်ကျော့်ကလည်း အတင်းလိုက်တယ်။ အကုန်လုံးက လည်း မောနေကြပြီ။ ကြံ့ရာမရတဲ့အဆုံး ကြွက်ဖကြီးပေသီးက အိမ်တိုင်တည့်တည့်ဝင်ပြေးတယ်။ အနားရောက်မှ…

'ဖပ်…'

'အုန်း… ဖုန်း…'

'ကိန်… အိန်… အိန်…'

'ဟာ… တိုက်ပဟ'



www.burmeseclassic.com

www.burmeseclassic.com



'ခွပ်…'

'အမင်္ဂလာ…'

ကြက်ဖကြီးက ဖတ်ခနဲ ဘေးတစ်ပတ်လှည့်ပြီး ရှောင်အထွက် ဟိုဘက်ကို ဘုန်းခနဲ ကြက်ကျမကျဘဲ ခွေးကျကျတယ်။ အဲ… နက်ကျော်ကလည်း မိပြီဆိုပြီး အတင်းလိုက်တာ တိုင်နဲ့ အုန်းခနဲအဆောင့် သူကြီးလည်း သူ့ကြက်ကြီး သေမှာကြောက်တော့ အတင်းပြေးအလိုက် တိုင်နဲ့ နဖူးနဲ့ အကုန်အလဲလဲအပြိုပြိုဖြစ်ကုန်တော့တာ။

'ကွပ်… ကွပ်…'

'အိန်… အီး…'

'တောက်… အား… လား… သေပါပြီဗျ'

ကြက်ဖကြီးလည်း ကြယ်တွေ လတွေမြင်ပြီး မထနိုင်။ သူကြီးလည်း မသောက်ရဘဲ မူးနေတာလေ။

အရင်ဆုံး နက်ကျော်က သတိရပြီး ကတိမ်းကယိုင် အတင်းအပြေးတယ်။ မပြေးလို့လည်း သူကြီးဒေါသကို သိတာလေ။

'တောက်… အေး… ခွေးသား၊ ပြေးထားဦးပေါ့ကွာ'

'လာ… လာ… အမယ်… ကံကောင်းလို့'

'ကွပ်… ကွပ်… ကွပ်…'

နဖူးပွတ်ပြီးတော့ ထကာ လျှာပါထွက်ပြီး ချွဲသံပါပါနေတဲ့ဆသီးကို ကောက်ပွေ့ကာ မနည်းနှာနှပ်ပေးလိုက်ရတယ်။ ကြက်ဖကြီးလည်း ဘယ်မှ လှုပ်မလှည့်ရဲတော့ဘူးရယ်။ ဒါနဲ့ ကုပ်ဖေးဖေးနဲ့ သခင်နဲ့ မလှမ်းမကမ်းမှာ နေလာတော့တာ ဖင်ကတုံးကြီးနဲ့ မှိုင်နေသေရဲ့။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



'တောက်... ဟင်း... ငါကွာ'

စောစောစီးစီး နဖူးကိုပွတ်ကာ ထိုင်နေရင်း ပြောင်းဖူးဖက်ဆေးလိပ်ကြီးဖွာ ကြိတ်မနိုင်ခဲမရနဲ့ ဒေါကန်နေတာရယ်။

ဒီအချိန်မှာပဲ ဦးညိုကြီး ရေးကြီးသုတ်ပျာပုံစံနဲ့ ရောက်ချလာပြီး သူကြီးဘေး ပြေးကပ်တယ်။ နဖူးကဘုကို တွေ့တော့...

'ဟင်... သူကြီး၊ ဘာဖြစ်တာတုန်းဟင်'

'ဟာ... ဘာဖြစ်ဖြစ်၊ ဆို... ဘာကိစ္စတုန်း'

'ဒီ... ဒီလိုပါ သူကြီးရဲ့၊ အဟဲ...'

'ဟာ... ပြောဆို'

'အဟီး...'

ပြောစရာရှိတာ မပြောဘဲ တဟီးဟီး တဟဲဟဲနဲ့ သွားဖြဲပြနေတော့ ထပေါက်တော့မှ...

'ဒီလို... မနေ့က အောင်သောင်းတို့ ဂျပန်စခန်းကို လူတစ်စု ဝင်မွှေသွားတယ်၊ အဲ... ပြီးတော့ အင်္ဂလိပ်တိုက်လေယာဉ်တွေ ဝင်တိုက်တာ အကုန်ကုန်ရောတဲ့'

'အဲဒါ ဘာဖြစ်သတုန်း'

'အဲ...'

ဟုတ်တယ်လေ။ စောစောစီးစီး နဖူးနာရတဲ့အထဲ မဆိုင်တာတွေ လာပြောနေတာနဲ့ စိတ်က မရှည်တော့ဘူးရယ်။ ကိုယ်ကတော့ ကြွက်သားလေးများ စားရမလားလို့။ အခုတော့...

'ဒီကောင်တွေကို သူကြီးလည်း သဘောမကျဘူးဆိုတာ သိတာပေါ့၊ အခုခံသွားရတာ ဝမ်းမသာဘူးလားဟင်'

'ထွမ်... စောစောစီးစီး ကြွက်သား၊ အဲလေ... ကျုပ်သရေမရှိတဲ့ကောင်တွေအကြောင်း လာပြောနေတယ်၊ ညိုကြီး... မင်း ငါ့အကြောင်းသိတယ်နော်၊ ဘယ့်နှယ်'

www.burmeseclassic.com

www.burmeseclassic.com



'အဲ…'

သူကြီးလည်း ပေါက်ကွဲပြီး အကြီးလေးသံနဲ့ ဖိအောက်လိုက်တော့ အငယ်သံသြောင်နာနာနဲ့ လိုရင်းကို ပြောရလေတယ်။

'အဲဒါ သူကြီးရယ်၊ ကျုပ်ဆီကို မနက်စောစောက လူခုနစ်ယောက် ရောက်လာတယ်၊ လက်ထဲမလည်း လက်နက်အပြည့်အစုံနဲ့…'

'ဟာ… အဟွတ်… ဟွတ်…'

'ဘာလဲ… ဓားပြတွေလား၊ ဘယ်မလဲ၊ ဟွတ်…'

'ဟာ… ဘာလဲဟ'

ဆေးလိပ်ပါဆီးပြီး မျက်ကလဲဆန်ပျာနဲ့ အတင်းကုန်းရုန်းထတော့ ဦးညိုကြီးလည်း ရောယောင်ကြောက်သွားတယ်။ ပြီးမှ ကုန်းရုန်းထနေတဲ့ သူကြီးပုဆိုးကို ဆွဲထားတာ ထမရဘူး။

'ဟာ… လွှတ်ဆိုလွှတ်လေ'

'စကားကိုလည်း ဆုံးအောင်နားထောင်ပါဦး သူကြီးရဲ့'

'ဩော… အေး… ပြော မြန်မြန်'

'ခေါင်းဆောင်လုပ်တဲ့ လူက ရွာမှာ ခဏလောက်နေဖို့ သူကြီးကို ပြောပေးပါဆိုလို့၊ ပြီးတော့ မဟာမိတ်တပ်သားတွေတဲ့'

'ဩော… ဟုတ်လား'

'ဟုတ်လောက်ပါတယ်၊ သူတို့ရုပ်က သူခိုးကြမ်းပိုးရုပ်မပေါက်ဘူး၊ သံနားပါတယ်၊ လက်ခံထားလိုက်ပါနော်'

'အဲ… နေဦး'

ဆေးလိပ်တိုတိုလေးကို ဖွာပြီး စဉ်းစားတယ်။ ဟုတ်တာလေ။ ဂျပန်တွေ အခြေမလှပေမယ့် ကျန်သေးတာရယ်၊ မြေပြောတာဟုတ်။ တော်ကြာ သိသွားရင် ရွာပါပြာဖြစ်သွားမှာ

'အင်း… မဖြစ်သေးပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီလိုလည်း မရဘူး'

'အဲ့… ဟိုလို'

'အင်း… ဒီဟာ'

အမျိုးမျိုးစဉ်းစားရင်းနဲ့ ညှော်နံ့နံ့လာတာနဲ့ ဟိုကုန်းရှာ ဒီကုန်းရှာနဲ့ ရှာနေတာရယ်၊ ဦးညိုကြီးက မျက်လုံးပြူးကြီးနဲ့ ကြည့်ပြီး…

'ဟာ… သူကြီး၊ မီးလောင်နေပြီ'

'ဟုတ်လို့လား၊ ဘယ်သူ့အိမ်တုန်းဟ'

'နှုတ်ခမ်းမွေး၊ သူကြီးနှုတ်ခမ်းမွေး'

'ဟင်… ဟုတ်လား၊ အား…'

နှုတ်ခမ်းမွေးကိုစမ်းကြည့်မှ တစ်ခြမ်းပါကုန်ပြီး မှုလာတာနဲ့ အော်လိုက်တော့ ရေနွေးကပျာကယာငှဲ့ပြီး…

'ဟာ… နေ၊ ကဲဟာ'

'ဗွမ်း…'

'အူး…'

ဦးညိုကြီးက မျက်နှာကို ရေနွေးပူနဲ့ ကောက်ပက်လိုက်မှ နှစ်ခါပူသွားတော့တာ။

အဲ… မီးကတော့ သေသွားပါရဲ့။

* * *

တောစပ်နဲ့ ထန်းတောဆက်စပ်ထားတဲ့ ချုံတွေနဲ့ ထန်းပင်တွေကြားမှာ ကြာဖြူ ထိုင်ပြီးစဉ်းစားနေတယ်။ ဘာရယ်မဟုတ်။ သူကြီးက လက်ခံပါ့မလား တွေးနေတာရယ်။

'ရှပ်… ရှပ်…'

'ဟော…'



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာပဲ ခြေသံနဲ့အတူ တောင်းကြီးတစ်လုံးရွက်လာတဲ့ မယ်လှကို တွေ့ရတယ်။ ဒါနဲ့ တောင်ကိုဝိုင်းချပေးရင်း…

'ဘာတွေလဲ'

'အဘက အစ်ကိုတို့ကို ပို့ခိုင်းလိုက်လို့'

'ကောက်ညှင်းပေါင်းနဲ့ ငါးခြောက်ထောင်း'

မင်းမောင်ကို တစ်ချက်ခိုးကြည့်ပြီး နွဲ့တဲ့တဲ့ပြောတော့ ပေတိုးက ညှောင်ညက်ညက်အသံနဲ့ဝင်ပြီး…

'အိုး… အားနာစရာကြီး'

'ဟာ… ဘာဖြစ်တာလဲဟ၊ အင်းဟာ…'

'အဟီး…'

ပါးစပ်ကသာ အားနာတာ။ လက်က တောင်းထဲကဒန်အိုးဆီ ရောက်နေပြီ။ ဒါနဲ့ လက်ကို ဖြတ်ရိုက်လိုက်တာ ကြာဖြူက…

'ဟာ… ကျေးဇူးတကယ်တင်တာပါ၊ ညီမလေးရာ အစ်ကိုတို့ စားမယ်နော်၊ အဟဲ…'

'ဟွန်း…'

ပေတိုးက စွေကြည့်တယ်။ မယ်လှက ပန်းကန်တွေနဲ့ ခူးခပ်ပြင်ဆင်ပေးတော့ မင်းမောင်က အနားကပ်ပြီး အခွင့်ရတုန်း ဝင်ကြောင်တယ်။

'အစ်ကိုကတော့ ဘုရားမတာပဲ၊ အဟဲ…'

'ဟင်… ဘာလို့လဲ'

'အဟဲ… အရမ်းလှပြီး အလိုက်သိတဲ့ မိန်းကလေးတွေနဲ့ တွေ့ရလို့၊ အဟင်း…'

'အို…'

'တကယ်ပါကွာ၊ အဟဲ… ရည်းစားရှိလားဟင်'

'အို… အစ်ကိုကလည်း ဟင့်အင်း…'



www.burmeseclassic.com

www.burmeseclassic.com



ချောက်နှာက ရှက်တက်တက်နဲ့ နီသွားပြီး နွဲ့တဲ့တဲ့နဲ့ ပြေးသွားလေရဲ့။ မင်းမောင်က နောက်ပိုင်းအလှကို လှမ်းငမ်းပြီး စားဖို့မေ့နေတယ်။ ခပ်လှမ်းလှမ်းရောက်မှ ပြောပြီး ဆက်ပြေးသွားတယ်။

'အဟိ... ဘာမှန်းလဲမသိဘူး'

'အဟဲ... ဟဲ...'

'အေ့... ဗိုက်ကိုတင်းသွားတာပဲ၊ အဟဲ...'

'ဟာ... ငတ်ပဟာ'

ကြာဖြူ အသံကြားမှအိုးထဲကြည့်လိုက်တော့ ပြောင်သလင်းခါနေပြီ။ ဒါနဲ့ ပန်းကန်ထဲရှိတာလေးပဲ စားလိုက်ရတော့တာ။ မင်းမောင်တို့က အဲသလို။

ခဏကြာတော့ ဦးညိုကြီးနဲ့ နဖူးကြီးရောင် ပါးစပ်ကြီးဖောင်းနေတဲ့သူကြီး ရောက်ချလာတယ်။ ကြာဖြူတို့လည်း သူကြီးကိုကြည့်ပြီး ရယ်ချင်နေကြတာလေ။

'ကဲ... မောင်အောင်သင်း၊ ဒါက တို့ရွာသူကြီးပဲ'

'ဟုတ်ကဲ့... တွေ့ရတာ ရယ်ချင်၊ အဲလေ... ဝမ်းသာပါတယ်၊ ဟဲ... ဟဲ... ဟား... ဟား...'

'ဟား... ဟား... ဟား...'

'ဟေ... ဟား... ဟား...'

နဂိုကတည်းက ရယ်ချင်နေတာ နှုတ်ဆက်တာနဲ့ရောပြီးရယ်တော့ ကြာဖြူတို့လည်း ဝိုင်းရယ်တယ်။ ဒါနဲ့ သူကြီးနဲ့ ဦးညိုကြီးပါ ရောယောင်ရယ်တယ်။ ခဏကြာမှ ဟောက်လိုက်လို့ အကုန်အရယ်ရပ်ကုန်တယ်။

'တော်... တိတ်'

'အု... အစ်...'

'မင်းတို့ကို ဘယ်သူရယ်ခိုင်းသတုန်း'



www.burmeseclassic.com

www.burmeseclassic.com



'အဟဲ··· ဝမ်းသာလွန်းလို့ပါ၊ အဟွင်း···'

'ဟွန်း···'

သူကြီးလည်း မျက်နှာကြီးပိုနီပြီး တင်းသွားတယ်။ ဒါနဲ့ မျက်နှာပိုးကို အတင်းသတ်ပြီး ငြိမ်နေတော့ ရုပ်တည်နဲ့··

'ပြော··· ဘယ်လိုဖြစ်တာလဲ၊ အမှန်ကိုပြောနော်၊ ဟွန်း···'

'ဒီလိုပါ သူကြီးရဲ့'

··· ··· ··· ··· ···

ဖြစ်ကြောင်းရယ်ကုန်စင် ပြောပြလိုက်တော့ သူကြီးက တစ်ခဏစဉ်းစားတယ်။ ပြီးမှ အထင်တကြီး···

'သြော··· ဒါဆို စခန်းကိုဝင်မွှေသွားတာ မောင်ရင်တို့ပေါ့'

'အဟဲ··· ဟုတ်တာပေါ့၊ ပါးပါးလေးပါ'

'သြော···'

အောင်သင်းက မိန့်မိန့်ကြီးပြန်ကြွားတော့ သူကြီးလည်း ပြုံးသွားတယ်။ ပြီးမှ မြှောက်ပြန်တယ်။

'ဟာ··· တကယ့်လူတွေပဲ၊ ဂုဏ်ယူပါတယ်၊ ကျုပ်လည်း အားကျတယ်ကွာ'

'အဟွန်း···'

'အဟွင်း··· ဟွင်း···'

ကြာဖြူတို့တစ်တွေ ဘဝင်လေဟပ်ပြီး တဖြည်းဖြည်း အတော်မြှောက်လာပြီ။ ဒါပေမဲ့ ဆက်လိုက်တာလည်းကြားရော ဘုန်းခနဲခွေးကျကျပြီး မျက်နှာပါမဲ့သွားလေရဲ့။

'ဒါပေမဲ့ ကျုပ်အဘိုးတို့ကိုတော့ မမီပါဘူး၊ မောင်ရင်တို့ က သေနတ်နဲ့ဆိုတော့ ဘာဟုတ်သေးလဲ၊ အဘိုးတို့တုန်းက ··· သေ'

'ဗျာ···'



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ… ဟဲ… သူတို့က အင်္ဂလိပ်စခန်းကို ဝင်တိုက်တာ၊ အတုန့်ခားတွေနဲ့ခုတ်တဲ့သူက ခုတ်၊ ဟိုဘက်ကလည်း ပစ်တဲ့သူ ပစ်လေ၊ ဟား… ဟား… ဒါပေမဲ့ တုတ်ပြီး ဓားပြီးဆေးတွေ ထိုးထားတာ၊ ဘာရမလဲ၊ ဟား… ဟား…'

'ဟာ… ဒါဆို တစ်ယောက်မှမသေကြဘူးပေါ့'

'ဟာ… သေကြတာပေါ့၊ သောက်သောက်လဲပဲ'

'ညှင်… ဟင်…'

'မညှင်ကြနဲ့လေ၊ ဆေးက တုတ်တွေ ဓားတွေပဲပြီးတာ၊ သေနတ်တော့ မပြီးဘူးရယ်၊ ဒါပေမဲ့ သတ္တိကကောင်းတာ၊ ဓားနဲ့ အတင်းဝင်ခုတ်တာ၊ ကားခနဲ ကားခနဲကြွကုန်တာ'

'ဩော… အင်္ဂလိပ်တွေပေါ့၊ ဟုတ်လား၊ ကောင်းလှချေ လား'

'ဘယ်ကလာ… ဓားနဲ့ရှယ်ရုံရှိသေးတာ၊ သေနတ်တွေ အမြောက်တွေနဲ့ ဝိုင်းပစ်လို့ ဓားသမားတွေ ကားကုန်တာလေ'

'ဗျာ… မာ… ဟာ…'

'ဘာရမလဲ၊ ဘယ်သူသေသေ ငါ့အဘိုးက တစ်ယောက် တည်းနဲ့'

'ပြန်ချတယ်ပေါ့'

'ဟာ… ဘယ်ကလာ မပစ်ဖို့ မနည်းတောင်းပန်ထားလို့ ငါတို့ကိုမွေးတာပေါ့ဟ'

'ဟွာ… ဟာ… ဟာ…'

ဒီတစ်ခါ အသံတွေက အတော်ရှည်ပြီး တော်တော်နဲ့မငြိမ် တော့။ ဒါကိုတောင် မိန့်မိန့်ကြီးပြုံးပြီး သူကြီးမျိုးရိုးဖြစ်စဉ်ကို ဆက် ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ကြနဲ့လေ… တောင်းပန်ကောင်းလို့ အခုဆို ငါတို့ တစ်မျိုးလုံး သူကြီးမျိုးကိုဖြစ်လို့'

ကောင်းရော။ ဒီတစ်ခါတော့ ဘာသံမှထွက်မလာတော့။ ဘာမှလည်း မပြောချင်တော့တာနဲ့ ငြိမ်နေလိုက်ကြတော့တာ။

❋ ❋ ❋

သုံး၊ လေးရက်လောက်ကြာတော့ ရွာခံထန်းရည်သမားတွေနဲ့ အတော်ရင်းနှီးလာတယ်။ ဝေမိုး၊ ပေတိုး၊ ကြာဖြူနဲ့ မင်းမောင် ဒီလေးယောက်ပဲ အရပ်ဝတ်ဝတ်ပြီး အပြင်ထွက်ကြတယ်။ ကျန် သုံးယောက်ကတော့ ပုန်းလျှိုးကွယ်လျှိုးနေကြတယ်။

ဒီကြားထဲ ညရောနေ့ရော လေယာဉ်သံ၊ ကားသံတွေ၊ ဘိုက်သံနိုက်သံ၊ ပစ်သံခတ်သံတွေကို နေ့တိုင်းကြားရတယ်။ ဘယ်သူတွေသာပြီး ဘယ်သူတွေနာလဲတော့ မသိဘူးရယ်။

မင်းမောင်က မယ်လှရဲ့ အရေးပေးခံရဆုံးပဲ။ ဦးညိုကြီး လည်း သဘောကျတယ်။ ကျဆို ခိုင်းကောင်းတာကိုး။ သံရဲသာ ကြောက်တတ်တာ။ ထန်းတက်တော့ ကျွမ်းတာရယ်။ ဒါနဲ့ပဲ သား အဖတွေ တစ်မင်းတည်းမင်းပြီး တစ်မောင်တည်း မောင်နေတော့ တာ။

ပေတိုး။ သူကတော့ ဦးညိုကြီးမိန်းမ ဒေါ်မြိုင်ရဲ့လက်စွဲ၊ ဘခြားမတွေးပါနဲ့။ အချက်အပြုတ်တော်တော့ မျက်နှာလွှဲရတာကိုး။ ဒါနဲ့ လင်မယားနှစ်ယောက်စလုံး အနားရနေတယ်။ မင်းမောင်က ထန်းတက်ပြီး ပေတိုးက အမြည်းချက်။

အခုလည်း အမြည်းစားပွဲနောက်ကနေ ထိုင်ပြီး မင်းမောင် ထန်းရည်လိုက်ချပေးတာကို ကြည့်နေတယ်။ ဒါနဲ့ ပြန်ကြည့်ကြည့် ပြီး ရယ်ပြလိုက်တာ ထန်းကျည်တောက်ကြီးနဲ့…

www.burmeseclassic.com

www.burmeseclassic.com



'ဂတောင်…'

'တေပါပြီဗျ'

'ဟိုက်… ကန်တော့နော် အစ်ကိုကြီး၊ အဟီး…'

ရှေ့မှာထိုင်နေတဲ့ လူခေါင်းကို ဝင်တိုက်လိုက်တာ အသံကြားမှ သွားဖြဲပြပြီးတောင်းပန်တော့ ဟိုက ဈွေကြည့်တယ်။ တခြားဝိုင်း ဟုတ်ရိုးလား။ ကွန်းတို့ဝိုင်းလေ။ ဒီထက်ဆိုးတာက ဝင်တိုက်လိုက်တာ ကုလားကြီးခေါင်း ဖြစ်နေတယ်။

ပြောရဦးမယ်။ စရောက်ကတည်းက ဦးညိုကြီးအမျိုးဆိုပြီး ရောက်လာပေမယ့် ကြည့်ရတာမဟုတ်ဘူး။ ဘယ်ကြည့်ရလိမ့်မတုန်း။ ထန်းတက်ချိန်ကလွဲလို့ မယ်လှနားကနေ ခွာတာရယ်ကိုမရှိတာ။ ဒီတော့ ကုလားကြီးလည်း မျိုးကာမှမျိုးရော ရည်းစားလူလုအူနံ နီးတဲ့အကောင်ခတ်သလို ခံစားရတာ။ ဟုတ်တယ်လေ။ သူတို့နားက အကောင်စုံတာရယ်။

အခုလည်း ခေါင်းကိုဝင်တိုက်လိုက်တာ ကြယ်တွေ လတွေပါ မြင်သွားတယ်။ အရှိန်လေးကလည်း ရလာတော့ ဘာရယ်ညာရယ်သိတော့တာ မဟုတ်ဘူး။ ခေါင်းကို အတင်းခါပြီး ကျည်တောက်အလွတ်ကြီးကိုင်ကာ အတင်းထတယ်။

'ဘယ်ကောင်လဲကွ… ငါ့ကိုဆော်တာ'

'ဟင်…'

'ဩော… မင်းကိုး'

ပြောလည်းပြော၊ စိုက်ကြည့်တယ်။ ဒါပေမဲ့ မင်းမောင်ကသူ့ကို ကြည့်တယ်။ မထင်ဘူးရယ်။ မျက်လုံးက တောင်တ…မြောက်တစ်လုံးဆိုတော့ ဘေးဘီကို ကျီးကြည့် ကြောင်ကြည့် ကြည့်ပြီး သွားမယ်လုပ်မှ ကုလားကြီးက အင်္ကျီရင်ဘတ်…ပြီး…

'မင်းကိုပြောတာကွ'



www.burmeseclassic.com

www.burmeseclassic.com



'ဩော်… အနော့ကိုပြောတာလား၊ သိဘူးလေ၊ မယ်လှကို တစ်လုံး၊ ထန်းပင်တွေကို တစ်လုံးကြည့်တာမှတ်လို့၊ ဟီး…'

'ဘာကွ…'

'အဟဲ…'

ကြောက်ဘူးရယ်။ ဒါနဲ့ ကုလားကြီးလည်း တင်းသွားတော့ ကျည်တောက်ကြီးကို လွဲပြီးရိုက်လိုက်တယ်။ အဲ… ဒါပေမဲ့ နောက်ကိုလှဲပြီး ရှေ့ကိုပြန်ဆွဲလို့ မရဘူးဖြစ်နေတယ်။

'ဩော်… ဟော်… မင်းက ငါ့ကိုပြောင်တယ်ပေါ့၊ ဟုတ်သား၊ ကုလားကြီးအကြောင်း မသိသေးဘူးထင်တယ်၊ ကဲ… သာထား'

'အဟား…'

'ဟင်…'

'ဘယ်ကောင်လဲကွ၊ လွှတ်စမ်း… လွှတ်လေ၊ ငါ လှည့်သုပ်လိုက်ရ မင်းပါ အဆစ်ပါသွားမယ်'

ပြန်ဆွဲလို့မရဘူးရယ်။ နောက်ကိုလှည့်မကြည့်ဘဲ လွှတ်ကောနေတာ။ ဟိုက မကြောက်တဲ့အပြင် ကိုကြီးကျော်ပြုံး မခို့တရို့ကို ဆောင်တဆင်ပြုံးပြီး…

'နောက်ကိုလည်း လှည့်ကြည့်ပါဦး'

'ဟင်…'

'ဟာ… မယ်လှ၊ မယ်လှ'

နောက်လည်းလှည့်ကြည့်ရော မျက်လုံးကြီးပြူးပြီး ကြက်သေရော ဘဲသေပါ သေသွားတယ်။ ထန်းကျည်တောက်ကြီးကို ဆွဲထားတာ မယ်လှလေ။ ဒါနဲ့ မျက်နှာကို အသားကုန်ပြုံးပြီး ခေါ်နှာ ချီလှည့်သွေးတယ်။

'ဟာ… မယ်လှ၊ အဟဲ… နေကန်းတယ်နော်၊ အဟီး…

www.burmeseclassic.com



ငါက နောက်နေတာ၊ တကယ်ပြောဘူး၊ ဟုတ်တယ်နော် ဟကောင်၊ အဟဲ…'

'အဟင်း…'

ပြောလည်းပြော မင်းမောင်အင်္ကျီကိုလှတ်ပြီး သေသေချာချာ ဆန့်ရန့်အောင်လုပ်ပေးနေတာ။ မင်းမောင်ကလည်း ခေါင်းညိတ်ပြတယ်။ မယ်လှက မျက်လုံးကိုစွေကြည့်ပြီး ဟောက်လိုက်တာ ကုလားကြီး အမူးပါပြေပြီး ဇက်ပါတိုသွားတယ်။

'တော်ကြီးနော်… ကျပ်ကျပ်သတိထား၊ မယ်လှ လက်မပါချင်ဘူး' တဲ့။

လက်မပါချင်ဘူးဆိုလို့ ပြောရဦးမယ်။ ဒီအကြောင်းက မကြာတော့ မကြာတတ်သေးဘူး။ ရွာပြင်ဘုန်းကြီးကျောင်းကို မယ်လှနဲ့ မိဝါ နှစ်ယောက်သား ဆွမ်းသွားပို့ပြီးပြန်အလာ ကွန်းကလည်း မိနှင်းအေးနဲ့ပြတ်ပြီးပြီဆိုတော့ မိဝါကိုလိုက်၊ ကုလားကြီးကလည်း မယ်လှကိုလိုက်ပေါ့၊ နှစ်ယောက်သား မူးမူးနဲ့ ဘုန်းကြီးကျောင်းကပြန်လာတော့ လမ်းကနေစောင့်ပြီး လူပျိုစကားပြောတာ ရယ်။

'မိဝါ… ခဏနေပါဦးဟ၊ အဟဲ…'

'ဘာတုန်း… တော်ပြော၊ ဘယ်သူ့ကို ကြိုက်ပြန်ပြီလဲ'

'အဟဲ… နှင့်ကိုလေ'

'ဘာပြောတယ်'

'အဟဲ… ဟုတ်တယ်၊ ဒီတစ်ခါ တကယ်အတည်ပါ'

'ဘာ…'

မိဝါလည်း ဆွေ့ဆွေ့ခုန်နေတော့တာရယ်။ ဟုတ်တယ်လေ၊ အောင်သွယ်ပေးတဲ့သူကိုပါ ရည်းစားစကားပြောတာကိုး။ ဒါနဲ့ မျက်လုံးပါပြူးပြီး လက်ထဲကိုင်ထားတဲ့ ငါးဆင့်ချိုင့်ကြီးနဲ့…



www.burmeseclassic.com

www.burmeseclassic.com



'မယ်လှလေး… အဟဲ… ပြန်လာပြီလား'

'ဘာလဲ… တော်ကြီး မူးလာပြီလား၊ မူးလာရင် ပြန်အိပ်၊ ကျုပ်ထန်းရည်သောက်ပြီး ကျုပ်ကို ပြဿနာမရှာနဲ့၊ ဟွန်း…'

'ပြဿနာမရှာပါဘူးကွာ၊ အဟဲ… ချစ်လို့ပါ'

'ဘာ…'

'ဟုတ်တယ်၊ ပြန်ချစ်ပါနော်'

'အင်း… ချစ်ရမှာပေါ့'

'ဟာ… တကယ်'

'နှစ်ကယ်၊ ကဲ…'

'ကတောင်…'

'အမယ်ကြီး… ကွဲပါပြီဗျ'

'ဩော… ညည်းက စပြီလား'

'အေး…'

'ရော့… ဒါက မိနှင်းအေးအတွက်'

'ဒေါင်…'

'တေပါပြီဗျ'

'အင်း… ဟာ… ဒါက အခုအတွက်'

'ဒေါင်…'

နှစ်ယောက်သား ပြိုင်တူထုလား မှတ်ရတာ။

'ကဲဟာ… သေစမ်း'

'ဒေါင်…'

'ရော့… ဒေါင်…'

'အင့်… ဒေါင်…'

ရွာထဲက လူတွေလည်း ရွာပြင်ဘုန်းကြီးကျောင်းက ခေါင်းလောင်းထုတယ်ထင်ပြီး အချိန်သိချင်လို့ လိုက်မှတ်လိုက်တာ။ အချက်



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းတစ်ရာကျော်နေပြီ။ မရပ်သေးဘူးရယ်။ ဒါနဲ့ ဘာဖြစ်သလဲလို့ ရွာပြင်လည်းထွက်ကြည့်ရော…

'ဟင်… ဘာလဲဟ'

'ဟင်း…'

'ဟွန်း…'

ရွာထဲကို ဆွမ်းချိုင့်အပိန်အလိန်တွေကိုင်၊ မျက်နှာကိုချိုပြီး ခါခါ ခါခါနဲ့ ပြန်ဝင်လာတဲ့ မိဝါနဲ့ မယ်လှကို တွေ့ရတယ်။ အဲ… ရှေ့နားလည်းရောက်ရော…

'ဟိုက်…'

'ဩော… ဂလိုကိုး'

လမ်းဘေးမှာ မျက်လုံးပြူး လျှာပါထွက်ပြီး ခေါင်းမှာ အဖုအပိန့်တွေဝေနေတဲ့ ငကွန်းတို့နှစ်ယောက်ကိုတွေ့မှ သဘောပေါက်သွားကြတာလေ။ လဲနေတာမှ ခွေခွေလေးတွေ။ လက်သံက လည်း ပြောင်ပဲ့။

ငကွန်းဆို မိဝါအကြောင်း ဟဟတောင်မပြောတော့သလို ကုလားကြီးလည်း မယ်လှဟော့ဆို တုန်နေပြီလေ။

* * *

ကြာဖြူနဲ့ ဝေမိုးက ချောင်းဘေးမှာ ငါးမျှားနေကြတယ်။ အခုဆို သူကြီးကျွေးတာစားလိုက်၊ ဦးညိုကြီးဆီက စားလိုက်နဲ့ ဟုတ်လို့။

'အင်း… တောထဲတောင်ထဲ ဝတ်တစ်လှည့် ပြတ်တစ်လှည့်နဲ့၊ အခုမှပဲ အချိန်မှန်မှန်စားရတော့တာ'

'အေးလေ… တို့ဘဝကလည်း ရန်သူတွေနဲ့ တိုက်လားခိုက်လား ပြေးထားလွှားထားနဲ့ အချိန်ကုန်နေတာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'တကယ်တော့ တို့အရွယ်က မိန်းမနဲ့ကလေးနဲ့ ဖြစ်နေရမှာကွ၊ အခုတော့…'

'ဟော့ကောင်… တော်စမ်း၊ မိန်းမအကြောင်း လာမပြောနဲ့၊ မဆို ခြေမ လက်မတောင် မကောင်းတတ်လို့ထားရတာ၊ ဟွန်း…'

ဝေမိုးကို ထဟောက်လိုက်တော့ ဟိုက မကြောက်တဲ့အပြင် အငယ်ပြုံး မဆင်တဆင်ပြုံးပြီး ပြန်ပက်လိုက်တာ။

'ဟွန့်… မင်းဘာသာ မယားပစ်သွားလို့ မိန်းကလေးတွေကို စိတ်နာတာ ငါနဲ့ဘာဆိုင်လို့တုန်း၊ ဖြစ်သင့်တာကို ပြောနေတာဟ'

'အင်…'

အောင့်သက်သက်နဲ့ တင်းသွားတယ်။ ဟုတ်တယ်လေ။ ကိုယ့်ဟာကိုယ် စိတ်နာတာ သူနဲ့ဘာဆိုင်တာလိုက်လို့။ ငါးကလည်း အဟာပ်နဲ့ ကိုင်းတံကို အသားကုန်သုတ်လိုက်တာ။

'ဗိုး…'

'ကတောင်'

'အမယ်လေးတော်…'

'ဟယ်… ကောင်မ'

အသံတွေ ဆက်တိုက်ပေါ်လာတယ်။ ဖြစ်ချင်တော့ ငါးက လာအဆွဲ ဆုတ်လိုက်တာ ရွာဘက်ကိုပြန်လာတဲ့ မိန့်နင်းအေးနဖူးကို ခဲသီးနဲ့ ဝင်တိုက်လိုက်တာ မျက်ဖြူပါလန်ပြီး မေ့သွားတယ်။ တော်သေးတာပေါ့။ ချိတ်က ငါးမိထားလို့။

ရေစီးနေတဲ့နေရာမှာ ငါးမျှားတဲ့အခါ ကြိုးငြိမ်အောင် ခဲသီးက တပ်ထားရတယ်။ ဒါမှမျှားလို့ရတာရယ်။

ဘေးနားက မိဝါကလည်း ဘာလုပ်လို့ လုပ်ရမှန်းမသိ ဖြစ်နေတယ်။ ဝေမိုးက…

'ဟာ… ဟော့ကောင်… ဘာငိုင်နေတာလဲ၊ မြန်မြန် ဟင်—'



www.burmeseclassic.com

www.burmeseclassic.com



စကားတောင်မဆုံးဘူး။ ကြာဖြူက မိဝါကို စားမတတ်ဝါးမတတ်ကြည့်ပြီး ငုတ်တုတ်မေ့နေလေရဲ့။ မှတ်ကရော။ ပြောတော့ မိန်းမဆို ဘာလေးညာလေးနဲ့လေ။

'ဟင်…'

'အို…'

'ဟိုကလည်း သူ့ကိုစိုက်ကြည့်နေတာတွေ့တော့ ရှက်ကိုးရှက်ကန်းနဲ့ မိနှင်းအေးကို ပြေးပွေ့ပြီး နှာနှပ်ပေးနေတယ်၊ အဲ… ကြာဖြူကတော့ လှုပ်တောင် မလှုပ်ဘူး၊ ငမ်းနေတာရယ်၊ အမြင်ကတ်လာပြီး ဝေမိုးက…

'မသာ…ပြောတော့ မိန်းမဆိုတာ မရှိမကောင်း ရှိမကောင်းဆို'

'ဟင့်အင်း… ဟင့်အင်း… အဲဒါက အရင်ကလေ၊ အခုမဟုတ်တော့ဘူး၊ ပြောင်းသွားပြီ၊ ရှိမှကောင်းတာ၊ အဟဲ…'

'အို…'

အတင်းငြင်းတော့တာရယ်။ ပြောလည်းပြော မိဝါနားငုတ်တုတ်လေးသွားထိုင်နေတယ်။ ဒါနဲ့ ရှက်သွားပြီး ယောင်ကန်းကန်းနဲ့ မိနှင်းအေးလည်ပင်းကို ညှစ်လိုက်တာ။

'အု… အု… အစ်… အမယ်လေး… သေပါပြီတော်'

'ဟဲ့… သတိရပြီလား'

'ဩော်… အင်း… ငါ… ငါ ဘာဖြစ်သွားတာလဲဟင်'

ဝေမိုးက ကြာဖြူကို လက်သီးကြီးထိုးပြီး ဝင်ချွန်တယ်။ ဒီလိုပဲ တစ်ယောက်နဲ့တစ်ယောက်က ချောက်တွန်းနေကျ။

'ဒီကောင်ပေါ့၊ မိန်းမတွေကို မုန်းတယ်ပြော၊ နင့်ကိုတွေ့မှ ဟိုခဲသီးကြီးနဲ့ တွယ်လိုက်တာ၊ ဘာရမလဲ မေ့သွားတာပေါ့'

'ဟင်… ဩော်… တော်ကြီးက တမင်လုပ်တာပေါ့လေ'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… မဟုတ်'

'အဘနဲ့ကို တိုင်မယ်'

'ဟာ… မဟုတ်ဘူး၊ ငါးလာဆွဲတာနဲ့ သုတ်တင်လိုက်တာပါ၊ အဟဲ…'

နဖူးကဘုကိုစမ်းပြီး မိနှင်းအေး ဇဝေဇဝါဖြစ်နေတယ်။ သူကြီးသမီးဆိုတာကို ကြာဖြူတို့လည်း မသိကြဘူးရယ်။ ဆောင့်ကြောင့်လေးထိုင်၊ အောက်ကို လက်ညှိုးထိုးပြပြီး ပြောတယ်။

'ဒီခဲသီးလေးနဲ့ပါ၊ အဟဲ…'

'အမယ်ကြီး… ဒါကြီးနဲ့ ဟုတ်လား၊ ဂစ်… ဂစ်…'

'တော်ကြီးနော်… ကျုပ်သူငယ်ချင်းကို ဘာတွေပြနေတာလဲ၊ အယုတ်တမာကြီး'

'အဲလေ…'

မိနှင်းအေးက ဘာကိုမြင်သွားတယ်ရယ် မသိဘူး။ ပြန့်တက်ချင်နေပြီ။ ဒါနဲ့ မိဝါလည်း မျက်လုံးစုံမှိတ်ပြီး အတင်းအော်တော့ အောက်ကိုငုံ့ကြည့်မိမှ…

'ဟင်…'

'ဟာ… သေစမ်း'

'အဲဒါကိုပြောတာ မဟုတ်ဘူး၊ အံမယ်လေး… ငါ့နှယ် အမှုပိုကြီးအောင် အပြမှားရတယ်လို့'

'ဟွန်း…'

ပုဆိုးစကို အတင်းပြန်သိမ်းပြီး ခဲသီးကို အတင်းထောက်ပြရတော့တာ။ နှစ်ယောက်သား မျက်စောင်းထိုးပြီး လိမ်ကျစ် ထိမ်ကျစ်နဲ့ ရွာဘက်ကိုပြန်သွားလေရဲ့။ ကြာဖြူကတော့ မှောင်ချင်ဆုံး ဖေးလို့ရယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၁)

ကြည့်လိုက်တဲ့ နေရာတိုင်းမှာ ပြိုလဲနေတဲ့ အဆောက်အအုံတွေ၊ မီးလောင်နေတဲ့ လေယာဉ်တွေ၊ တောင်ပုံယာပုံသေနေတဲ့ လူတွေ၊ ဘာမှကို ရစရာမရှိတော့။

ကျန်တဲ့ လေယာဉ်ပစ်အမြောက်တွေနဲ့ လက်နက်ကြီးတွေကို အားကိုးပြီး ကြွံကြွံခံပြန်တိုက်နေရတာရယ်။ စိတ်ဓာတ်တွေက အတော်မာကျောကြတာ။

ဒါပေမဲ့ မျှော်လင့်ချက်က သိပ်မရှိပါ။ အပြင်ကနေဝိုင်းပြီး မှေလောက်တဲ့အခါကျမှ တစ်ခါ လက်နက်ကြီးတွေနဲ့ လှမ်းလှမ်းထုတယ်။ လူတွေကတော့ ဝင်မတိုက်သေး။ ဒါပေမဲ့ နာရီဝက်ခြားပြီး တိုက်လေယာဉ်တွေက ဗုံးကြဲကြတာရယ်။ ဒီတော့ ဘယ်လိုမှ နာလန်မထူနိုင်ဘဲ ဗုံးခိုကျင်းထဲကကို တက်ရတယ်မရှိ။

'ဟင်း…'

'ဝေါ… ဝေါ…'

'ဟော… လာကြပြီ'

'ဖျောက်… ဖျောက်… ဖျောက်…'

'ဒက်… ဒက်… ဒက်…'

'ဝုန်း… ဝုန်း… အုန်း…'

www.burmeseclassic.com

www.burmeseclassic.com



ယာနာဂီဒါ တွေးနေတုန်း လေယာဉ်တွေရောက်လာတာ
ပစ်သံခတ်သံတွေနဲ့ ဆူညံနေပြီး တစ်ခါပြန်တိတ်သွားပြန်တယ်။

'တောက်… ခံပြင်းလိုက်သက္ကာ၊ ငါတို့လေယာဉ်တွေရှိရင်
သင်းတို့ သွေးတိုးစမ်းရဲမှာ မဟုတ်ဘူး၊ အခုတော့…'

'အခုတော့ သူတို့လုပ်သမျှ ခံပေါ့၊ ဟုတ်ဘူးလား'

'ဟွန်း…'

ဘေးနားမှာ နံရံကိုမှီပြီးထိုင်နေတဲ့ မူရတ္တက ဝင်ပြောတော့
ချက်စောင်းလှည့်ထိုးလိုက်တယ်။ ဟုတ်တယ်လေ။ ဒင်း လုံခြုံရေး
ညံ့ဖျင်းလို့။

'အဲဒါ မင်းညံ့တာ၊ ဒါကြောင့်မလို့ လေယာဉ်တွေဆုံးရှုံး
ရတာ၊ မဟုတ်ရင် ဟွန်း…'

'အခုမှလာပြီး အပြစ်တင်မနေနဲ့၊ အတူတူနဲ့ အနူနူပဲ'

'ဘာ…'

'ဟုတ်တယ်လေ'

'ငါလုပ်လိုက်ရ'

'အံမယ်… လာပါ'

'ဝေါ… ဝေါ…'

'ဝုန်း… အုန်း…'

'အမငိုးဗျ…'

လေယာဉ်တွေက တစ်ပတ်ပြန်လှည့်လာပြီး ဗုံးကြဲချသွား
တာ။ သူတို့ခိုနေတဲ့အပေါ်ကို တည့်တည့်ကျတာနဲ့ ကြောက်ပြီး
နှပ်ယောက်သား မယားပါသားနဲ့ လင်ပါသားလို့ ထဖက်ကြလေရဲ့။

'ဟာ… ကံကောင်းလို့'

'ဟုတ်ပ၊ ဟာ… လွတ်လေ'

'မင်းအရင်လွတ်ဟ'



www.burmeseclassic.com

www.burmeseclassic.com



ခဏပဲ တည့်ကြတာရယ်။ အကြောက်ပြေတော့ ထဖြစ်ကြပြန်တယ်။ တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းမဆိုင်ကြတော့ဘဲ မျက်စောင်းချိတ်နေကြတာရယ်။

'ဒါနဲ့ ဋ္ဌာနချုပ်က ဘာတဲ့လဲ'

'ဟင်း… ဘာမှမတတ်နိုင်ပါဘူးတဲ့'

'ဟာ… ဘာလို့လဲ'

'ဘာလို့လဲဆိုတော့ ဟိုမှာလည်း အတိုက်ခံနေရတာကိုးသူ မပြောနဲ့၊ လေယာဉ်တောင် မလာနိုင်ဘူးတဲ့'

'ဟင်း… ငါတို့ ဘယ်လောက်ထိခံမတုန်း'

'ဘာလဲ… ခင်ဗျားစိတ်ဓာတ်ကျနေပြီလား၊ အဟင်း…'

'ဟွန်း… ဘာလို့ကျရမှာလဲ'

ပြောမယ့်သာ ပြောတာ။ စိတ်ဓာတ်က ကျနေပြီရယ်။ ဒါပေမဲ့ လှောင်ပြုံးပြီးကြည့်နေတဲ့ မူရတ္တကို မခံချင်တာနဲ့ အားနဲ့မာန်နဲ့ ပြန်ပြောတော့ ဟိုက သက်ပြင်းကို မှုတ်ချတာ။

'ဟင်း… အေးလေ… ခင်ဗျားက ဟိုမှာ အဖေ အမေ မိန်းမ ကလေး မိသားစုနဲ့ သိုက်သိုက်ဝန်းဝန်းရှိတော့ ဘယ်သေချင်မလဲ၊ ဟုတ်ဘူးလား'

'ဘာ… မင်း… မင်း…'

'ကျုပ်ပြောတာကို ဆုံးအောင်နားထောင်ဦး'

'ဟင်း…'

လက်ကာပြပြီးပြောတော့ သက်မကို ချလိုက်တယ်။ ဟုတ်တော့လည်း ဟုတ်တယ်။ ဟိုမှာက မိသားစုရှိတော့ မသေချင်ဘူးပါ။ ဟိုမှာက မျက်နှာသေလေးနဲ့…

'ဒီတော့ ခင်ဗျား ပြေးပါ၊ ကျုပ်ကတော့ တစ်ကောင်ကြွက်ဆိုတော့ အသေခံတိုက်မယ်'



www.burmeseclassic.com

www.burmeseclassic.com



'မင်း… မင်း…'

မူရတ္တဆီက ဒီလို စာနာတတ်တဲ့စကားမျိုး တစ်ခါဖူးမှ မကြားဖူးတာရယ်။ ဒါနဲ့ အံ့သြနေတော့ ဟိုက ဝေ့တက်လာတဲ့ မျက်ရည်ကို သုတ်လိုက်ကာ…

'ဥမင်လမ်းကို ကျုပ်နဲ့ ခင်ဗျားပဲ သိတယ်၊ ဒီစခန်း စတည် ကတည်းက ဖောက်ခဲ့တာ၊ ဒီကနေ နယ်စပ်လောက်တော့ ရောက် မယ်၊ ဟိုဘက်နိုင်ငံရောက်မှ ဖြစ်သလိုပြန်လို့ရပြီ'

'မင်းပါ တစ်ခါတည်းလိုက်ခဲ့လေ'

'ဟင့်အင်း… ကျုပ်က အကြောင်းမထူးပါဘူး'

'မသွားဘူး၊ မင်းမလိုက်ရင် ငါလည်း ဘာလို့သွားရမှာလဲ၊ ကိုက်မယ် သေပစေ'

မတည့်တာ၊ မတည့်တာပဲ။ သံယောဇဉ်က ရှိကြတာရယ်။ ပေါက်တွဲလာတာ ကြာပြီလေ။ မူရတ္တက မချိပြုံး ပြုံးပြီး မျက်နှာ ညို အသေအချာကြည့်ကာ ဖြည်းဖြည်းချင်းပြောတယ်။

'ခင်ဗျား မေ့နေပြီလား'

'ငါက ဘာကိုမေ့ရမှာလဲ'

'နောက်နှစ်ဆယ့်ငါးရက်နေ့ဟာ ခင်ဗျားသမီးလေးရဲ့ မွေးနေ့ လေ'

'ဘာ… မင်း… မင်း… ဘယ်လိုသိလဲ'

'အဟွန်း… ခင်ဗျားရဲ့ ဒိုင်ယာရီလေ၊ ဟိုနေ့က လေယာဉ် သွင်တိုက်တော့ ခင်ဗျားကျန်ခဲ့တာ ကျုပ်ယူခဲ့တယ်'

'ဟာ… ကျေးဇူးတင်လိုက်တာကွာ'

'ရော့…'

ကတုန်ကယင်နဲ့ စာအုပ်ကိုလှမ်းယူလိုက်တော့ မူရတ္တ မျက်နှာက ပြုံးနေတယ်။ စာအုပ်ကိုဖွင့်ကြည့်တော့ မိဘဘားစုဓာတ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ တစ်ဦးတည်းသောသမီးလေးရဲ့ပုံကို တွေ့ရတယ်။ ဒါနဲ့ လိုက်လိုက်လှဲလှဲ ကျေးဇူးတင်သွားတယ်။

'ကဲ… ကျုပ်ပြောတာကို ခင်ဗျား စဉ်းစားထား၊ အပြင်ထွက်ပြီး အခြေအနေကို ကြည့်လိုက်ဦးမယ်'

ဘာမှမပြောနိုင်ဘဲ ငိုင်ပြီးကျန်ခဲ့တယ်။ မူရတ္တကတော့ အပေါ်ကိုတက်ပြီး အပြင်ကိုထွက်သွားလေရဲ့။

'သြော်… မူရတ္တရယ်၊ ဟင်း…'

✻ ✻ ✻

ဟိုးဝေးဝေးက တောင်တန်းကြီးတွေကိုကြည့်ပြီး ဘာကိုလွမ်းလို့ လွမ်းရမယ်မသိ။ ဘုရားရင်ပြင်ပေါ်ကနေ လှမ်းကြည့်လိုက်တော့ နေရာတိုင်းဟာ လွမ်းစရာတွေကိုဖြစ်လို့။ မယ်လှ၊ နှင်းအေးနဲ့ မိဝါတို့သုံးယောက်သား ထိုင်ပြီး မှိုင်နေကြတယ်။

မိဝါဆိုလည်း အိမ်ပေါက်စေ့လျှောက်သွားပြီး အောင်သွယ်တော်လုပ်ရတာနဲ့ မျက်နှာက အမြဲတမ်းပြုံးပျော်နေတာ။ ဒါပေမဲ့ အခု မှိုင်နေတာရယ်။ လူတစ်ယောက်ရဲ့ မျက်နှာကိုပဲမြင်ပြီး သတိခဏခဏရနေတာရယ်။

'ဟင်း…'

'အဟွန်း… ကောင်မ ညည်း သက်ပြင်းချတာ ငါသိတယ်နော်၊ ညည်းလူကို သတိရနေတာလား'

'အိုး… ငါ့လူမှ မရှိတာ'

'အံမယ်… ကောင်မ မသိတာလိုက်လို့၊ မယ်လှအနေ ဟိုအသားဖြူဖြူနဲ့ ကြာဖြူဆိုလား၊ ခစ်…'

'ညည်းနော်… ဟုတ်လည်း ဟုတ်ပဲနဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ဘာမဟုတ် ဘာမဟုတ်တယ်၊ ဟိုကလည်း အနားကပ်ရော မျက်နှာကပြုံးလို့၊ အဟင်း…'

'ကောင်မနော်… ဟွန်း…'

'အံမယ်… ရှက်နေတာလား၊ ဟင်း… ဟင်း…'

'ညည်းကရော ဘာထူးလို့လဲ၊ ဟိုဝေမိုးဆိုလား ကြည့်နေတာမှ မျက်လုံးကျွတ်မှာတောင် ကြောက်ရတာ၊ ခစ်…'

'ကောင်မနော်… ငါ့ဘက်မလှည့်လာနဲ့၊ ဟွန်း…'

'ခစ်… ခစ်… ဟုတ်လို့'

'ဟွန်း…'

အံမယ်… ဟုတ်နေတာ။ ဘုရားပေါ်လည်း ရှောင်ဘူးရယ်။ ပြောစရာရှိတာ အကုန်ပြောတော့တာ။ ဒါနဲ့ မယ်လှက ပြုံးပြီး…

'အောင်သွယ်တော်ကြီး ဘာလဲ၊ ကိုယ့်အလှည့်ကျတော့ အောင်သွယ်မယ့်လူ မရှိဘူးမလား၊ ခစ်…'

'ဟွန်း… လာပြန်ပြီ တစ်ယောက်၊ မိဝါတို့က ရင်ကိုမခုန်တာ၊ ဟွန်း…'

'အံမယ်… အဟုတ်'

'အိုး… တကယ်အဟုတ်'

'ဟယ်… ဟိုမှာ လာပြီတော့'

'ဟယ်… ဘယ်မှာတုန်း'

'ခစ်… ခစ်… ဖြစ်နေတာ ကောင်မ'

အံမယ်… ရင်မခုန်ဘူးသာ ပြောတာ အတင်းပြူးပြဲရှာပြီးတော့။ ဟိုဟာလေးနှစ်ယောက်က လျှောင်ပါလေရော။ ကြည်မြ ဝေမိုးနဲ့ မင်းမောင်တို့သုံးယောက် ပြူးကြီးဘုရားရင်ပြင်ပေါ် တက်လာတာ သွားဖြဲပြီးသကာလ။

'အဟီး… ဟဲ… ဟဲ…'



www.burmeseclassic.com

www.burmeseclassic.com



'မယ်လှလေး... ခဏနော်၊ အဟဲ... ဒီမှာ ကန်တော့လိုက်ဦးမယ်'

'အင်းပါဆို'

'ဟယ်... ကောင်မ၊ ပြောတော့ မောင်နှမဆို'

'ဘဂ်လားလေ'

'ဟယ်... ဘုရားပေါ်မှာ ဘာတွေပြောမှန်း မသိဘူး'

မိဝါနဲ့ မိနှင်းအေးကို လှမ်းဟောက်လိုက်ပြီး မယ်လှက ဘုရားပေါ်ကနေ နွဲ့နွဲ့ နွဲ့နွဲ့နွဲ့ ဆင်းသွားတယ်။ ဒါနဲ့ ဟိုဟာကလေးတွေလည်း လိုက်ဆင်းမယ်လုပ်ရော ဟိုသုံးကောင်လည်း ဣန္ဒြေတောင်မဆည်နိုင်ဘူးရယ်။ ဘုရားကို ပုဆိန်ပေါက် သုံးခါစီကန်တော့ပြီး...

'ဟာ... သွားပဟ၊ အင်းဟာ... အင်းဟာ...'

'အရှင်ဘုရား... အရေးကြီးလို့ သည်းခံပါ'

'ဟုတ်ပါတယ် ဘုရား၊ နောက်တစ်ခါမှ အသေအချာကန်တော့ပါ့မယ်၊ အဟီး...'

အံမယ်... ကန်တော့တာတောင် အကြွေးထားသေးတာ။ ဒါနဲ့ သုံးယောက်သား ဘုရားပေါ်ကနေ အတင်းဆင်းပြေးပြီး လိုက်သွားလေရဲ့။

'မယ်လှ... ခဏလေးနေပါဦးဟ'

'ကဲ... ဘာလဲ၊ ပြော... ဟွန်း...'

'အဟဲ... ဒီမှာလေ ကြာဖြူနဲ့ ဝေမိုးက သူတို့နှစ်ယောက်ကို အဟိ...'

'ဘာ... ပါးကွဲသွားမယ်၊ ဟွန့်...'

'အိ...'

စကားကို ဆုံးအောင်နားမထောင်ဘူးရယ်။ ရှုတ်သီးကောင်း



www.burmeseclassic.com

www.burmeseclassic.com



လျှာပါးနဲ့ ခါးထောက်ပြီး အတင်းရန်ပြန်တွေ့တော့ ကြာဖြူတို့လည်း မှဲ့သွားတော့တာ။ မင်းမောင်က…

'ဟာ… စကားကိုလည်း အဆုံးနားထောင်ပါဦးဟ'

'ဟွန်း…'

'အဟဲ… လောလောဆယ် ခင်ချင်လို့တဲ့၊ အဟဲ… ပြီးမှ…'

'ဘာပြောတယ်'

'အဲလေ… အပေါင်းအသင်းတွေဖြစ်သွားတော့ ကောင်း တာပေါ့နော၊ ဟုတ်ဘူးလား၊ အဟဲ…'

မူနေကြတာရယ်။ သိတယ်မလား။ ဟန်ဆောင်ပန်ဆောင် မူတာ တကယ်မကြိုက်တာထက် ပိုဆိုးတာရယ်။ ဒါနဲ့ ခြောက် ယောက်သား ဘုန်းကြီးကျောင်းကနေ ပြန်လာပြီး ရွာထိပ်ကုက္ကိုပင် ကြီးအောက်ရောက်တော့ မိဝါက နွဲ့တဲ့တဲ့လေး ပြောတယ်။

'အံမယ်လေး… နေကလည်းပူတော့ ခဏနားကြမယ်လေ၊ ဟူး… မောလိုက်တာ'

'အဟီး… ယပ်ခတ်ပေးမယ်လေ'

'ဟွန်း… လိုပါဘူး'

ကြာဖြူက ထိုင်နေတဲ့ မိဝါနားကပ်သွားပြီးပြောတော့ ဟိုက ရုပ်တည်နဲ့ ပြန်ပြောတယ်။ အံမယ်… ဟုတ်နေတာ။ မင်းမောင်က လည်း မယ်လှဘေးပြေးကပ်၊ ဝေမိုးကလည်း မိနှင်းအေးနား အသီး သီးကပ်ပြီး ကြောင်ဖောဖောနေကြတယ်။

'မိဝါကိုလေ စတွေ့ကတည်းက မေ့မရဘူး'

'တော်ကြီးနော်… ဟွန်း…'

'တကယ်ပါကွာ၊ ဟိုလေ… ဟို…'

'ဟွန်း… တော်ပါ'



www.burmeseclassic.com

www.burmeseclassic.com



'တကယ်ပါကွာ၊ မြင်မြင်ချင်းလေ··· အဟဲ··· ချ···'

'အံမယ်··· တယ်ဟုတ်နေကြပါလား၊ ဟား··· ဟား···'

'ဟား··· ဟား··· ဟား···'

စကားတောင် ဆုံးအောင်မပြောရသေးဘူး။ အဖျက်က ဝင်လာတယ်။ ဘယ်သူဖြစ်ရမတုန်း။ ကွန်းတို့သုံးယောက်ပေါ့။ မူးပြီးပြန့်အလာနဲ့ တိုးတာ။

'မယ်လှ နင့်အမျိုးတွေက တယ်သွက်ပါလား၊ အဟား···'

'နင်တို့နှစ်ယောက်ကရော တကယ်မောင်နှမတွေလား၊ ငါတော့ မထင်ပါဘူး၊ အဟွင်း···'

ရှိသဲ့သဲ့နဲ့ပြောတော့ မယ်လှက ခါးကြိုးထောက်ပြီး အနားက တုတ်တစ်ချောင်းကိုယူကာ···

'သြော··· နင်တို့က မမှတ်သေးဘဲကိုး'

'အေးလေ··· ငါလည်း လာပြီ'

'ဟင်···'

ပြောလည်း ပြော မိဝါလည်း ထလိုက်တော့ သုံးယောက်သား ကြောက်နေပြီ။ မင်းမောင်က ပုဆိုးကို တိုတိုဝတ်ပြီး အကျီကိုချွတ်လိုက်တော့ ဗလကြီးမှ အကြီးသားရယ်။ ဒါနဲ့ မျက်လုံးပါ ပြူးပြီး···

'အဟဲ··· ငါတို့က ခင်လို့နောက်တာနော်၊ ဟုတ်တယ်မလား ကွန်း၊ အဟဲ···'

'ဟာ··· ဟုတ်တာပေါ့၊ သက်သက်စတာပါဟာ'

'ဟွန်း··· ပြောင်တာ ကြည့်ပြောင်နော်၊ လက်က ယားနေတာမဟုတ်ဘူး၊ ဟွန်း···'

'အေးပါဟာ··· အေးပါ'



www.burmeseclassic.com

www.burmeseclassic.com



'အေးပါဆို ဘာလုပ်နေတာလဲ၊ သွားစရာရှိတာ သွားပါလား၊ ဟွန်း… လက်ယားလာပြီနော်'

'အိ…'

'အဟဲ… အစ်ကိုကြီးကလည်း ဒေါနဲ၊ အဲလေ… ဒေါသချည်းပဲ၊ သွားပြီ'

မင်းမောင်က လက်သီးကြီးကို အကြီးကြီးဆုပ်ပြမှ သုံးယောက်သား မျက်နှာချိုသွေးပြီး တစ်ချိုးတည်းလစ်သွားပါလေရောလား။

❋ ❋ ❋

'နွေဦးကာလ မြူထသောအခါ
ယင်းထောင် ယင်းဆွဲ ဆောင်မြဲအိုးလွယ်ကာ
ဝါးနီးထက်စွာ ခါးမှာချပ်လျက်
ထန်းရှက်ထန်းခိုင် ဘာဖြစ်တယ်ဆိုလားပဲ ကလိုင်သာလွယ်
သို့တက်သည်နှင့်'

'ငါး… ငါး…'

'ဟာ… လေးပါ၊ ကိုကြီးအောင်သင်းရဲ့'

'ဟာ… ငါက ရောသွားတာဟ၊ ဟိုမှာ မင်းယောက္ခမနှစ်ယောက် ငါးတွေရလာပြီ၊ တွေ့လား'

'ဩော်… ဟုတ်သားဟ'

'ကောင်းကွာ၊ ထန်းရည်လေးနဲ့ ငါးကြော်လေးနဲ့၊ အဟော… ဟော…'

'ဟွန်း… သူပဲ'

ရာကျော်က ခွေကြည့်တယ်။ ဟုတ်တယ်လေ။ အောင်သင်း



www.burmeseclassic.com

www.burmeseclassic.com



တို့ အခုမှ ဘုန်းကံမြင့်နေတာရယ်။ ပို့ဆွမ်းလေးစားလိုက်၊ အလကား ရတဲ့ ထန်းရည်သောက်လိုက်နဲ့ အလုပ်ကိုဖြစ်လို့။ တခြားလူတွေက တော်တာရယ်။ အောင်သင်းတို့များ မိုးလင်းကနေ မျက်နှာကို ထန်းရည်နဲ့သစ်ပြီး မိုးချုပ်တာတောင် ထန်းကျည်တောက်ကို ဖက် အိပ်တာရယ်။

အခုလည်း ရာကျော်၊ ဒေဝတို့နဲ့အတူ ထန်းရည်သောက်ရင်း မရတစ်ခါ ရတစ်လှည့် ကဗျာတစ်ပိုင်းတစ်စကို ရွတ်နေတာ၊ အံ့မယ်... ဟုတ်လို့၊ ဒီအချိန်မှာပဲ ကြာဖြူနဲ့ ဝေမိုးရောက်လာပြီး ငါးတွေကို ကြော်နေတယ်။

'ကိုကြီးအောင်သင်းတို့ ဒီလို အမြဲတမ်းနေရရင် ကောင်းမှာ နော်'

'ဟ... ငါတို့ကို ဘယ်သူက တစ်သက်လုံးတင်ကျွေးထား မှာလဲ၊ အခုတောင် သူကြီးကောင်းလို့ဟ'

'ကိုယ့်ဟာကိုယ်လုပ်စားလည်း ရတာပဲ'

'ဟင်း...'

နှစ်ယောက်သား ဝိုင်းပြောတော့ အောင်သင်းက သက်ပြင်း ချကာ ရာကျော်တို့နှစ်ယောက်ကို ဇေ့ကြည့်ပြီး ဆွေးဆွေးမြည့်မြည့် လေး ပြောတယ်။

'ငါတို့ ဘယ်လောက်ပဲ ပျော်ပါစေ၊ အချိန်တန်ရင် ပြန်ရ မှာကွ'

'ဩော်...'

'ဟုတ်ပါတယ်'

'ဟား... ဟား... ဘာမှမပူကြနဲ့၊ ငါတို့ ရွာရှိကောင်း တံခိုင်တွေ ဘာတွေရှိဦးမှာ၊ တကယ်တော့ ဒီတံခိုင်တွေက ဘာလုပ်



www.burmeseclassic.com

www.burmeseclassic.com



လို့ရမှာလဲ၊ ငါတို့မထွက်အောင် မက်လုံးပေးထား… တာ… တွေ… အင်…’

မူးမူးနဲ့ ပြောချင်ရာပြောပြီး ထန်းကျည်တောက်ကြီးဖက်ပြီး အိပ်ပျော်သွားတော့ လေးယောက်သား ငိုင်သွားတယ်။ ကြာဖြူနဲ့ ဝေမိုးက ပြိုင်တူဟင်းချလိုက်တယ်။

‘ဟင်း…’

‘ဟင်း… ငါတို့ ဓာတ်လမ်းလေးတွေ ဘာလုပ်ကြမလဲ ဟင်’

‘အခြေအနေအရပေါ့ကွာ၊ ငါကတော့ ပြန်ကိုမပြန်ချင်တော့ဘူး’

‘အေးလေ… ငါလည်း ဒီအတိုင်းပဲ၊ ဟူး… မောတယ်’

နှစ်ယောက်သား တစ်ယောက်တစ်ခွန်းနဲ့ စိတ်ပျက်နေတုန်း ခေဝဇတို့နှစ်ယောက်က လှည့်ကြည့်ပြီး…

‘အံမယ်… မင်းတို့မျက်နှာတွေက တယ်သေနေပါလား’

‘ဟုတ်ပ…၊ မုဆိုးမ လင်ထပ်သေတဲ့မျက်နှာနဲ့’

‘ဘာကွ…’

‘ဟဲ… ဟဲ… ဟုတ်တယ်နော် ရာကျော်၊ တစ်ထေရာတည်းပဲ’

‘အေးကွ… ဟား… ဟား…’

ဒါနဲ့ ကြာဖြူက စွေကြည့်ပြီး မီးဖိုပေါ်က ငါးကြော်အိုးကို ခေးငေါ့ပြကာ…

‘ပြန်ပြင်ပြော၊ အချိန်မီသေးတယ်’

‘ဟာ… တူလို့တူတယ်ပြောတာ၊ ဟုတ်တယ်မလား ဝေဝ’

‘အေးလေ’

‘ကဲ… ဝေမိုး’



www.burmeseclassic.com

www.burmeseclassic.com



'ပြောလေကွာ'

'ငါတို့နှစ်ယောက်တည်း ထန်းရည်နဲ့ ငါးကြော်ကို အမူးသောက်ကြတာပေါ့'

'အေးပေါ့ကွာ'

'အဟဲ… မင်းတို့ကလည်း ဂလိုတော့ မလုပ်ကြပါနဲ့။ အဟဲ…'

'ဟွန်း…'

'ဒီနေ့တော့ ငါမူးမှဖြစ်တော့မယ်၊ ဒါမှ…'

ပြောလည်းပြော ထန်းရည်ကို မော့သောက်လိုက်တယ်။ မျက်လုံးထဲမတော့ မိဝါရဲ့ ပုံရိပ်လေးက တဝဲဝဲလည်လို့။

❋ ❋ ❋

ယာနာဂီဒါဥမင်လမ်းဝမှာ ရပ်နေတယ်။ တကယ်တော့ လူသားချင်း စာနာနားလည်မှုဆိုတာ ဘယ်လောက်ပဲ ပုံစံသွင်းထားထား တစ်ချိန်ချိန်မှာ ပေါ်လာတတ်တာပဲလေ။

အခုလည်း ဒီစိတ်ဓာတ်ကို ရိုက်သွင်းထားတဲ့ သူတို့ဝါဒဟာ လူသားချင်းစာနာမှုဆိုတာ မရှိဘူးရယ်။ ဒါပေမဲ့…

'မူရတ္တ… မင်းပါ လိုက်ခဲ့ပါလားကွာ၊ ငါမထားခဲ့ချင်ဘူး'

'ကိစ္စမရှိပါဘူး၊ ခင်ဗျားသာ သမီးမွေးနေ့ မီပါစေ'

'ငါ တကယ်စိတ်မကောင်းဘူးကွာ၊ ဟိုရောက်ရင် ငါတို့နေလည်း ရတာပဲ'

မူရတ္တက မဲ့ပြုံးပြုံးပြီး လက်ကာပြတယ်။ ပြီး ရပ်တည်နဲ့…



www.burmeseclassic.com

www.burmeseclassic.com



'တကယ်တော့ ဒီကောင်တွေကို အရှုံးမပေးချင်ဘူး၊ ဒါပေမဲ့ ကျုပ်တို့လူမျိုးတွေ သတ္တိရှိကြောင်းပြချင်လို့ အသေခံတိုက်မှာ၊ ရှုံးတာတော့ ရှုံးနေပါပြီ'

'ဟင်…'

'ကဲ… အချိန်မရှိဘူး၊ ခင်ဗျား သွားတော့'

'မင်း… မင်း တကယ်မလိုက်ဘူးပေါ့'

'ဟုတ်တယ်'

နှစ်ယောက်သား ပြောရင်း မျက်ရည်စို့တက်လာတယ်။ နောက်ဆုံး မူရတ္တက ကျောခိုင်းလိုက်မှ ယာနာဂီဒါလည်း မျက်ရည်ကိုသုတ်ပြီး…

'ခဏ'

'ဘာလဲ'

'မင်းကို ငါ တစ်သက်လုံး သတိရနေမှာပါကွာ'

'သွားပြီ'

ပြောလည်းပြော၊ ထွက်ပြေးသွားတယ်။ ယာနာဂီဒါခြေသံပျောက်သွားမှ မူရတ္တ မျက်နှာပြန်လှည့်လာတယ်။ မျက်လုံးမှာ မျက်ရည်တွေနဲ့…

'သွားပေဦးတော့ကွာ၊ ကံကောင်းပါစေ'

ဒါနဲ့ တံခါးကိုဆောင့်ပိတ်ပြီး အပေါ်ပြန်တက်လာတော့ ဗိုလ်လေးတစ်ယောက် ရေးကြီးသုတ်ပျာနဲ့ ရောက်လာပြီး…

'အခြေအနေမကောင်းဘူး၊ သူတို့ အုပ်လိုက်ချီတက်လာပြီ ဘယ်လိုမှမနိုင်နိုင်ဘူး'

'ဒီတော့ မင်းက ဘာလုပ်ချင်လဲ'

'ဟင်… ဆရာ၊ ကျွန်တော်…'



www.burmeseclassic.com

www.burmeseclassic.com



မူရတ္တာက ပြုံးလိုက်ကာ ကြောင်ငေးငေးလေးဖြစ်နေတဲ့ ဗိုလ်လေးကို ပခုံးပုတ်လိုက်ကာ…

'မင်းနဲ့ သွားနိုင်လာနိုင်တဲ့လူ ဘယ်လောက်ရှိသေးလဲ'

'ဟုတ်ကဲ့… ရှိပါတယ်၊ အတော်များသေးတယ်'

'ကောင်းပြီ၊ ဒါဆို မင်းနဲ့ သူတို့ နောက်ကနေဖောက်ထွက်ကြ၊ ဒဏ်ရာရတဲ့လူတွေနဲ့ ငါ နေခဲ့မယ်'

'ဟာ… ဆရာလည်း လိုက်ခဲ့ပါ၊ ဘာဖြစ်လဲ… သေအတူ တူ ရှင်အတူတူပေါ့'

'အဟင်း… မင်းမသိတာတွေ အများကြီးရှိသေးတယ်၊ ကဲ… ငါပြောသလိုလုပ်'

'ငါ အမိန့်ပေးတယ်၊ သွားကြ'

'ဝုန်း… အုန်း…'

'ဒက်… ဒက်…'

'ရှီး… ဝုန်း…'

'အချိန်မရှိဘူး၊ သွားလေ…'

'ဟုတ်ကဲ့ပါ'

ပြောလည်းပြော၊ အလေးပြုပြီး စိတ်မကောင်းတဲ့မျက်နှာနဲ့ ပြေးထွက်သွားတော့ မူရတ္တာ ပြုံးလိုက်တယ်။

'နောက်ဆုံးတော့လည်း ငါ့အလှည့်ရောက်လာပါပေါ့လား အဟင်း…'

တိုက်ပွဲဖြစ်နေတဲ့ဘက် ပြေးသွားတော့တာ။ တကယ်တော့ သူတို့အားလုံးဟာ တည်ကြက်တွေလေ။ ဒါကို သိထားပြီး နားလည် လာပြီဆိုတော့ သူ့ကိုယ်သူ စတေးပြီပေါ့။

'ဒက်… ဒက်… ဒက်…'

'ဝုန်း… အုန်း…'

www.burmeseclassic.com

www.burmeseclassic.com



'ရှီး… အုန်း…'

တစ်ညနေလုံး ပစ်သံခတ်သံတွေနဲ့ ဆူညံနေတာရယ်။ မကြာခင် နေဝင်တော့မယ်လေ။ ဒီလိုပဲ မူရဗ္ဗာဆိုတဲ့ ဂျပန်ဗိုလ်တစ်ယောက်ဟာလည်း ပျောက်ကွယ်သွားပြီပေါ့။

'ဒိုင်း… ဒက်… ဒက်…'

'ဝုန်း… အုန်း…'

နောက်ဆုံး ပစ်သံခတ်သံတွေ တိတ်ဆိတ်သွားလေရဲ့။ အရင်က ခံ့ခံ့ညားညားနဲ့ရှိခဲ့တဲ့ ဂျပန်တွေရဲ့အောင်မြေဟာ အခု ပြာပုံဘဝနဲ့ အင်္ဂလိပ်လက်အောက်ကို ပြန်ရောက်သွားတော့တာ။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ရွာလယ်လမ်းအတိုင်း ဖုန်လုံးတစ်လုံး လိမ့်လာတယ်။ တကယ်တော့ လူတစ်ယောက် ပြေးလာနေတာ ခြံစည်းရိုးနား ခေါင်းထွက်ကြည့်တဲ့လူတွေကိုလည်း ပြေးရင်းလွှားရင်း အော်သွားသေးတာ။

'ပြေးဟေ့… ပြေးဟ၊ ပြေးနိုင်မှလွတ်မယ်၊ အောင်သောင်းနဲ့ ဂျပန်တွေ ဒီဘက်ကိုလာနေပြီ'

'ဟယ်… ဂျပန်တဲ့တော်'

'အံမယ်လေး… ကိုယ်ကျိုးတော့နည်းပါပြီ'

'ဝါး… ဝါး…'

'ဝုတ်… ဝုတ်…'

တစ်ခဏအတွင်းမှာပဲ အေးချမ်းတဲ့ရွာလေးဟာ ကလေးငိုသံ၊ ခွေးဟောင်သံ၊ ပြေးသံလွှားသံတွေနဲ့ ဆူညံပြီး ရှုပ်ယှက်ခတ်နေတော့တာ။

သူကြီးလည်း ဆူညံနေတဲ့အသံတွေကြားလို့ အပြင်ထွက်ကြည့်ပြီး အနားကဖြတ်ပြေးတဲ့လူကို မေးတယ်။

'ဘာတွေဖြစ်နေကြတာလဲ'

'ဟာ… သူကြီးဖြစ်ပြီး ဒါလေးတောင် မသိဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



'အင်...'

'ဂျပန်တွေ ဒီဘက်ကိုလာနေပြီ၊ အောင်သောင်းလည်း ပါတယ်တဲ့၊ ကျွန်တော်တို့တော့ ပြေးပြီ'

'အီး...'

သူကြီးလည်း မျက်လုံးပါပြူးပြီး အိမ်ပေါ်ကို အတင်းပြေးတက်၊ နှစ်လုံးပြူးနဲ့ ကျည်ကတ်ကိုလွယ်ပြီး အောက်ပြန်ဆင်းလာတော့ မီးဖိုချောင်ထဲက မိနှင်းအေးက...

'အဖေ ဘာတွေဖြစ်နေတာလဲဟင်'

'သမီး အခြေအနေမကောင်းဘူး၊ ဒီဘက်ကို ဂျပန်တွေလာကြပြီတဲ့၊ ကဲ... လာ ပြေးကြမယ်၊ အဖေတို့ပဲ ကျန်တယ်'

ပြောလည်း ပြော၊ မိနှင်းအေးကို လက်ဆွဲပြီး ပြေးသွားတော့တာ။ ရွာဘက်ကနေ တောစပ်နဲ့ ထန်းတောကြားကို လူတွေ အုပ်လိုက်ကြီးရောက်ချလာတော့ ဦးညိုကြီးလည်း မျက်လုံးပြူးသွားပြီး...

'ဘာတွေဖြစ်နေတာလဲ'

'ဟောဟဲ... ဟောဟဲ... ရွာ... ရွာထဲကို ဂျပန်တွေ ဝင်လာကုန်ပြီတဲ့'

'ဟာ...'

'ဟယ်... တကယ်...'

အကုန် ပျာပျာသလဲဖြစ်ကုန်တယ်။ ပေတိုးလည်း ယောက်မကြီးပစ်ချပြီး မှုန်နေအောင်ပြေးတော့ မင်းမောင်လည်း ထန်းတည်တောက်ကြီး ဝှမ်ခနဲပစ်ချကာ ပြေးလိုက်သွားတယ်။ အောင်သင်းတို့ကတော့ အေးဆေးပဲ။ သောက်လိုက် စားလိုက်နဲ့ အံ... မိကျနေတာရယ်။ ဟိုနှစ်ယောက်က မောကြီးပန်းကြီးနဲ့ ရောက်လာပြီး...



www.burmeseclassic.com

www.burmeseclassic.com



'ကိုကြီးအောင်သင်း… ဂျပန်တွေလာကုန်ပြီတဲ့၊ အမကြီး… မောလိုက်တာ'

'ဟင်… ဟုတ်လား'

'ဟာ… လုပ်ကြပြ'

မျက်လုံးပါပြူးပြီး အမူးပါပြေကုန်တာရယ်။ ဝှက်ထားတဲ့ လက်နက်နဲ့ အဝတ်အစားတွေကိုယူပြီး ပြင်ကြဆင်ကြနဲ့ ပျာယာကို ခတ်လို့။

'ကဲ… ဒီရွာကထမင်းကို စားထားမှတော့ ကာကွယ်ပေး ရမယ့်တာဝန် ရှိတယ်၊ ကြာဖြူနဲ့ လေးယောက်လိုက်သွား၊ ရွာထိပ် ကနေ ကာပစ်ထား'

'ဟုတ်ကဲ့…'

'ဒေဝ… နေခဲ့၊ ငါ ဟိုကို အကူလှမ်းခေါ်မှ ရမယ်'

ကြာဖြူတို့ငါးယောက် ရွာနားရောက်လာတော့ အတန်းလိုက် ကြီးပြေးလာတဲ့ လူတန်းကြီးကိုတွေ့ရပြီး ဟိုးနောက်တော်တော် ဝေးဝေးမှာ သူကြီးတို့သားအဖကို တွေ့ရတယ်။ သူကြီးကို အထင် ကြီးသွားကြတယ်။ ဟုတ်တယ်လေ။ ရွာသူရွာသားတွေ ကုန်မှ နောက်ဆုံးကနေ လိုက်လာတာကိုး။ ဒါနဲ့ ကြာဖြူက သူကြီးတို့အနား ရောက်လာတဲ့အထိ စောင့်ပြီး…

'ဟာ… လေးစားတယ်ဗျာ၊ လူကြီးပီသတယ်၊ နောက်ဆုံး ကနေ အခြေအနေကြည့်ပြီး လိုက်လာတာကိုး၊ ကောင်းတယ်၊ ဒါနဲ့ ဂျပန်တွေ ဘယ်နားရောက်လာပြီတုန်း'

'ဟာ… ဘယ်သိမတုန်းဟ၊ ငါလည်း ခြံပြင်ထွက်… ရွာထဲ လူတောင်သိပ်မကျန်တော့ဘူး၊ ဒါနဲ့ သမီးကိုခေါ်ပြီး အမြန် လိုက်ပြေးလာတာ တော်သေးတာပေါ့'

'ဗျာ… ဟာ…'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… မဗျာကြနဲ့လေ၊ နောက်ဂကကစ်ပါလာရင် သေပြီ၊ ငါသေရင် သူကြီးမျိုးရိုးပါ ပြုတ်သွားမယ်၊ တော်သေးတာပေါ့၊ ဟူး… မောလိုက်တာ'

'ဟွာ…'

မျက်လုံးပြူးကြီးနဲ့ ပြောတော့ အကုန်အံ့သြကုန်ကြတာ ရယ်။ သူကြီးက ဆက်ပြီး…

'မဟွာကြနဲ့လေ၊ တစ်ယောက်နဲ့ အများဘယ်လိုလုပ်ပိုင် မတုန်း၊ ပြီးတော့ ဟိုကောင် အောင်သောင်းကလည်း ငါနဲ့တည့်တာ ရယ် မဟုတ်ဘူး၊ တော်ကြာ သူ့ပထွေးတွေနဲ့ သတ်ခိုင်းနေဦးမယ်' တဲ့။

ဘာမှလည်း မမေးချင်။ ဘာကိုမှလည်း မပြောချင်တော့ တာနဲ့ ရွာအရှေ့ဖျားပိုင်းကို ပြေးသွားတော့တယ်။

* * *

ရွာထိပ်ကနေ အသင့်ပြင်ပြီး စောင့်နေကြတယ်။ ခပ်လှမ်း လှမ်း ကွင်းထီးပြောင်ကြီးမှာ အလန့်တကြားနဲ့ ပြေးလာနေတဲ့ ဂျပန် တွေကို တွေ့ရတယ်။

'ဝုန်း… အုန်း…'

'အား… အီး…'

ရာကျော်နဲ့ ဝေမိုး စိန်ပြောင်းနဲ့ပစ်လိုက်တာ ကြားထဲကျပြီး ထားခနဲ လွင့်ကုန်တယ်။ ချက်ချင်း လူစုခွဲပြီး ပြန်ပစ်ကြတယ်။ ဒါပေမဲ့ ကာဗာအပိုင်ယူထားတော့ အရာမရောက်ဘူး။

'ဒက်… ဒိုင်း…'

'ရှိူး… ဝုန်း…'

စိန်ပြောင်းဒဏ်အောက်မှာ ကားခနဲ ကားခနဲ လွင့်ကုန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အနားက သစ်ပင်တွေကြားရောက်တဲ့သူက ရောက်၊ သေတဲ့သူက သေနဲ့ ဆူညံပွက်လောရိုက်နေကြတာရယ်။

'ဒက်… ဒက်… ဒက်…'

'ဖောက်… ဖောက်… ရှီး…'

ပေတိုးကလည်း ဘယ်ဘက်ထိပ်ကနေ စက်လတ်နဲ့ပစ်နေတာ အနီမှဲ့လျှောလေးကို အမြင့်ဘက်ကနေ အပိုင်ပစ်နေတော့ အပေါ် ပြေးတက်လာတဲ့ဟာတွေလည်း အပင်ပန်းခံပြီး ပြန်ပစ်မနေတော့၊ တောင်ပံ့ယာပုံ အပုံလိုက်လိုက်လေးတွေ သေနေကြတာရယ်။

ကြာဖြူ သစ်ပင်တွေကြားရောက်သွားတုန်း စကားပြန် အောင်သောင်းနဲ့ တန်းတိုးတော့ နှစ်ယောက်သား သူချိန်ကိုယ်ချိန် ပြိုင်တူချိန်ထားကြတယ်။

'ညွှင်း… ဟင်း… ဟင်း… ကဲ… မင်း သေနတ်ချ လိုက်'

'အံမာ… ဘာလို့ချရမှာလဲ၊ မင်းချ'

'ဟင်း… ဟင်း… မကြောက်ပါနဲ့၊ အဲလေ… ကဲ… ဒီတော့ ဒီလိုလုပ်၊ နှစ်ယောက်လုံး သေနတ်ချပြီး ဖိုက်ကြတယ်၊'

'ဟာ… ကောင်းတယ်'

'ကဲ… ဝမ်း… တူး… သရီး…'

'ဖုတ်…'

'ကဲ… ချလိုက်ပြီ၊ ဟင်း… ဟင်း… ဟာ… မင်းချ လေ'

'အဟဲ… မင်းချလိုက်မှတော့ ငါပစ်ပြီပေါ့ဟ ငေါ့… ကဲ…'

'ဒိုင်း…'

'အီး…'



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ပဲ အောင်သောင်း လဲကျသွားလေတယ်။ ဟုတ်တယ်လေ။ နှစ်ယောက်သား သေနတ်တွေရှိကြရဲ့သားနဲ့ ထိုးဟယ် ကြိတ်ဟယ်နဲ့ ကြာတယ်။ ကဲ… အခု ပြီးရောပေါ့။

'ဟာ… လာပြန်ပြီတစ်ယောက်'

'ဟွန်း… ယားယိစ်'

သူက တစ်မျိုးရယ်။ ဂျပန်ဗိုလ်လေး သေနတ်ကိုပစ်ချလိုက်ပြီး ခါးကဓားကိုဆွဲထုတ်ကာ ဟန်ရေးပြပြီးတော့ အံ့ညပြီးကြည့်နေတုန်း ရှပ်တည်နဲ့ကြည့်ပြီး ဗမာလိုမပီကလာနဲ့…

'ယားယိစ်…'

'ဘာလုပ်မှာလဲဟင်'

'သေသေချာချာ ကြည့်ထား၊ ဒါက ကင်ဒိုဓားသိုင်း'

'ကျား… ယား…'

'ဝှစ်… ဗိုး… ဟူး…'

'ဟင်… ရှပ်ယှက်ကိုခုတ်နေတာပဲ'

'ဒါက ဆာမူရိုင်းဓားကွက်'

'ယိစ်…'

'ဝှစ်… ဝစ်… ဆွစ်…'

'ဟင်… အိပ်ချင်လာပြီ၊ မျက်စိကိုနှောက်နေတာပဲ၊ ဗွား…'

'ဒါက ငါ နှောက်ဆုံးသင်ထားတဲ့ နင်ဂျာသိုင်း'

'ဟိုက်… ယိစ်…'

'ဝီး… ဝစ်…'

ကြာတော့ မျက်လုံးပါစင်းပြီး အိပ်ပါငိုက်လာတာ ဒါနဲ့ စိတ်ဆိုးပြီး အော်ပြောလိုက်တယ်။

'မသာ… ခုတ်ချင် ဒီကိုလာလေ၊ မျက်စိ နှောက်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… နာက ဆော့ပဲ ဆော့တတ်တာ၊ တကယ်ခုတ်တတ်ဘူးဟ'

'ဟာ… အင်းဟာ…'

'ဒိုင်း…'

'အီး… ခွေးသူခိုးရဲ့ ပစ်မယ့်ပစ်တော့လည်း အစောကြီးကတည်းက ပစ်ပါလားဟ၊ ဒီမှာ မောနေမှ'

ဆဲပြီးမှ လဲကျသွားတော့တာ။ ဟိုဘက်က ဝေမိုးနဲ့ ရာကျော်တို့ရဲ့ စိန်ပြောင်းဒုဏ်နဲ့ ကျွမ်းထဲ ဘယ်သူမှ ခေါင်းမဖော်နိုင်ကြဘူး။ ဒါနဲ့ သဘောအကြီးအကျယ်ကျနေကြတာရယ်။

'ဟား… ဟား… သေစမ်း'

'ရှီး… ဝုန်း…'

'ဟီး… ဟီး… သေကြစမ်း'

'ရှီး… အုန်း…'

'ဟား… ဟား… မှတ်ပြီလားကွ'

'သေစမ်း'

'ဟင်… ရှီး….'

'ဟိုက်… ပြေး…'

'အုန်း… ဥမ်း…'

သဘောအကျကြီးကျပြီး အဆံထည့်လိုက်တာ ခလုတ်ကိုလက်နဲ့ထိပြီး အပေါ်တည့်တည့်ထောင်ကာ အဆံက တည့်တည့်ပြန်ကျလာတာနဲ့ မှန်နေအောင်ပြေးရတော့တာ။ စိန်ပြောင်းလည်း သူ့အဆံ သူပြန်မှန်ပြီး ရှာပါမတွေ့တော့ဘူး။

'ဒက်… ဒက်…'

'ဒိုင်း… ရှီး…'

လက်နက်ကြီးပစ်အားမရှိတော့တာနဲ့ပဲ တဖြည်းဖြည်း သူတို့



www.burmeseclassic.com

www.burmeseclassic.com



ကို ဝိုင်းမိလာတယ်။ ဒီအချိန်မှာပဲ ဒေဝနဲ့ အောင်သင်းပါ ရောက်လာပြီး ဝိုင်းပစ်ကြတယ်။

'တောင့်ထားကွ… ငါစစ်ကူခေါ်ထားတယ်'

ဟိုက လူများပြီး ပစ်အားများတော့ ကြာကြာမခံနိုင်ဘူး။ ခြေထောက်ထိတဲ့သူနဲ့၊ လက်ထိတဲ့သူ ထိနဲ့ လူပေါက်စေ့ ဒဏ်ရာဗရပွနဲ့လေ၊ တဖြည်းဖြည်း တစ်ယောက်မှ မလှုပ်နိုင်တော့။ ဂျပန်တွေကလည်း ဝိုင်းရင်း နီးလာပြီ။

'ဝုန်း… ဒုန်း… ဝုန်း…'

'ဟား… ဟား… စစ်ကူလာပြီကွ'

ဂျပန်တွေအကုန်လုံး လွင့်ကုန်တယ်။ အောင်သင်းတအားရဝမ်းသာ ထအော်တယ်။ အော်မယ့်သာအော်တာ လူက ထနိုင်တော့ဘူးရယ်။

ကုလားစစ်သားတွေလည်း ရောက်လာရော ဂျပန်တွေလည်း အကုန်အတုံးအရုံးနဲ့ တောင်ပုံယာပုံကိုဖြစ်လို့။ အခြေအနေအေးဆေးကာမှ…

'ယား… တက်…'

'ဟင်… ဝပ်ကြ'

'ဒက်… ဒက်…'

သစ်ပင်တွေကြားကနေပြီး လူနှစ်ယောက်ထွက်လာကာ သေနေတဲ့ ဂျပန်တွေနဲ့ အနီးနားက ကုလားစစ်သားတွေရော သစ်ပင်တွေပါ အကုန်ဆွဲမွှေပြီး ကတ်လိုက်ဖြုတ်တော့ အကုန်ခေါင်းတောင်မဖော်ဘဲ ဝပ်နေကြတော့တာ။

'ဟား… ဟား… မှတ်ပြီလားကွ'

ရပ်သွားမှ ခေါင်းထောင်ကြည့်လိုက်တော့ တခြားလူတွေ

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ရိုးလား။ ရော့ဝဲလ်နဲ့ အဒူလာလေ။ အောင်သင်းက လဲရက်ကနေ…

'ဟာ… ဆာဂျင် မသေဘူး၊ ဒါဘာလုပ်တာလဲဟင်'

'ဟယ်… သူတို့က သေနေပြီလေ'

'ဩော်… ဟုတ်လား၊ အဒူလာ… မင်းပြောတော့ ကျန်သေးတယ်ဆို'

'အဟဲ… သိဘူးလေ၊ မျက်လုံးစုံမှိတ်ပြီး အတင်းဝင်ပစ်တာ ရှိလား မရှိလားတောင် မသိဘူး၊ အဟဲ…'

'ဘာကွ…'

'အင်းဟာ… သောက်သုံးကိုမကျဘူး'

'ဖုန်း…'

'ဟား… ဟား… ဟား…'

ရော့ဝဲလ်တို့ ဆရာတပည့်ကိုကြည့်ပြီး ရယ်လိုက်ကြတယ်။ ရယ်ရင်းနဲ့ပဲ မေ့သွားကြတော့တာ။ ခဏကြာတော့ ရော့ဝဲလ်နဲ့ စစ်ကူလာတဲ့ ဗိုလ်တစ်ယောက် စကားပြောနေကြတာရယ်။

❋ ❋ ❋

မြေကွက်လပ်ထဲမှာ စစ်သုံးရဟတ်ယာဉ်တစ်စင်း ရပ်ထားတယ်။ သူကြီးရယ်၊ ရပ်မိရပ်ဖလူကြီးတွေရယ်၊ နောက်ဆုံး ကလေးတွေရော ခွေးတွေရော စုံလို့။

ကြာဖြူက လက်နှစ်ဖက် ခြေထောက်နှစ်ဖက် ပတ်တီးတွေဖွေးလို့။ လှုပ်တောင် မလှုပ်နိုင်ဘူး။ ရီဝေစွာနဲ့ မိဝါကို စိုက်ကြည့်နေတယ်။ ဝေမိုးနဲ့ မင်းမောင်ကလည်း ဒီလိုပဲ ငုတ်တုတ်ကလေးတွေ။ မျက်လုံးကတော့ မယ်လှနဲ့ မိနှင်းအေးကို ကြေကွဲစွာကြည့်နေကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ထမင်းစင်ပေါ်က အောင်သင်းက ပက်လက်ကနေ သူကြီးနဲ့ ဦးညိုကြီးကို နှုတ်ဆက်နေတယ်။

'ကျေးဇူးတင်ပါတယ်၊ အခုလို ကျွေးမွေးစောင့်ရှောက်ထားတာ၊ နောက်ကြုံရင်လည်း ဝင်ခဲ့ပါ့မယ်'

'အို… မဟုတ်တာဘဲ၊ တကယ်တော့ ကျုပ်တို့ကသာ ကျေးဇူးပြန်တင်ရမှာ၊ တစ်ရွာလုံးကို မောင်ရင်တို့ ကယ်လိုက်တာလေ'

ဝမ်းနည်းစိတ်နဲ့ စကားတွေလည်း ရှာမရတော့ဘူး။ ဒါနဲ့ သူတို့ကို ရဟတ်ယာဉ်ပေါ် မ,တင်လိုက်ကြတယ်။ ပေတိုး၊ အောင်သင်း၊ ရာကျော်၊ ဒေဝ သူတို့လေးယောက်က ပက်လက်ကလေးတွေရယ်။

ကြာဖြူ ဝေမိုးနဲ့ မင်းမောင် သုံးယောက်က ထိုင်လို့တော့ ရတယ်။ နှုတ်ဆက်ဖို့ကတော့…

မိဝါ၊ မယ်လှနဲ့ မိနှင်းအေးတို့ သုံးယောက်လည်း ငိုမဲ့မဲ့လေးတွေဖြစ်လို့။ ကြာဖြူတို့ကလည်း အတင်းစိုက်ကြည့်နေကြတယ်။ ဒါနဲ့ သုံးယောက်သား ရဟတ်ယာဉ်ဘေးကပ်လာပြီး မိဝါက…

'အစ်ကို ပြန်လာတာကို စောင့်နေမယ်နော်၊ အဟင့်…'

'အင်း…'

'သူတို့လည်း အဟင့်… အတူတူပဲ'

'ဟင်…'

'တကယ်'

ဝေမိုးနဲ့ မင်းမောင်လည်း အသံထွက်လာတယ်။ သုံးယောက်သား မျှော်လင့်ချက်မျက်လုံးလေးတွေ အရောင်တောက်နေကြတယ်။

'ကဲ… သွားမယ်နော်'

'အဟင့်… အင်း… ပြန်လာခဲ့နော်'



www.burmeseclassic.com

www.burmeseclassic.com



'ထပ်… ထပ်… ထပ်…'

'ဝိုး… ဝိုး… ဝိုး…'

နောက်ဆုံး ပန်ကာသံနဲ့အတူ အင်ဂျင်သံပါထွက်လာပြီး အပေါ်ကိုကြွတက်သွားတယ်။ အောက်ကလူတွေက လက်ဖွေ့ယမ်းပြီး နှုတ်ဆက်ကြတယ်။ ကောင်မလေးသုံးယောက်ကတော့ ငိုလို့ပေါ့။ ကြာဖြူ မျက်ရည်ဝေ့လာတယ်။ ဘေးနားက နှစ်ယောက်ကလည်း ဒီအတိုင်းပဲ။ မိဝါမျက်နှာလေးကို မြင်ယောင်ပြီး မျက်ရည်ကြားက ခေါင်းမော့ပြီး မပီမပြင်ပြုံးတယ်။ ဒါကြေကွဲပြုံးပေါ့။

လူတွေကတဖြည်းဖြည်းသေးပြီး ရွာလေးကလည်း တဖြည်းဖြည်း ဝေးကျန်ခဲ့တယ်လေ။ နောက်ဆုံးတော့ အရာအားလုံးဟာ အဝေးဆုံးမှာ ကျန်ခဲ့တာပေါ့။

ကိုကိုး



www.burmeseclassic.com